# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၉)ရက် ၊ အင်္ဂါနေ့ ၊ (20-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဆိုင်ရာများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ တာဝန်စတင်ထမ်းဆောင်ချိန်မှစတင်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# မိုးရာသီတွင်ဖြစ်ပွားတတ်သောရောဂါများ သတိပြုကာကွယ်ပါ

မြန်မာနိုင်ငံတွင် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီတို့ ရှိသည့်အနက် မိုးရာသီသည် ဇွန်လမှ အောက်တိုဘာလထိဖြစ်ပြီး မကြာမီ ရောက်ရှိတော့မည်ဖြစ်သည်။ မိုးရာသီကာလသည် လူကြီးလူငယ်များ၊ ကလေးများတွင် ကိုယ်ခံအားကျဆင်းတတ်ကာ ရောဂါများအလွယ်တကူ ကူးစက်နိုင်သောကြောင့် သတိပြုကာကွယ်ကြရမည် ဖြစ်သည်။

ယခုအခါ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဆက်လက် ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မြန်မာနိုင်ငံတိုင်းဒေသကြီးတချို့နှင့် ပြည်နယ်တချို့တို့တွင် မေ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနက ထုတ်ပြန်ထားသည်။ မုတ်သုံလေစတင်ဝင်ရောက်ပြီး မိုးရွာသွန်းခြင်းကြောင့် အပူချိန်မြင့်မားမှုဒဏ်မှ သက်သာသော်လည်း ပူနွေးစိုစွတ်သည့် ရာသီဥတုနှင့်ပတ်ဝန်းကျင်အခြေအနေတို့သည် ရောဂါပိုးမွှားများပေါက်ပွားနိုင်ပြီး ကူးစက်ရောဂါများကို ဖြစ်ပေါ်နိုင်စေသည်။

ပူနွေးစိုစွတ်သော ရာသီဥတုဖြစ်သည့် မိုးကာလတွင် အဓိကဖြစ်ပွားတတ်သော ရောဂါများမှာ ခြင်၊ ယင်တို့မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများနှင့် ကျန်းမာရေးနှင့်မညီညွတ်သော ပတ်ဝန်းကျင်ကြောင့်ဖြစ်သည့် ကူးစက်ရောဂါများဖြစ်သည်။ ထိုကူးစက်ရောဂါများမှာ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါတို့ဖြစ်သည်။

မိုးကာလတွင်ဖြစ်ပွားတတ်သော ရောဂါအများစုသည် လူတို့၏ကိုယ်ခံစွမ်းအားလျော့နည်းခြင်းကြောင့်ဖြစ်သည်။ လေထုအတွင်း အစိုဓာတ်လွန်ကဲခြင်းကြောင့် ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် ဖျားနာခြင်းတို့ကို ခံစားရနိုင်သည်။ မိုးကာလတွင် ကိုယ်ခံအားစနစ်ကြံ့ခိုင်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ဦးစားပေးစားသုံးပေးရန် အရေးကြီးလှပေသည်။ မိုးရာသီတွင် ပြင်ပအစားအစာများကိုရှောင်ကြဉ်ပြီး လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ထားသော အသီးအရွက်များ၊ ထမင်းဟင်းများကို ပူပူနွေးနွေးစားသုံးကြရမည်ဖြစ်သည်။ အစားအစာများကို မချက်ပြုတ်မီ၊ ချက်ပြုတ်နေစဉ်နှင့် ချက်ပြုတ်ပြီးလျှင် သေချာစွာဖုံးအုပ်ထားရမည်ဖြစ်ပြီး ယင်နားစာများ၊ အမှည့်လွန်သော အသီးများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

ထို့ပြင် ဖြည့်စွက်ဗီတာမင်စီနှင့် ဗီတာမင်ဒီ လုံလောက်ရန်လိုအပ်သည်။ ဗီတာမင်စီသည် ရောဂါပိုးများကို ကာကွယ်ရန်နှင့် ကိုယ်ခံအားမြှင့်တင်ပေးရန် အကောင်းဆုံးဖြစ်ပြီး သာမန်အအေးမိချောင်းဆိုးခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားမှုကို တားဆီးပေးရန် အကောင်းဆုံးဖြစ်ပေသည်။

သို့ဖြစ်ရာ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုထားရာ လူတိုင်းလူတိုင်း မိုးတွင်းကာလတွင် ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အူရောင်ငန်းဖျား စသည့်ရောဂါတို့ မဖြစ်ပွားစေရန် ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်များကိုလိုက်နာကာ သတိပြုနေထိုင်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# တမူးခရိုင်တွင် မြေထောက်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၂၂ တင်းထွက်ရှိ



တမူး မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေထောက်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၂ တင်း ထွက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၅၂၁၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေထောက်ပဲစိုက်ခင်းများကို ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးဖြစ်ကြောင်း သိရသည်။

"တမူးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေထောက်ပဲ ၅၂၁၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေထောက်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့တယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မြေထောက်ပဲ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၀၅၀ ဧက၊ တမူးမြို့နယ်တွင် ၃၁၅၇ ဧကနှင့် ခါမ်းပါတ်မြို့နယ်တွင် ၁၀၁၂ ဧက စုစုပေါင်း ၅၂၁၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေထောက်ပဲ စိုက်တောင်သူများကို စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်

သဲကုန်း မေ ၁၉

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ကုန်းကျေးရွာအုပ်စု ကရင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးရန်ရှင်းအောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်း ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီ ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ခဲ့သည်။

သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကျားကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လက ကျားကဏန်းပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကျားဂဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကျားကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်း ပိဿာချိန်များများတင်ပို့ ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ကျားကဏန်းတွေကလဲ လတ်ဆတ်မှုနဲ့အလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ ဒီဘက်က ကျားကဏန်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှတင်ပို့ရောင်းချခဲ့သည့် ကျားကဏန်း အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ မှ ၃၃၅၀၀ ထိ အရွယ်အစားပေါ် မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါကျားကဏန်းများ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အဝေးရောက်မင်း ဦးအောင်ကြီးနှင့် သူ၏ မဲဇာတောင်ခြေဋီကာ

ပြေပြအေးသက်

အင်းဝ ကုန်းဘောင်ရာဇဝင်တွင် ဦးအောင်ကြီး အမည်နှင့် ထင်ရှားသူ နှစ်ဦးရှိရာ အင်းဝခေတ်တွင် တစ်ဦးနှင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တစ်ဦး တို့ဖြစ်သည်။ အင်းဝခေတ်က တစ်ဦးသည် ထင်ရှားကျော်ကြားသည့် အဝမြို့ဘွဲ့ ၁၂ ရာသီ လူးတားကို ရေးဖွဲ့ခဲ့သည့် ဆီသည်ရွာစားဖြစ်ပြီး ကုန်းဘောင်ခေတ်နှောင်းပိုင်းက တစ်ဦးသည် အဝေးရောက်အရာကို အမှုထမ်း၍ စာပေများရေးဖွဲ့ခဲ့သူ အဝေးရောက်မင်း ဦးအောင်ကြီးဆိုသူဖြစ်သည်။ ထိုသူကား သီပေါမင်းအတွက် ရည်းစားစာရေးပေးရသူဖြစ်၍ ခေတ်စမ်းစာရေးဆရာ သိပ္ပံမောင်ဝနှင့် တွေ့ဆုံကာ အင်တာဗျူးခံခဲ့သူလည်းဖြစ်သည့်ပြင် မြန်မာ့အသံပေါ်စဦးတွင် ရတု၊ ရကန်အစရှိသည့် ကဗျာများကို ရွတ်ဖတ်အသံသွင်းခဲ့ရသူဖြစ်သည်။ သူသည်ကား မင်းတုန်းမင်းနှင့်သီပေါမင်းကို စာတော်ဖတ်ခဲ့ရသူလည်း ဖြစ်ပေသည်။ ထို့ပြင် မဲဇာတောင်ခြေဋီကာကိုလည်း ပြုစုခဲ့သူဖြစ်သည်။

**စာတော်ဖတ်ဦးအောင်ကြီး**

အမရပူရမြို့၌ အဖ ဦးမှတ်၊ အမိ ဒေါ်စံပယ်တို့က ၁၈၅၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် မွေးဖွားသည်။ အဖမှာ စကု၊ စလင်း၊ ကျပင်၊ လယ်ကိုင်း လေးမြို့ဆိုင်ရာ စာရေးကြီးဖြစ်ပြီး ရွှေဘိုအနီး ထနောင်းဝန်းရွာသူကြီးမျိုးရိုးဖြစ်သည်။ ဦးအောင်ကြီးမှာ တစ်ဦးတည်းသောသားဖြစ်ပြီး ခုနစ်နှစ်သားအရွယ်တွင် အမရပူရ မင်းတဲကျောင်းတိုက် မင်းတုန်းမင်း ဆရာတော်နှင့် ရွှေပြည်ဆရာတော်ကြီး ဦးပညာဇာတို့ထံတွင် သဒ္ဒါရုစ်စောင်၊ ဋီကာကျော် အဘိဓာန်ကျမ်းများကို ဆည်းပူးခဲ့သည်။ ၁၅ နှစ်သားတွင် သာမဏေဝတ်၍ ပညာများဆက်လက်သင်ယူကာ ၁၇ နှစ်သားတွင် ရှင်လိင်ပြန်သည်။ လွှတ်တော်စာရေးကြီး ဦးမှုံထံတွင် ဆကာရန္တ၊ ကဗျာသာရတ္ထ၊ စွယ်စုံကျော်ထင်သတ်ပုံ၊ အတွက်အချက်နှင့် စာစီစာကုံးများကို ခြောက်လကြာမျှသင်ယူရပြန်သည်။ ထို့နောက် စာရေးစာမေးပွဲဝင်ရောက်ဖြေဆိုရာ အောင်မြင်ခဲ့သဖြင့် ကင်းဝန်မင်းကြီးက စာရေးကြီး ဦးမှုံထံမှ ခေါ်ယူခဲ့သည်။ ထို့နောက်ပျို့ကဗျာ လင်္ကာများ၊ စတုဓမ္မသာရကိုးခန်းပျို့၊ နေမိဘုံခန်းပျို့၊ ဘူရိဒတ်လင်္ကာကြီး၊ ဆုတောင်းခန်းပျို့ စသည်တို့ကို ဆက်လက်လေ့လာစေသည်။ ကဗျာလင်္ကာများ အတော်အတန် ကျွမ်းကျင်လာသောအခါ နားခံတော် ပြေ့ကြီးမှူး ဦးဘိုးထံတွင် လေးချိုး၊ ချောင်း၊ ရတု၊ ရကန်၊ လူးတားများကို သင်ယူရပြန်သည်။ ထို့နောက် မင်းတုန်းမင်းတရားကြီးထံ စာတော်ဖတ်အဖြစ် အမှုထမ်းရသည်။ သီပေါမင်းလက်ထက်တွင်လည်း စာတော်ဖတ်အဖြစ်ဆက်လက်၍ အမှုတော်ကို ထမ်းရသည်။ သီပေါမင်းနှင့် ငယ်စဉ်ကပင် သိကျွမ်းခဲ့သူဖြစ်ရာ မကြာမီအဝေးရောက်မင်းအဖြစ် တိုးမြှင့်သူကောင်းပြုခံရကာ နေမျိုးဇေယျကျော်ထင်ဘွဲ့နှင့် နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့တို့ကို ရရှိခဲ့သည်။

**အဝေးရောက်ဆိုတာ**

မန္တလေးမှအပ နယ်တွင်ရှိသော ရုံးပေါင်း ၅၂ ရုံးမှ နန်းတွင်းသို့ပို့ပေးသော စာအားလုံး အဝေးရောက်မင်းဆီသို့ရောက်ရကာ ထိုစာများကိုဖတ်၍ ရှင်ဘုရင်ထံဆက်သင့်သည်ကို ဆက်သ၊ လွှတ်တော်သို့ ပို့သင့်သည်ကိုပို့၊ ဆိုင်ရာဝန်မင်းများထံပေးသင့်သည်ကိုပေး စသည့်အမှုများ ဆောင်ရွက်ရသည်။ ထို့ပြင် မပို့သင့်သောစာများကိုမူ ဖျောက်ဖျက်ပစ်ရသည်။ ဤသို့ အဝေးမှရောက်လာသော စာအားလုံးကို ကြည့်ရှု၍ သက်ဆိုင်ရာသို့ ပေးပို့ရသည့်အတွက် အဝေးရောက်မင်းဟုခေါ်ကြောင်း သိရသည်။ ဦးအောင်ကြီး စာတော်ဖတ်အမှုတော် စတင်ထမ်းဆောင်ချိန်တွင် လစာမှာ စာရေးလစာ ၃၀ ကျပ်နှင့် စာတော်ဖတ် လစာ ၃၀ ကျပ်ဖြစ်ပြီး နှစ်ရပ်ပေါင်း ၆၀ ကျပ်ရခဲ့သည်။ အဝေးရောက်မင်း တာဝန်ထမ်းဆောင်ချိန်တွင် လစာ ၅၀ ကျပ်သာ ရသဖြင့် ရာထူးတက်သော်လည်း လစာမှာ ၁၀ ကျပ် လျော့သွားသည်။ သို့သော်လည်း လက်ဆောင်ပဏ္ဏာ ရရှိမှုများရှိသဖြင့် သံတော်ဆင့်အဖြစ် ရာထူးတိုးမြှင့်ပေးသော်လည်း ရယူခြင်းမရှိတော့ပေဟု သိရသည်။

**ပါတော်မူပြီးနောက်**

သီပေါမင်း ပါတော်မူပြီးနောက် စလေဒင်နှင့်အတူ ရှမ်းပြည်နယ် နယ်ခြားဒေသများသို့ ခြောက်လကြာမျှ လိုက်ပါ အမှုထမ်းခဲ့သည်။ ထို့နောက် အင်္ဂလိပ်အစိုးရလက်အောက်တွင် အမှုထမ်းလိုစိတ် မရှိသောကြောင့် ရွှေဘိုသို့ ပြန်လာခဲ့သည်။ အဝေးရောက်မင်းဘဝက ဝယ်ထားခဲ့သော လယ်ယာများကို အမှီပြု စားသောက်နေထိုင်ခဲ့သည်။ ရတနာဂီရိသို့သွားရောက်၍ အရှင်သီပေါမင်းတရားထံ ရှေ့တော်ဝင် ခစားခဲ့သည်။ ၁၉၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန် သရစိမ်း စံအိမ်တော်၌ ကျင်းပသော ပျဉ်းမနား ကိုယ်တော်မြတ်ဘုရားနှင့် ကောလင်းစုဘုရားတို့ လက်ထပ်မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်၍ သတို့သားနှင့် သတို့သမီးအတွက် တေးထပ်များ ရေးစပ်လက်ဖွဲ့ခဲ့သည်။

**နဝမမြောက်ဂျီစီဘီအေ အစည်းအဝေး**

၁၉၂၁ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၄ ရက်ထိ မန္တလေးမြို့တွင် ကျင်းပခဲ့သည့် ဂျီစီဘီအေ နဝမအကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အစည်းအဝေးသို့ တက်ရောက်ကာ ကိုယ်တိုင်သီကုံးသည့် ဩဘာရတုပိုဒ်စုံကို ဖတ်ကြားခဲ့သည်။ (၁၈) ကြိမ်မြောက် အမျိုးသားနေ့ အခါသမယတွင်လည်း အမျိုးသားနေ့ထူးအကြောင်းကို "အမျိုးသား ပြက္ခဒိန် ရတုပိုဒ်စုံ" ရေး၍ ချီးကျူးဂုဏ်ပြုခဲ့သည်။ ဇာတိသွေး၊ ဇာတိမာန်နှင့် ရဲသွေးရဲမာန် စွမ်းအင်သတ္တိ ရဲသွေးညီရန်လိုလားပုံ၊ မြန်မာ့ခေတ် မြန်မာ့စနစ်ဖြင့် ဒေါင်းအလံလွှင့်ထူလိုပုံ၊ ဘာသာ သာသနာ ပညာ တိုးတက်ရေးလိုလားတောင့်တပုံများကို ဖွင့်ထုတ်ပြထားသည်။ ၁၉၃၂ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် မြန်မာနိုင်ငံကို အိန္ဒိယနှင့် ခွဲရေးတွဲရေး ကိစ္စတွင် ရစ်ဆယ်ကျော် အရွယ် ရှိလင့်ကစား ဇာတိသွေး ဇာတိမာန် တက်ကြွစွာဖြင့် ခွဲရေးဘက်မှ အပြတ်ရပ်တည်ပြခဲ့သည်။

**စာကဗျာတွေ**

အဝေးရောက်မင်းသည် ကဗျာလင်္ကာ အချို့ကိုလည်း ရေးဖွဲ့ခဲ့သည်။ 'စုဖုရားလတ်အတွက် အလွမ်းကဗျာ'၊ 'တောပု ဘုရားပွဲသွား တေးထပ်'၊ 'သီလရှင် နှစ်ပါးဘွဲ့ လေးဆစ်ကဗျာ' စသဖြင့် တွေ့ရှိရသည်။ ၎င်းကဗျာများတွင် အဓိပ္ပာယ်၊ ယုတ္တိနှင့်တကွ ကာရန်နဘေများမှာ လွန်စွာသုတိသာယာရှိကြောင်း အကဲဖြတ်ခဲ့ကြသည်။ ထို့ပြင် လူ့အဖွဲ့အစည်း၊ လူ့ပတ်ဝန်းကျင်တွင် ပုထုဇဉ်ပီပီ လူ့ပြည်မှာ အနေရဲခိုက် အပျော်သဘောနှင့် စာချိုးများလည်း ရေးဖွဲ့တတ်သည်။ မေဃဂီရိရပ်သူ ဒေါ်ဆုတ်ကို မထိတထိ ရေးဖွဲ့ခဲ့သည့် စာချိုး၊ စဉ့်ကူးမြို့ သမာဓိမြို့ဝန် ဦးဘိုဇနီးမောင်နှံအကြောင်းကို ဟာသသဘော နှောရေးသည့် စာချိုးတို့မှာ အထင်ကရပြယုဂ်များပင်ဖြစ်သည်။

> ❖ အဝေးရောက်မင်းသည် သီချင်းကြီး၊ သီချင်းခံ၊ အဲ၊ အန်၊ လူးတား စသည့်တေးကဗျာများ၏ အမှန်အကန် ရွတ်ဖတ်နည်း၊ ဆိုနည်းတို့ကိုလည်းကောင်း၊ အဓိပ္ပာယ်ကောက်ယူပုံတို့ကိုလည်းကောင်း လွန်စွာပိုင်နိုင်သူ တစ်ဦးဖြစ်သည်။ မြန်မာပြည်အရပ်ရပ်မှ မြန်မာစာပေ ပညာရှင်များ၊ သုတေသီများ၊ ဂီတပညာရှင်များက အဝေးရောက်မင်းထံ လာရောက်ဆည်းပူးကြသည်။ မြန်မာနိုင်ငံ သုတေသနအသင်းကလည်း ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလတွင် အဝေးရောက်မင်းကို ရန်ကုန်သို့ပင့်၍ ရတု၊ ရကန်၊ အန်ချင်း၊ လူးတား၊ မော်ကွန်း၊ လေးချိုးကြီး၊ တောလား၊ အိုင်ချင်း၊ အဲချင်း၊ ချောင်း၊ သာချင်းတို့၏ မူမှန်သီဆို ရွတ်ဖတ်နည်းတို့ကို ဓာတ်ပြားသွင်းယူမှတ်တမ်းတင်ခဲ့သည်။ ❖

**မဲဇာတောင်ခြေဋီကာ**

အဝေးရောက်မင်း ပြုစုသည့် "မဲဇာတောင်ခြေဋီကာ" ကို မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ် နယုန်လတွင် ရွှေဘိုမြို့ မင်းရပ် ကုန်းဘောင်သူရိန် စာပုံနှိပ်တိုက်က ပထမအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ မူပိုင်ရှင်မှာ ရွှေဘို၊ မင်းရပ်၊ ကံထရိုက် ဦးကြီးမောင်ဟု ဖော်ပြထားပြီး တစ်အုပ် အဖိုး ရှစ်ပဲ ဖြစ်သည်။ မဲဇာတောင်ခြေရတုနှင့် စပ်လျဉ်း၍ အယူအဆ၊ ဝါဒ၊ မညီညွတ်ချက်ချော်၊ တိမ်းပါးလျက် အမျိုးမျိုးအစားစား ပြောကြားရေးမှတ်ခြင်းများ အဆုံးမသတ်နိုင်အောင် ရှိနေပြီး အဖြေ အဖြောင့် စကား ရေးသားပါရန် တောင်းပန်တိုက်တွန်းကြသောကြောင့် ရေးသားရကြောင်း နိဒါန်းတွင် ဖော်ပြထားသည်။ တစ်ဆက်တည်းပင် ရေးခေတ်သမယက အလွန်အထက်တန်းကျခဲ့၍ ယခုသမယ၌ နိမ့်ကျလျက်ရှိနေသော မြန်မာစာပေ ပညာကို အားပေးချီးမြှောက်၍ အထက်သို့ ရောက်စေလိုသည်က တစ်ကြောင်း၊ မြန်မာစာပေမှု၌ နုလှသေးသော အမျိုးသား၊ အမျိုးသမီးကလေးတို့၏ ဉာဏ်ရည်ဉာဏ်သွေးကို ဖွံ့ထွားကြီးပြင်း ရင့်သန်ခြင်းသို့ ရောက်စေလိုလှသည်က တစ်ကြောင်း၊ ရတုကဗျာလင်္ကာ မြန်မာစာပေ ပညာသည် မည်မျှလောက် ဂုဏ်သတင်းကိုဆောင်၍ မိမိဂုဏ်ကို ထွန်းပြောင်စေနိုင်သည်ကို သိစေလိုသည်က တစ်ကြောင်းစသည့် အကြောင်းများကြောင့် "မဲဇာတောင်ခြေရတု"၏ အဖြေစာသွားကို နုငယ်သော အမျိုးသား၊ အမျိုးသမီးကလေးများ၏ စိတ်ထားသဘောဓာတ်နှင့် လျောက်ပတ်သင့်တင့်အောင် ကြံဆောင်၍ ရေးသားရခြင်းဖြစ်လေသည်ဟူ၍ စေတနာကို ဖွင့်ဟထားခဲ့သည်။

**မဲဇာတောင်ခြေဋီကာဂယက်**

မဲဇာတောင်ခြေ ဋီကာသည် အဝေးရောက်မင်း၏ ကိုယ်ပိုင် အတ္တနောမတိဖြင့် ထိထိမိမိ တင်ပြထားသောစာဖြစ်၏။ ထိုစဉ်က အဝေးရောက်မင်းနှင့် သဘောမတူညီကြသော ပညာရှင်များ၏ ဝိဝါဒအမျိုးမျိုးလည်း ပေါ်ပေါက်ခဲ့သည်။ ၁၉၃၄ ခု အောက်တိုဘာ တိုးတက်ရေးမဂ္ဂဇင်းမှ စတင်၍ ပါဠိဆရာကြီး ဆရာဘီ၊ ဦးမဏ္ဍလာ စစ်ကိုင်းမြို့ရွှေဘိုဦးလှကျော်၊ ကသာ ဦးမှတ်နှင့် ဦးဖိုးကျားတို့ အပြန်အလှန် ရေးသားခဲ့ကြသည်။ မဲဇာတောင်ခြေဋီကာကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် စာပေလှိုင်းဂယက်ထမှုများပင် ဖြစ်သည်။ သိပ္ပံမောင်ဝကမူ "မဲဇာတောင်ခြေဋီကာတွင် ရေးသားထားပုံမှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ထိထိမိမိရှိလှပေ၏။ ရှေးလည်းမီ၊ ခေတ်လည်းဆန်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်လေသည်" ဟူ၍ သုံးသပ်ခဲ့သည်။ "အဝေးရောက်မင်း၏ စာပေ ဗဟုသုတ နက်နဲကျယ်ပြန့်ပုံကို သက်သေထူနေသကဲ့သို့ ရှိသည်" ဟူ၍လည်း မောင်ခင်မင်(ဓနုဖြူ)က မှတ်ချက်ပေးခဲ့သည်။

**ဓာတ်ပြားသွင်းခဲ့**

အဝေးရောက်မင်းသည် သီချင်းကြီး၊ သီချင်းခံ၊ အဲ၊ အန်၊ လူးတား စသည့်တေးကဗျာများ၏ အမှန်အကန် ရွတ်ဖတ်နည်း၊ ဆိုနည်းတို့ကို လည်းကောင်း၊ အဓိပ္ပာယ်ကောက်ယူပုံတို့ကို လည်းကောင်း လွန်စွာပိုင်နိုင်သူ တစ်ဦးဖြစ်သည်။ မြန်မာပြည်အရပ်ရပ်မှ မြန်မာစာပေ ပညာရှင်များ၊ သုတေသီများ၊ ဂီတပညာရှင်များက အဝေးရောက်မင်းထံ လာရောက်ဆည်းပူးကြသည်။ မြန်မာနိုင်ငံ သုတေသနအသင်းကလည်း ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလတွင် အဝေးရောက်မင်းကို ရန်ကုန်သို့ပင့်၍ ရတု၊ ရကန်၊ အန်ချင်း၊ လူးတား၊ မော်ကွန်း၊ လေးချိုးကြီး၊ တောလား၊ အိုင်ချင်း၊ အဲချင်း၊ ချောင်း၊ သာချင်းတို့၏ မူမှန် သီဆို ရွတ်ဖတ်နည်းတို့ကို ဓာတ်ပြားသွင်းယူ မှတ်တမ်းတင်ခဲ့သည်။

**ဘဝအဆုံးနိဂုံးကမ္ပတ်**

အဝေးရောက်မင်းသည် ၁၉၄၂ ခုနှစ် စက်တင်ဘာ ၂၆ ရက် အသက် ၈၉ နှစ် အရွယ်တွင် ရွှေဘိုမင်းရပ်၌ ကွယ်လွန်ခဲ့သည်။ "ဂီတပညာနှင့် ပတ်သက်၍သော်လည်းကောင်း၊ ထီးမူနန်းရာ စာပေပရိသတ်နှင့် ပတ်သက်၍သော်လည်းကောင်း အကြောင်းရှိတိုင်း ပညာရှိသူတို့ အမြဲဆည်းကပ်ကိုးကွယ်ရာ ဆရာကြီးတစ်ပါးဖြစ်သော အဝေးရောက်မင်း ဦးအောင်ကြီးသည် ကွယ်လွန်အနိစ္စရောက်ရှာလေပြီ ဖြစ်သောကြောင့် မြန်မာပြည်သူပြည်သားအားလုံးက တမ်းတပူဆွေး တွေးတောဝမ်းနည်းခြင်းဖြစ်ကြမည်မှာ အမှန်ဖြစ်ပေသတည်း" ဟူ၍ ထိုစဉ်က တိုင်းချစ်သတင်းစာ က ကမ္ပည်းတင်ခဲ့ပေသည်။ ဦးအောင်ကြီးသည် စာပေ၊ သမိုင်း၊ အနုပညာ၊ ဂီတဘက်၌ တတ်ကျွမ်းသည့် ပညာရှင် ကဝိအမော်တစ်ဦးဖြစ်ပြီး ရှေးမီနောက်မီ တန်ဖိုးမဖြတ်နိုင်သည့် ပညာရှင်တစ်ဦးဖြစ်ကြောင်းကို သိသာနိုင်ကြပါရန် ရေးသားလိုက်ရပေသည်။

**ကိုးကား**


၁။ သိပ္ပံမောင်ဝ၏ ခေတ်စမ်းရသစာကောက်ကြောင်း ဆောင်းပါး၊ သူရိယမဂ္ဂဇင်း
၂။ အမျိုးသားပညာဝန် ဦးဖိုးကျား၏ သီပေါမင်းပါတော်မူ အရေးတော်ပုံနှင့် အခြားစာပဒေသာများ
၃။ တက္ကသိုလ်မောင်အေးသန့်၏ နေမျိုးမင်းထင်ကျော်ခေါင် အဝေးရောက်မင်း ဦးအောင်ကြီး

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ငပုတော မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပဲတီစိမ်းသီးနှံများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သော ပဲတီစိမ်းသီးနှံတစ်ဧကလျှင် ၁၄ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ပဲတီစိမ်း ၁၈၃၇ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ပဲတီစိမ်းဧကအားလုံး ရိတ်သိမ်းပြီးစီးသွားပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေး နည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ပဲတီစိမ်းသီးနှံတွေကို အပင်ပေါက်အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါမကျရောက်စေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငပုတောမြို့နယ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ပဲတီစိမ်းသီးနှံများ အပါအဝင် ဆောင်းသီးနှံများအားလုံး အထွက်နှုန်း ကောင်းစေရေး၊ အရည်အသွေး ကောင်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေးစသည့်နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းကပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

## ခန္တီးမြို့နယ် ကချင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**ခန္တီး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ကချင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဗိုလ်ဆန်း၊ ခန္တီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်တို့က စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ၊ ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဗိုလ်ဆန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကချင်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၂၉ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ထက်ဥမ္မာခင်က ဆက်လက်ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

## ပညာနန်းသို့ လှမ်းကြစို့

\- မြန်မာပြည် တိုးတက်ဖြစ်
မျိုးဆက်သစ် ရတနာ၊
ငယ်ရွယ်ချိန် ပညာနန်း
လျှောက်လှမ်းပျော်ကာ၊
တန်ဖိုးရှိ အမှန်ပါ
မြတ်ပညာ သင်ယူပေး၊
နိုင်ငံ့ဂုဏ် အကျိုးတိုးအောင်
ကြိုးစားကွဲ့လေး။


\- အမျိုးဘာသာ နှလုံးသားနဲ့
မွေးဖွားခဲ့ ရှင်သန်နေ၊
မြန်မာပြည် ထာဝရ
သုခတွေဝေ၊
နိုင်ငံ့အတွက် တာဝန်ကျေ
တာဝန်အမွေ လက်ဆင့်ကမ်း၊
သမိုင်းကျန် ဂုဏ်ရည်ဖြိုး
တိုးတက်လန်းဆန်း။

\- လူငယ်တွေ အတွေးနှလုံး
အမွေးဆုံး ပန်းသဏ္ဍာန်၊
ယဉ်ကျေးကာ ဘာသာအကျိုး
သယ်ပိုးမည်ကြံ၊
သခင်မျိုး ကာကွယ်အမှန်
တို့နိုင်ငံ ငြိမ်းချမ်းရေး၊
ရတနာမျိုးဆက်သစ်တို့
ထုဆစ်အားမွေး။ ။

**မောင်မျိုးချစ်(အညာမြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဂျပန်ဝန်ကြီးချုပ် ရှီဂျီရုအီရှီဘာအပေါ် လူထုထောက်ခံမှုနှုန်း ကျဆင်း

**တိုကျို မေ ၁၉**

ဂျပန်ဝန်ကြီးချုပ် ရှီဂျီရုအီရှီဘာ ရရှိထားသော လူထုထောက်ခံမှုနှုန်းမှာ ကျဆင်းနေကြောင်း ဂျပန်ပြည်တွင်းသတင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်မဲဆန္ဒရှင်ပြည်သူ ၁၀ ဦးလျှင် ကိုးဦးခန့်မှာ ဆန်ဈေးကြီးမြင့်မှုနှင့်ပတ်သက်၍ ဂျပန်အစိုးရ၏ ကိုင်တွယ်ပုံကို မကျေမနပ်ဖြစ်နေကြောင်း ဂျပန်မီဒီယာများ၏ အဆိုအရ သိရသည်။

ဆန်သည် ဂျပန်ပြည်သူများ၏ အဓိကအကျဆုံး အခြေခံစားသောက်ကုန်ဖြစ်သည်။

ကျိုဒိုသတင်းဌာနကပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းကောက်ခံချက်များရလဒ်များအရ ဝန်ကြီးချုပ်အီရှီဘာရရှိထားသော လူထုထောက်ခံမှုနှုန်းမှာ ယခင်လက ၃၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုလတွင် ၂၇ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ထို့ပြင် လူထုသဘောထားစစ်တမ်းကောက်ခံချက်တွင်ပါဝင်သူ ၈၇ ဒသမ ၁ ရာခိုင်နှုန်းတို့မှာ ဆန်ဈေးကြီးမြင့်မှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ် အီရှီဘာဦးဆောင်သော အစိုးရအဖွဲ့၏ ကိုင်တွယ်ပုံကို ကျေနပ်မှုမရှိကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ပြင်းထန်သည့်အပူဒဏ်ကြောင့် ကောက်ပဲသီးနှံ ထုတ်လုပ်မှုနှုန်း ထိခိုက်ခဲ့ရပြီးနောက် ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမ်နက်စတီအဖွဲ့ကို မလိုလားအပ်သည့် အဖွဲ့အစည်းအဖြစ် ရုရှားရှေ့နေချုပ်ရုံး ကြေညာ

**မော်စကို မေ ၁၉**

လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အမ်နက်စတီ)ကို မလိုလားအပ်သည့် အဖွဲ့အစည်းအဖြစ် ရုရှားနိုင်ငံက ကြေညာထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမ်နက်စတီအဖွဲ့ကို မလိုလားအပ်သည့်အဖွဲ့အစည်းအဖြစ်သတ်မှတ်၍ ၎င်းအဖွဲ့၏ ရုရှားပြည်တွင်းလှုပ်ရှားမှုများကို ပိတ်ပင်လိုက်ကြောင်း ရုရှားရှေ့နေချုပ်ရုံးက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အမ်နက်စတီအနေဖြင့် ယူကရိန်းနိုင်ငံကို အားပေးကူညီနေကြောင်း ရုရှားရှေ့နေချုပ်ရုံး ကြေညာချက်၌ စွပ်စွဲထားသည်။

လန်ဒန်မြို့၌တည်ရှိသည့် အမ်နက်စတီရုံးကို ကမ္ဘာတစ်ဝန်း ရုရှားဆန့်ကျင်ရေးလုပ်ငန်းများအတွက် ပြင်ဆင်နေသည့်နေရာအဖြစ် ရုရှားရှေ့နေချုပ်ရုံး ကြေညာချက်၌ ရည်ညွှန်းထားသည်။

ရုရှားနိုင်ငံသည် ၎င်း၏အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာမည့်အဖွဲ့အစည်းများအဖြစ်ယူဆရသောအဖွဲ့အစည်းများကိုမလိုလားအပ်သည့်အသင်း အဖွဲ့များအဖြစ် ကြေညာပိတ်ပင်လေ့ရှိသည်။


ရုရှားနိုင်ငံသည် ဂရင်းပိစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းကိုလည်း မလိုလားအပ်သည့် အသင်းအဖွဲ့အဖြစ် ကြေညာထားကြောင်း သိရသည်။

Ref : RT

Trs : KKO




## ဒိန်းမတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို အပြည့်အဝလေးစားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးပြောကြား



**ပေကျင်း မေ ၁၉**

ဂရင်းလန်းကျွန်းနှင့်ပတ်သက်၍ ဒိန်းမတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့ကို တရုတ်နိုင်ငံအနေဖြင့် အပြည့်အဝလေးစားမှုထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ယနေ့တွင် ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီး လားစ်လေ့ဘ်ကီရက်မြူဆန်နှင့် ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ဂရင်းလန်းကျွန်းနှင့်ပတ်သက်၍ ဒိန်းမတ်နိုင်ငံ၏ အချုပ်အခြာပိုင်စိုးမှုကို အပြည့်အဝလေးစားကြောင်း၊ ထိုနည်းတူ ဒိန်းမတ်နိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုဆိုင်ရာ ရပ်တည်ချက်ကို ထောက်ခံလိမ့်မည်ဟု မိမိတို့မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ) သမ္မတဟောင်း ဆိုင်အင်းဝမ်ကိုလက်ခံကြိုဆိုခဲ့မှုနှင့်ပတ်သက်၍ တရုတ်အစိုးရက ဝေဖန်ခဲ့ပြီးနောက် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိနေခြင်းဖြစ်သည်။

တည်နေရာအရ မဟာဗျူဟာကျသည့် ဂရင်းလန်းကျွန်းကို အမေရိကန်နိုင်ငံအနေဖြင့် ထိန်းချုပ်ထားသင့်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြီးခဲ့သည့်လများအတွင်းက ပြောကြားထားသည်။

တရုတ်နိုင်ငံအနေဖြင့် ဒိန်းမတ်နိုင်ငံနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ဒိန်းမတ်နိုင်ငံခြားရေး ဝန်ကြီးနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂရိနိုင်ငံပိုင်သင်္ဘောတစ်စီးကို ရုရှားနိုင်ငံက ထိန်းသိမ်းထားဟု အက်စ်တိုးနီးယားပြောကြား

**တယ်လ်လင်း မေ ၁၉**

ဂရိနိုင်ငံပိုင် ရေနံတင်သင်္ဘောတစ်စီးကို ရုရှားနိုင်ငံက မေ ၁၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း အက်စ်တိုးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားသည့် အဆိုပါ ဂရိရေနံတင်သင်္ဘောသည် အက်စ်တိုးနီးယားနိုင်ငံ ဘောလ်တစ်ဆိပ်ကမ်းတစ်ခုမှ ထွက်ခွာသွားသော ရေနံတင်သင်္ဘောဖြစ်ကြောင်း သိရသည်။

ဂရိရေနံတင်သင်္ဘောကို ရုရှားနိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားမှုနှင့်ပတ်သက်၍ မြောက်အတ္တလန်တစ်စာချုပ်(နေတိုး)အဖွဲ့ဝင် မဟာမိတ်များကိုလည်း အသိပေးထားကြောင်း အက်စ်တိုးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။




ရုရှားနိုင်ငံက အသုံးပြုနေသော ရေနံတင်သင်္ဘောတစ်စီးကိုဖမ်းဆီးရန် အက်စ်တိုးနီးယားနိုင်ငံက ကြိုးစားခဲ့ပြီးနောက် ဂရိရေနံတင်သင်္ဘောတစ်စီးကို ရုရှားနိုင်ငံက ဖမ်းဆီး ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အက်စ်တိုးနီးယား ရေတပ်သည် ရုရှားရေနံတင် သင်္ဘောတစ်စီးကို ဖမ်းဆီးရန် ကြိုးစားခဲ့ရာ ရုရှားနိုင်ငံက တိုက်လေယာဉ်တစ်စင်း စေလွှတ်၍ တားဆီးခဲ့သည်။

ရုရှားနိုင်ငံက ဖမ်းဆီးထားသည့် ရေနံတင်သင်္ဘောမှာ ဂရင်းအက်မိုင်ရာအမည်ရှိ လိုက်ဘေးရီးယားမှတ်ပုံတင်ရေနံတင်သင်္ဘောဖြစ်ပြီး အက်စ်တိုးနီးယားနိုင်ငံ ဆီလ်လာမေးဆိပ်ကမ်းမှ ထွက်ခွာလာသည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ကာတာလေကြောင်းလိုင်း အမြတ်ငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိ

**ဒိုဟာ မေ ၁၉**

ကာတာနိုင်ငံအခြေစိုက် ကာတာလေကြောင်းလိုင်းသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အမြတ်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံအထိ ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကာတာလေကြောင်းလိုင်းသည် အရပ်ရပ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၄ ဘီလီယံထိ ရရှိခဲ့ပြီး အမြတ်ငွေမှာ ၂ ဒသမ ၁၅ ဘီလီယံရရှိခဲ့ကြောင်း ကာတာလေကြောင်းလိုင်းကို ပိုင်ဆိုင်သည့် ကာတာအဲဝေးဂရုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကာတာလေကြောင်းလိုင်းသည် ခရီးသည်ပေါင်း ၄၃ ဒသမ ၁ သန်းကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

ကာတာလေကြောင်းလိုင်း၏ ပြီးခဲ့သည့်နှစ် ဘဏ္ဍာနှစ်သည် ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်ပြီး ယခုနှစ် မတ် ၃၁ ရက်တွင် အဆုံးသတ်ခဲ့သည်။

ကာတာ လေကြောင်းလိုင်းသည် အဲဘတ်စ်နှင့် ဘိုးအင်းခရီးသည်တင်လေယာဉ် အစင်း ၂၃၀ ဖြင့် လုပ်ငန်းလည်ပတ်နေသော လေကြောင်းလိုင်းဖြစ်သည်။


အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) အခြေစိုက် အမ်းမရိတ် လေကြောင်းလိုင်းသည်လည်း ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အမြတ်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နဂါးငွေ့တန်းကြယ်စုဗဟိုချက် မဟာအာကာသတွင်းနက်အနီး နေစနစ်ပေါင်း ၃၀၀ ကျော် ဖွဲ့စည်းဖြစ်ပေါ်နေ



**ပေကျင်း မေ ၁၉**

နဂါးငွေ့တန်းကြယ်စု ဗဟိုချက် မဟာအာကာသတွင်းနက် အနီးတွင် နေစနစ်ပေါင်း ၃၀၀ ကျော် ဖွဲ့စည်းဖြစ်ပေါ်နေကြောင်း သိပ္ပံပညာရှင်များက မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ နေစနစ်များဖွဲ့စည်း ဖြစ်ပေါ်နေသော နယ်မြေမှာ ဖိအားနှင့်သိပ်သည်းဆ အလွန်မြင့်မားသည့် နယ်မြေဖြစ်ရာ လက်ရှိ လက်ခံထားသော ဂြိုဟ်များဖွဲ့စည်းဖြစ်ပေါ်ပုံဆိုင်ရာ သီအိုရီများနှင့်ဆန့်ကျင်လျက်ရှိသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များ အနေဖြင့် နေစနစ်ပေါင်းများစွာကို ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်သော်လည်း ၎င်းနေစနစ်များမှာ နဂါးငွေ့တန်းကြယ်စု၏ အထိုက်အလျောက် တည်ငြိမ်မှုရှိသော နယ်မြေများ၌ ဖွဲ့စည်းဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များ တွေ့ရှိထားသော နေစနစ်ပေါင်း ၃၀၀ ကျော်မှာ ဆာဂျီတေးရီးယပ်စ် အေစတား မဟာအာကာသတွင်းနက်အနီး တည်ရှိသော ဗဟိုမော်လီကျူလာဇုန် (CMZ) ခေါ် နယ်မြေအတွင်း ဖွဲ့စည်းဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၂၇၀၀၀ အကွာတွင် တည်ရှိသည့် CMZ နယ်မြေသည် ဓာတ်ငွေ့များ၏ဖိအားကြောင့် နဂါးငွေ့တန်းကြယ်စု၏ အခြားနေရာများထက် သိပ်သည်းဆပေါင်း ထောင်နှင့်ချီ မြင့်မားသည့်နေရာဖြစ်သည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ CMZ နယ်မြေအတွင်းဖွဲ့စည်းဖြစ်ပေါ်နေသည့် နေစနစ်ပေါင်းမှာ ၃၀၀ ကျော်ထိရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Space-X ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုသစ် ၂၆ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် မေ ၁၇ ရက်တွင် စတားလင့်ခ်ဂြိုဟ်တုသစ် ၂၆ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အထက်ပါ စတားလင့်ခ် ဂြိုဟ်တုသစ် ၂၆ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ ပင်မအဆင့်ဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။




ဖယ်လ်ကွန်-၉ ၏ ထိပ်ဖူး အဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင် အောင်မြင်ခဲ့ခြင်းကြောင့် ယခုနှစ်အတွင်း Space-X ကုမ္ပဏီ လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တု အရေအတွက်မှာ အစင်းရေ ၁၀၀၀ ပြည့်ခဲ့ပြီဖြစ်သည်။

Space-X ကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၈၅၀၀ ကျော် လွှတ်တင်ထားရာ အစင်းရေ ၇၀၀၀ ကျော်မှာ လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Rocket Lab ကုမ္ပဏီက IQPS ဂျပန်ကုမ္ပဏီတစ်ခု၏ မြေကမ္ဘာလေ့လာရေးဂြိုဟ်တု တစ်စင်းကို လွှတ်တင်ပေးခဲ့

**ဝါရှင်တန် မေ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် IQPS အမည်ရှိ ဂျပန်ကုမ္ပဏီတစ်ခု၏ မြေကမ္ဘာလေ့လာရေး ဂြိုဟ်တု တစ်စင်းကို မေ ၁၈ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် ဝါဒါဆူမီ-၁ အမည်ရှိ အထက်ပါ ဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၀ ဒသမ ၅ မိနစ်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် ဝါဒါဆူမီ-၁ ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၅၇ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဝါဒါဆူမီ-၁ ဂြိုဟ်တုသည် နေ့ ကာလတစ်ချိန်လုံး မိုးတိမ်များကို ဖောက်ထွင်း၍ ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးနိုင်ကြောင်း IQPS ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

ဝါဒါဆူမီ-၁ ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ဆဋ္ဌမမြောက် အာကာသမစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၆၄ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း၊ IQPS ကုမ္ပဏီသည် ၂၀၂၅ ခုနှစ် ၂၀၂၆ ခုနှစ်ကြား ကာလအတွင်း ဝါဒါဆူမီဂြိုဟ်တုပေါင်း ရှစ်စင်းထိ လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အယ်ဇိုင်းမားရောဂါ ရှိ၊ မရှိ သွေးစစ်နည်း FDA က သုံးစွဲခွင့်အတည်ပြု

**နယူးယောက် မေ ၁၉**

တွေးတောဆင်ခြင်နိုင်စွမ်း စတင်ကျဆင်းလာသော လူနာများ၌ အယ်ဇိုင်းမားရောဂါ ရှိ၊ မရှိ ကို ဖော်ထုတ်ပေးနိုင်မည့် သွေးစစ်နည်းတစ်မျိုးကို အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေး အေဂျင်စီ (FDA) က သုံးစွဲခွင့် အတည်ပြုချက် ပေးထားကြောင်း မေ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါသွေးစစ်နည်းကို အမေရိကန်နိုင်ငံအခြေစိုက် Fujirebio Diagnostic အမည်ရှိ ဇီဝနည်းပညာ ကုမ္ပဏီက တီထွင်ထားခြင်းဖြစ်သည်။

လူပေါင်း ၄၉၉ ဦးတို့၏ သွေးရည်ကြည်နမူနာများဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုရလဒ်များအရ အထက်ပါသွေးစစ်နည်းသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် စတင်ကျဆင်းနေသူများ၌အယ်ဇိုင်းမားရောဂါ ရှိ၊ မရှိကို ၉၂ ရာခိုင်နှုန်းတိကျစွာ ဖော်ထုတ်ပေးနိုင်ကြောင်း FDA ၏ ကြေညာချက်၌ ဖော်ပြထားသည်။

အထက်ပါသွေးစစ်နည်းသည် အယ်ဇိုင်းမားရောဂါ၏ နောက်ခံအကြောင်းတရားဖြစ်သော ဘီတာ အမီလွိုက်ပရိုတင်းများကိုစစ်ဆေးပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘီတာအမီလွိုက် ပရိုတင်းများ ရှိ၊ မရှိကို ဦးနှောက်ဓာတ်မှန် ရိုက်ကူးမှုကဲ့သို့ ကုန်ကျစရိတ်များသော စစ်ဆေးနည်းများဖြင့်သာ ဖော်ထုတ် အတည်ပြုနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နေ့စဉ်ခြေလှမ်းပေါင်း ၇၀၀၀ လျှောက်ပေးပါက ကင်ဆာရောဂါ ၁၃ မျိုးဖြစ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် မေ ၁၉**

နေ့စဉ်ခြေလှမ်းပေါင်း ၇၀၀၀ လျှောက်ပေးပါက ကင်ဆာရောဂါ ၁၃ မျိုး ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက မေ ၁၈ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ် ခြေလှမ်းပေါင်း ၇၀၀၀ ထိ လျှောက်ပေးပါက ကင်ဆာရောဂါ ၁၃ မျိုးဖြစ်နိုင်ခြေကို ၁၁ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်။

အလားတူ တစ်ရက်လျှင် ခြေလှမ်း ၉၀၀၀ လျှောက်ပေးပါက အထက်ပါ ကင်ဆာရောဂါ ၁၃ မျိုး ဖြစ်နိုင်ခြေကို ၁၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် တစ်ရက်လျှင် ခြေလှမ်း ၂၀၀၀ ကျော် လျှောက်ပါက အထက်ပါ အကျိုးသက်ရောက်မှုများ မရှိသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နေ့စဉ် ခြေလှမ်း ၇၀၀၀ လမ်းလျှောက်ခြင်းဖြင့် ဖြစ်နိုင်ခြေလျှော့ချနိုင်သော ကင်ဆာရောဂါများထဲတွင် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ အူမကြီးကင်ဆာနှင့် သွေးကင်ဆာရောဂါများလည်း ပါဝင်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၈၅၀၀၀ ကျော်၏ နေ့စဉ်သွားလာလှုပ်ရှားမှုများကို စောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆိုစီဒက်အသင်းနှင့် ရာသီပိတ်ပွဲစဉ်ကို ဘယ်လင်ဟမ် လွဲချော်မည်ဟု ရီးရဲလ်ထုတ်ပြန်

**မက်ဒရစ် မေ ၁၉**

လာလီဂါ အမှတ်ပေးပြိုင်ပွဲအဖြစ် ဆီဗီလာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဘယ်လင်ဟမ်အနေဖြင့် အဝါကတ်ပြသခံရမှုကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အဝါကတ် ငါးကြိမ်ပြည့်မြောက်ခဲ့ပြီး ဆိုစီဒက်အသင်းနှင့် ရာသီပိတ်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်းသိရသည်။

ကွင်းလယ် တိုက်စစ်ကစားသမား ဘယ်လင်ဟမ်သည် ယခုနှစ် လာလီဂါပြိုင်ပွဲ၌ ၃၁ ပွဲပါဝင်ကစားနိုင်ခဲ့ရာတွင် သွင်းဂိုးကိုးဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး အသင်းနှင့်အတူပါဝင်ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲများတွင် မာယော့ကာအသင်း၊ ဗယ်လာဒိုးလစ်အသင်း၊ ဘာစီလိုနာအသင်း၊ ဆဲလ်တာဗီဂိုအသင်းနှင့် ယခုပွဲစဉ်တို့တွင် အဝါကတ်များ ပြသခံရမှုကြောင့် တစ်ပွဲပယ်ပြစ်ဒဏ် ကျခံရမည်ဖြစ်၍လာမည့် ဆိုစီဒက်အသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဘယ်လင်ဟမ်သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ကာ ပွဲစကတည်းက ဆီဗီလာအသင်းကို ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန် ၁၂ မိနစ်တွင် ဆီဗီလာအသင်း ကစားသမား လွိုက်ဘိတ် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းက ဖိအားပေးမှု ပိုမိုပြုလုပ်နိုင်ခဲ့သောကြောင့် ဒုတိယပိုင်း ပွဲချိန် ၄၈ မိနစ်တွင် ဆီဗီလာတိုက်စစ်မှူး ရှိမီယိုနောက်ထပ်အနီကတ်ဖြင့် ထုတ်ပယ်ခံရချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ပြိုင်ပွဲကိုထိန်းချုပ်၍ တစ်ဖက်သတ် ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၆၆ မိနစ်တွင် ဘယ်လင်ဟမ်အနေဖြင့် အဝါကတ်ပြသခံခဲ့ရသည်။

ထို့နောက် ရီးရဲလ်မက်ဒရစ်အသင်းက ကစားအားမြှင့်တင်လာခဲ့ရာ ပွဲချိန် ၇၅ မိနစ်တွင် မိုဒရစ်၏ ဖန်တီးမှုမှ အမ်ဘက်ပီက ဦးဆောင်ဂိုးနှင့် ပွဲချိန် ၈၇ မိနစ်တွင် ဂါစီယာ၏ ဖန်တီးမှုမှ ဘယ်လင်ဟမ်က ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ဆီဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- အေဗီလာအသင်းမှ ထွက်ခွာမည်ဟု ဂိုးသမားမာတီနက်ဇ်က ကြေညာခဲ့ပြီးနောက်ပိုင်း မန်ယူအသင်းနှင့် ဘာစီလိုနာအသင်းတို့က မာတီနက်ဇ်ကိုခေါ်ယူရန် အပြိုင်ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိသည်။
- ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက လူငယ်ကစားသမား ယာမယ်ကို သက်တမ်းတိုးနိုင်ရန် သဘောတူညီမှုရယူနိုင်ခဲ့ပြီး တရားဝင်လက်မှတ်ရေးထိုးရန်သာ ကျန်ရှိတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- လေဗာကူဆင်အသင်းက ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်စ်ကို အလွန်ဆို၏နေရာတွင် အစားထိုးရန်ကြိုးပမ်းနေသော်လည်း ဖာဘရီဂတ်စ်က ကိုမိုအသင်းတွင်သာ ဆက်လက်နေထိုင်ရန် ဆန္ဒရှိနေသဖြင့် မန်ယူအသင်းနည်းပြဟောင်း တန်ဟတ်ကို ထပ်မံကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- နယူးကာဆယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ခံစစ်ကစားသမား ဆာလီဘာ တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း အာဆင်နယ်အသင်းနည်းပြ အာတီတာက ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# ချန်ပီယံဆုနှင့်လွဲချော်ခဲ့သည့် အေဂျက်အသင်း ဥရောပတွင် အဆိုးရွားဆုံးအမှတ်ပေးဇယားဦးဆောင်သူအဖြစ် သတ်မှတ်ခံရ



**အမ်စတာဒမ် မေ ၁၉**

နယ်သာလန် အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် အေဂျက်အသင်းက တွမ်တီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ပြိုင်ဘက် ပီအက်စ်ဗွီအသင်းက အမှတ်ပေးဆုဖလားရယူနိုင်ခဲ့သောကြောင့် အေဂျက်အသင်းအနေဖြင့် ဥရောပဘောလုံးသမိုင်းတွင် အဆိုးရွားဆုံး အမှတ်ပေးဇယား ဦးဆောင်သူအဖြစ် သတ်မှတ်ခံခဲ့ရသည်။

အေဂျက်အသင်းသည် အမှတ်ပေးပြိုင်ပွဲပြီးဆုံးရန် ငါးပွဲအလိုတွင် ဒုတိယနေရာမှ ပီအက်စ်ဗွီအသင်းကို ရမှတ်ကိုးမှတ်ထိ ဖြတ်တောက်နိုင်ခဲ့သဖြင့် ဆုဖလားရယူနိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့သော်လည်း နောက်ဆုံးငါးပွဲတွင် အုထရက်အသင်းကို လေးဂိုး ဂိုးမရှိ၊ ရော့ဒါဒမ်အသင်းကို တစ်ဂိုးစီ သရေ၊ နီမီဂျန်အသင်းကို သုံးဂိုး ဂိုးမရှိ၊ ဂရိုနင်ဂျန်အသင်းကို နှစ်ဂိုးစီသရေဖြင့် နိုင်ပွဲပျောက်ဆုံးခဲ့ပြီးနောက် နောက်ဆုံးပွဲစဉ်တွင် တွမ်တီးအသင်းကို နိုင်ပွဲရခဲ့သော်လည်း အမှတ်ပေးဇယားတွင် ရမှတ် ၇၈ မှတ်သာ ရရှိခဲ့ပြီး ပီအက်စ်ဗွီအသင်းက ၇၉ မှတ်ထိ ရရှိခဲ့သောကြောင့် အေဂျက်အသင်းအနေဖြင့် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

သို့သော် ပြိုင်ဘက် ပီအက်စ်ဗွီအသင်းက နောက်ဆုံးငါးပွဲတွင် တွမ်တီးအသင်းကို သုံးဂိုး တစ်ဂိုး၊ ဖော်တူနာစစ်တက် အသင်းကို လေးဂိုး တစ်ဂိုး၊ ဖီရင်နူအသင်းကို သုံးဂိုး နှစ်ဂိုး၊ ဟာရေကယ်အသင်းကို လေးဂိုး တစ်ဂိုး၊ နောက်ဆုံးပွဲစဉ်တွင် ရော့တာဒမ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲဆက်တိုက်ရရှိခဲ့သောကြောင့် အေဂျက်အသင်းကို ရမှတ်တစ်မှတ်အသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ပြီး ချန်ပီယံဆုဖလားရရှိခဲ့ခြင်းဖြစ်သည်။

ဥရောပ ဘောလုံးသမိုင်းတွင် ၁၉၉၇-၁၉၉၈ ဘောလုံးရာသီက မန်ယူအသင်းက ပြိုင်ပွဲပြီးဆုံးရန် ၁၀ ပွဲအလိုတွင် ရမှတ် ၁၂ မှတ်ဖြင့် အာဆင်နယ်အသင်းကို ဦးဆောင်ခဲ့သော်လည်း ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရပြီး ၂၀၀၇-၂၀၀၈ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းက ၁၂ ပွဲအလိုတွင် ရမှတ်ငါးမှတ်၊ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် လီဗာပူးအသင်းက သုံးပွဲအလိုတွင် ရမှတ်ငါးမှတ်၊ ၁၉၉၅-၁၉၉၆ ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းက ၁၂ ပွဲအလိုတွင် ရမှတ် ၁၂ မှတ်၊ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းတို့က ၁၂ ပွဲအလိုတွင် ရမှတ် ၁၂ ဖြင့် ပြိုင်ဘက်များကို ဦးဆောင်နိုင်ခဲ့သော်လည်း ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# လာဇီယိုအသင်း၏ နောက်ကျချေပဂိုးကြောင့် အင်တာမီလန်အသင်း ချန်ပီယံမျှော်လင့်ချက်နှင့် လွဲချော်

**ရောမ မေ ၁၉**

အီတလီစီးရီးအေပွဲစဉ် (၃၇) အဖြစ်ကစားခဲ့သည့် ပွဲစဉ်တွင် အင်တာမီလန်အသင်းသည် လာဇီယိုအသင်း၏ နောက်ကျချေပဂိုးကြောင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက်နှင့် လွဲချော်ခဲ့ရကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် အင်တာမီလန်အသင်းသည် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် နာပိုလီအသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသဖြင့် လာဇီယိုအသင်းနှင့်ပွဲစဉ်တွင် နိုင်ပွဲရရှိရေး အစွမ်းကုန် ကြိုးပမ်းခဲ့ရာ ပွဲကစားချိန် ၄၅ မိနစ်တွင် ဘစ်ဆက်စ်က အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် လာဇီယိုအသင်းက ပွဲချိန် ၇၂ မိနစ်တွင် ပက်ထရိ၏ ဦးဆောင်ဂိုးကြောင့် ချေပဂိုး ခွင့်ပြုခဲ့ရသဖြင့် ဦးဆောင်ဂိုးရရှိရေး တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် ၇၉ မိနစ်တွင် ဒမ်ဖရိုင်းစ်က ဒုတိယဂိုးသွင်းယူ၍ နှစ်ဂိုး ဂိုးမရှိဖြင့် နိုင်ပွဲရနေချိန်တွင် နည်းပြနှစ်ဦးအနေဖြင့် စောဒကတက်နေမှုကြောင့် ကွင်းလယ်ဒိုင်က ပွဲချိန် ၈၈ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခဲ့ပြီး နာကျင်အချိန်ပိုတွင် လာဇီယိုအသင်းက ပင်နယ်တီကန်သွင်းခွင့်ရခဲ့ကာ ပက်ထရိက ဂိုးအဖြစ်ပြောင်းလဲခဲ့သောကြောင့် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကာ အင်တာမီလန်အသင်း ချန်ပီယံဆုဖလားကို ကာကွယ်နိုင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

သို့သော် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် နာပိုလီအသင်းကလည်း ပါးမားအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သဖြင့် နောက်ဆုံးပွဲစဉ်ထိ ချန်ပီယံဆုအတွက် အကြိတ်အနယ် ကစားရမည်ဖြစ်ပြီး အင်တာမီလန်အသင်းက တိုရီနိုအသင်းကို အဝေးကွင်းတွင်လည်းကောင်း၊ နာပိုလီအသင်းက ကက်ဂလီယာရီအသင်းကို အိမ်ကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Daily mail**
**Trs : ML**

# ခရောဖို့ဒ်နှင့်ပွဲစဉ်အပြီးတွင် ကစားသမားဘဝ၏ အနာဂတ်ကိုဆုံးဖြတ်သွားမည်ဟု ကာနီလိုပြောကြား

**နယူးယောက် မေ ၁၉**

စူပါမစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကာနီလိုသည် ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဟောင်းဖြစ်သူ လက်ရှိ WBA, WBO လိုက်မစ်ဒယ်ဝိတ်တန်း၏ ယာယီကမ္ဘာ့ချန်ပီယံဖြစ်သူ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်နှင့်ထိုးသတ်ရန် သဘောတူညီမှုရရှိထားပြီးမကြာမီထိုးသတ်မည့် နေရာနှင့် အချိန်ကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ကာနီလိုက ပြောကြားခဲ့သည်။

ကာနီလိုအနေဖြင့် ခရောဖို့ဒ်နှင့် ထိုးသတ်ပြီးပါက ကစားသမားဘဝ၏အနာဂတ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကာနီလိုသည် ၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် ကျူးဘားလက်ဝှေ့သမား ဝီလီယံစကူလ်နှင့် ထိုးသတ်ခဲ့ရာတွင် အငြင်းပွားဖွယ်ရာရလဒ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံခါးပတ်များကို ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော်လည်း စိန်ခေါ်ပွဲ ၄၁ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိသေးသည့် ခရောဖို့ဒ်နှင့်ပွဲစဉ်တွင် အခက်တွေ့နိုင်ပြီး ယင်းပွဲစဉ်၏ ရလဒ်ပေါ်မူတည်၍ လက်ဝှေ့သမားဘဝ၏အနာဂတ်ကိုစဉ်းစားသွားမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

## တူကီယဲစူပါလီဂါချန်ပီယံဆုကို ဂါလာတာစာရေးအသင်း ဆွတ်ခူးရရှိ




**အစ္စတန်ဘူလ် မေ ၁၉**

တူကီယဲ စူပါလီဂါပြိုင်ပွဲတွင် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလို၌ ဂါလာတာစာရေးအသင်းက ဖီနာဘာချီအသင်းကို ရမှတ်ရှစ်မှတ် ဖြတ်တောက်နိုင်ခဲ့ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

တူကီယဲ စူပါလီဂါပြိုင်ပွဲ ပွဲစဉ်(၃၄)အဖြစ် ဂါလာတာစာရေးအသင်းနှင့် ကေစီရီစပေါ်လ်အသင်းတို့ပွဲစဉ်တွင် ဂါလာတာစာရေးအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ပွဲစဉ်(၃၄)အပြီးမှာပင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။


တူကီယဲ စူပါလီဂါပြိုင်ပွဲတွင် ပွဲစဉ် (၃၄) ပွဲ ကစားပြီးချိန်တွင် ဂါလာတာစာရေးအသင်းက ၂၈ ပွဲနိုင် ငါးပွဲသရေ တစ်ပွဲရှုံး ရမှတ် ၈၉ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး အဆင့်(၂)နေရာမှ ဖိအားပေးနေသည့် နည်းပြမော်ရင်ဟို၏ ဖီနာဘာချီအသင်းသည် ၂၅ ပွဲနိုင် ခြောက်ပွဲသရေ သုံးပွဲရှုံးရမှတ် ၈၁ မှတ်သာရရှိထားပြီး ရမှတ်ရှစ်မှတ်ထိ ကွာဟနေသည့်အတွက် ဂါလာတာစာရေး အသင်းက ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အလားတူ တူကီယဲစူပါလီဂါ ပြိုင်ပွဲတွင် ဂါလာတာစာရေး အသင်းအနေဖြင့် ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ တိုက်စစ်ကစားသမား အိုဆီမန်သည်လည်း သွင်းဂိုး ၂၅ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေပြီး သွင်းဂိုးအများဆုံး ကစားသမားဆု ဆွတ်ခူးနိုင်ရန် နီးစပ်လျက်ရှိသည်။

ဂါလာတာစာရေး အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် တူကီယဲစူပါလီဂါဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက် ၂၅ ကြိမ်မြောက် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

## PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို စကော့တီရှက်ဖလာ ဆွတ်ခူးရရှိ



**နယူးယောက် မေ ၁၉**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနား ပြည်နယ်တွင် ကျင်းပခဲ့သည့် PGA Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် ဟာရစ်အင်္ဂလိစ်ချ်၊ ဒီချန်ဘိုနှင့် ဒါဗစ်ရိုင်လေတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

စကော့တီရှက်ဖလာအတွက် ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံး အကြိမ်ဆွတ်ခူးနိုင်ခဲ့သည့် ဆုဖလားဖြစ်ပြီး ကစားသမားဘဝသက်တမ်း တစ်လျှောက် တတိယမြောက် ဆွတ်ခူးရရှိခဲ့သော အဓိကဆု ဖလားဖြစ်ပြီး ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ခြင်းကြောင့် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၂ သန်းထိ ခံစားခွင့် ရခဲ့သည်။

စကော့တီရှက်ဖလာက “နောက်ဆုံးနေ့မှာ ရလဒ်မကောင်းခဲ့ဘူး ဆိုပေမဲ့ သတ်မှတ်ရိုက်ချက် အတိုင်း ရိုက်နိုင်ခဲ့သလိုအရင်နေ့တွေက ရလဒ်ကောင်းမွန်ခဲ့တဲ့ အတွက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ဆုံးနေ့မှာ သတ်မှတ်ရိုက်ချက် အတိုင်းသာ ရိုက်နိုင်ခဲ့ပေမဲ့လည်း အားလုံးက အခက်အခဲတွေနဲ့ ရင်ဆိုင်နေရချိန် ဒီရလဒ်ဟာ ရလဒ်ကောင်းတစ်ခုလို့ သတ်မှတ်နိုင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## Italian Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အယ်ကာရက်ဇ် ဆွတ်ခူး

**ရောမ မေ ၁၉**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပခဲ့သည့် Italian Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၇-၆၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာသည် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း အယ်ကာရက်ဇ်က ထိုက်တန်သော စွမ်းဆောင်ရည်ဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ၏ ၂၆ ပွဲဆက် ရှုံးပွဲမရှိသေးသည့်စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။



အယ်ကာရက်ဇ်က “ကျွန်တော့်အတွက် လုံးဝမမျှော်လင့်ထားတဲ့ အောင်မြင်မှုပါ။ ထိပ်တန်းအဆင့် ရောက်နေတဲ့ ဂျန်နစ်ခ်ဆင်နာကိုအီတလီမြေမှာ အနိုင်ယူဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စပါ။ ဒီဗိုလ်လုပွဲစဉ်ဟာ စိတ်ဓာတ်ပိုင်းက အဓိကစကားပြောပါတယ်။ အနိုင်ရရမယ်ဆိုတဲ့ စိတ်နဲ့ အကောင်းဆုံးကြိုးစားနိုင်ခဲ့တယ်။ ပွဲအစကနေ နောက်ဆုံးအထိ အမှားအယွင်း အနည်းဆုံးဖြစ်အောင်ကစားနိုင်ခဲ့တယ်။ ကျွန်တော့်အတွက်တော့ ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးရခဲ့တဲ့ Italian Open ဆုဖလားဖြစ်သလို အီတလီမြေမှာ ပထမဆုံးရခဲ့တဲ့ ဆုဖလားဖြစ်တဲ့ အတွက်ကြောင့် အမြဲတမ်း အမှတ်ရနေမဲ့ အောင်မြင်မှုလဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

## နေရှင်နယ်လိဂ်ပြိုင်ပွဲ၌ ISPE၊ Junior Lions နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အနိုင်ရရှိ

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ Junior Lions အသင်း၊ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းလေ့ကျင့်ရေးကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်နှင့် ၃၉ မိနစ်တို့တွင် စောအောင်မျိုးဦး၊ ပွဲချိန် ၈၆ မိနစ်တွင် စစ်ငြိမ်းချမ်းဦးတို့က သွင်းယူပေးခဲ့ပြီး ဒဂုံပေါ့အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် ဇော်ပိုင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်းတွင် Junior Lions အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်၊ ၈၁ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သော်ဇင်ကိုနှင့် ပွဲချိန် ၉၁ မိနစ်တွင် ခွန်မောင်လွန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။

ထို့အတူတောင်ဒဂုံအားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် ထူးဝဏ္ဏနှင့် ပွဲချိန် ၆၆ မိနစ်တွင် မင်းသန့်ဘိုတို့က သွင်းယူပေးခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ရန်နိုင်ဖြိုးက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

## ဂျာမန်ဘွန်ဒက်လီဂါ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို အိုလီဆီဆွတ်ခူးရရှိ



**ဘာလင် မေ ၁၉**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ အသင်းဖော် ဟယ်ရီကိန်းကိုကျော်ဖြတ်ပြီး အိုလီဆီက ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ အိုလီဆီသည် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီမှာပင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းဖော် ဟယ်ရီကိန်းကိုကျော်ဖြတ်ကာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အိုလီဆီသည် ယခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ၃၄ ပွဲထိ ပါဝင်ကစားခဲ့ပြီး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၅ ကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး ပြိုင်ပွဲ၏ ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သကဲ့သို့ ဂိုးပါဝင်ပတ်သက်မှု ၂၇ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် ပထမဆုံး ဘောလုံးရာသီ၌ ပြိုင်ပွဲ၏တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုလီဆီသည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်း ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ ကစားခဲ့ပြီး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ဂေဟစနစ်ထိန်းသိမ်းနိုင်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နွေရာသီအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာလျက်ရှိသည်။ သစ်ပင်သစ်တောများ ပြုန်းတီးလာပြီး ကမ္ဘာကြီးပူနွေးလာသည့်အကျိုး ဆက်ကြောင့်ပင်ဖြစ်သည်။

မိုးကြိုကာလတွင်ဖြစ်လေ့ဖြစ်ထရှိသော မိုးသက်လေပြင်းဒဏ်ကြောင့် လူနေအိမ်များပျက်စီးရလေ့ရှိသည်။ အထူးသဖြင့် လွင်တီးခေါင်များတွင်ဆောက်လုပ်ထားသည့် နေအိမ်များသည် ခေါင်မိုးများလန်ခြင်း၊ အကာများပြုတ်ကျခြင်း စသည့်ပျက်စီးမှုများစွာဖြစ်ရသည်။ စင်စစ်အားဖြင့် လေကာ၊ ရေကာပင်များမရှိသောကြောင့် ထိုသို့ပျက်စီးဆုံးရှုံးမှုများ ရခြင်းဖြစ်သည်။ ထို့ကြောင့် သစ်ပင်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကိုထိန်းသိမ်းရာတွင်သာမက သဘာဝဘေးအန္တရာယ်ကာကွယ်ရာတွင်လည်း များစွာအရေးပါလျက်ရှိသည်။

**ကြိုတင်ပြင်ဆင်ခြင်း**

နှစ်စဉ် မေလကုန် ဇွန်လ ပထမပတ်ခန့်တွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ မုတ်သုံလေ စတင်ဝင်ရောက်လေ့ရှိသည်။ မုတ်သုံလေနှင့်အတူ မိုးလည်းပါလာတော့မည်ဖြစ်သည်။ ထို့ကြောင့် မိုးရာသီအတွက် ဆောင်ရွက်ဖွယ်ရာများစွာရှိနေသည်။ အထူးသဖြင့် မိုးတွင်းကာလတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မပျက်မကွက်ပြုလုပ်သင့်သော အမျိုးသားရေးတာဝန်တစ်ရပ်ရှိလေသည်။ ထိုအရာကား အခြားမဟုတ်ချေ။ သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်းပင်ဖြစ်သည်။

မိုးရာသီတွင် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်ရန်အတွက် နွေရာသီကတည်းက ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ရတနာတန်းဝင်အပင်များ၊ စားပင်၊ သီးပင်များ၊ လေကာ၊ ရေကာပင်များ စသည်ဖြင့်စုံလင်အောင်ပျိုးထောင်ထားသင့်သည်။ ပျိုးထောင်ရာတွင် ပျိုးအိတ်ဖြင့်လည်းကောင်း၊ ပျိုးပေါင်လုပ်၍လည်းကောင်း သင့်တော်သလိုပျိုးထောင်နိုင်သည်။ ပျိုးပင်ရှင်သန်ဖြစ်ထွန်းရေးအတွက် စနစ်တကျပြုစုရန်လိုသည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသော အပင်များကို ပိုမိုစိုက်ပျိုးထားသင့်သည်။ ကျွန်းပင်၊ စိန်တလုံး၊ မချစ်စုသရက်ပင်တို့သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ သရက်၊ ပိန္နဲ၊ တည်း စသည့်နှစ်ရှည်စားပင်များစိုက်ပျိုးထားမည်ဆိုလျှင် မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးမည့်နေရာကို နွေရာသီကတည်းက ပေါင်းရှင်းထားသင့်သည်။ ထို့နောက် စိုက်ပျိုးမည့် အပင်အမျိုးအစားအပေါ်မူတည်၍ သင့်တော်သည့်အကွာအဝေးအတိုင်း မြေကျင်းများတူးထားသင့်သည်။ မြေကျင်းကိုအနည်းဆုံးအကျယ် နှစ်ပေပတ်လည်၊ အနက် တစ်ပေခန့် တူးထားသင့်သည်။ ထို့နောက် မြေကျင်းထဲတွင် နွားချေး၊ ဆိတ်ချေးနှင့် အခြားသောမြေဆွေးများထည့်ပြီး ရေလောင်းကာနှပ်ထားသင့်သည်။

**စတင်စိုက်ပျိုး**

မိုးဖြိုင်ဖြိုင်ရွာသည်နှင့် သစ်ပင်စတင်စိုက်ပျိုးသင့်သည်။ ဇွန်လ ပထမပတ်တွင်စိုက်ပျိုးထားသည့် အပင်များအနက် ၇၅ ရာခိုင်နှုန်းခန့်သည် ရှင်သန်ဖြစ်ထွန်းလေ့ရှိသည်။ ပျိုးပင်များကို သစ်ပင်စိုက်ပျိုးမည့်နေ့ရောက်မှသာပျိုးပေါင်မှ နုတ်ယူသင့်သည်။ ပျိုးပင်များကို အပူချိန်လျော့သည့် ညနေပိုင်းနှင့် နံနက်စောစောအချိန်များတွင်သာ နုတ်ယူသင့်သည်။ တစ်ရက်ကြိုတင်၍ နုတ်ထားမည်ဆိုလျှင်ရှင်သန်ရန် အခွင့်အလမ်းနည်းသည်။ ပျိုးအိတ်ဖြင့် ပျိုးထောင်ထားသောအပင်များကိုမူ ညနေပိုင်းကတည်းက စိုက်ပျိုးမည့်ကျင်းများဘေးတွင် ကြိုတင်ချထား၍ရနိုင်သည်။ အရေးကြီးဆုံးအချက်သည် ပျိုးပင်များသယ်ယူရာတွင် အထူးဂရုစိုက်ရန်လိုသည်။ ပျိုးပင်များကို ကြမ်းကြမ်းတမ်းတမ်းကိုင်ပြီး ဖြစ်သလိုပစ်တင်၊ ဖြစ်သလိုပစ်ချမည်ဆိုလျှင် ပျိုးပင်များနာသွားမည်ဖြစ်သည်။ ထို့ကြောင့် ပျိုးပင်များရွှေ့ပြောင်းရာတွင် စနစ်တကျဆောင်ရွက်ဖို့လိုသည်။

**ရှင်သန်ဖြစ်ထွန်းဖို့လို**

အထူးသဖြင့် သစ်ပင်များကို စတင်စိုက်ပျိုးကတည်းက ပျိုးအိတ်များကို ဓားနှင့်စနစ်တကျခွဲပြီး



မြေကျင်းထဲတွင်ထည့်ကာ မြေကိုသိပ်အောင်ဖို့ပြီး စိုက်ခဲ့သင့်သည်။ မြေကျင်းကိုလည်း စနစ်တကျဖို့ရန်လိုအပ်သည်။ ကျင်းထဲတွင် ရေများဝပ်နေပါက ခပ်ထုတ်ပစ်ရန်လိုအပ်သည်။ ပျိုးပင်များကိုရေဗွက်ထဲ၌ပင် ဖြစ်သလိုစိုက်ထားမည်ဆိုလျှင် ထိုအပင်မျိုးသည်ရှင်သန်ဖြစ်ထွန်းရန် အခွင့်အလမ်းနည်းပါးနေသည်။ သစ်ပင်စိုက်ပျိုးရာတွင် စေတနာပါမှသာလျှင် ရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် သစ်ပင်တစ်ပင်ကိုချက်ချင်းစိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပျိုးထောင်၊ ပေါင်းရှင်း၊ မြေညှိ၊ ကျင်းတူး၊ မြေသြဇာထည့် စသည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမှသာလျှင် စိုက်ပျိုးသောသစ်ပင်သည် ရှင်သန်နိုင်စွမ်းရှိမည်ဖြစ်သည်။ သစ်ပင်တစ်ပင်ကို ပေါင်းမြက်များဖုံးလွှမ်းပြီး ရေဝပ်နေသောနေရာများတွင် ချက်ချင်းကျင်းတူး၍ စိုက်ပျိုးမည်ဆိုလျှင် ရှင်သန်နိုင်စွမ်းသည်အလားအလာနည်းနေမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးထားသည့်အပင်ကို ဂရုမစိုက်ဘဲပစ်ထားမည်ဆိုလျှင် ပေါင်းပင်များကြား၌ ရှင်သန်ဖြစ်ထွန်းနိုင်ခြင်းမရှိဘဲ ရေငတ်၍ ခြောက်သွေ့သွားမည်ဖြစ်သည်။ အထူးသဖြင့် မိုးရာသီတွင် စိုက်ပျိုးထားသောသစ်ပင်များကို နွေရာသီရောက်လျှင် တောမီးထဲပါမသွားစေရေး အထူးဂရုပြုစောင့်ရှောက်သွားရန် လိုအပ်သည်။

**မွန်မြတ်သောအလုပ်**

အမှန်တွင် မည်သည့်အလုပ်တွင်မဆို တာဝန်ပေး၍ လုပ်ရသည်ဖြစ်စေ၊ မိမိစိတ်ဆန္ဒအရ လုပ်သည်ဖြစ်စေ အပြုသဘောဆောင်သည့်စိတ်ဓာတ်ရှိရန်လိုသည်။ သို့မှသာလျှင် မိမိလုပ်သောအလုပ်သည် အောင်မြင်မှုရရှိနိုင်သည်။ သစ်ပင်စိုက်ပျိုးရာတွင်လည်း စနစ်တကျရှင်သန်အောင် စိုက်ပျိုးသင့်သည်။ စိုက်ပျိုးသော သစ်ပင် ရှင်သန်ဖြစ်ထွန်းအောင်မြင်မည်ဆိုလျှင် မျိုးဆက်သစ်များအတွက် အကျိုးရှိရုံသာသာမက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်သောကြောင့် ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးခြင်းကို မွန်မြတ်သော အလုပ်အဖြစ်သဘောထားကာ ကြည်သာရွှင်ပျစွာဖြင့်တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားသင့်သည်။

**သစ်ပင်၏အကျိုးကျေးဇူးများ**

စင်စစ်အားဖြင့် ဤကမ္ဘာမြေပေါ်တွင်သစ်ပင်မရှိလျှင် သက်ရှိအားလုံးပျောက်ကွယ်သွားမည်ဖြစ်သည်။ သစ်ပင်များသည်လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့အသက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့်အမြစ်များသည် ရေဓာတ်ကိုစုပ်ယူထားပြီး ထွက်ရှိလာသော အရွက်များက အရိပ်အာဝါသကိုပေးစွမ်းသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အမြစ်များသည် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်သစ်တောပေါများသောဒေသရှိ ပြည်သူများသည် မျှတသည့်ရာသီဥတုကို ကြုံတွေ့ခံစားကြရသည်။

အမှန်တွင် သစ်ပင်စိုက်ပျိုးခြင်းသည် လတ်တလော အကျိုးကျေးဇူးများအပြင် အနာဂတ်မျိုးဆက်သစ်များအတွက်လည်း များစွာသော အကျိုးတရားများကိုရရှိစေသည်။ သစ်ပင်များမှ လက်တွေ့ရရှိသော အကျိုးကျေးဇူးများစွာအနက် တချို့မှာ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကို ကာကွယ်နိုင်ခြင်း၊ လေထုကိုသန့်စင်ပေးနိုင်ခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်း၊ စွမ်းအင်ထိန်းသိမ်းနိုင်ခြင်း၊ ပတ်ဝန်းကျင်ကိုအေးမြစေခြင်း၊ ရေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း၊ ရေအရင်းမြစ်ကိုထိန်းထားနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကိုကာကွယ်နိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ခြင်း၊ စားနပ်ရိက္ခာဖန်တီးပေးခြင်း၊ ဆူညံသံများကိုလျှော့ချပေးနိုင်ခြင်း၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှကာကွယ်ပေးနိုင်ခြင်းနှင့် လောင်စာနှင့်အသုံးအဆောင်ပစ္စည်းများ ပြုလုပ်နိုင်ခြင်းတို့ပင်ဖြစ်သည်။

ဤကမ္ဘာမြေကြီးဟန်ချက်ညီစွာ ရပ်တည်နေနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာ ပါဝင်သော ဂေဟစနစ်ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။ ထိုဂေဟစနစ်သည် လူသားတို့၏ပယောဂကြောင့် တဖြည်းဖြည်းယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ အထူးသဖြင့် သစ်ပင်များကိုလွန်ကဲစွာခုတ်ယူနေကြသောကြောင့်ဖြစ်သည်။ ထို့ပြင် ရှားပါးမျိုးစိတ်များကိုပါ သတ်ဖြတ်ရောင်းချနေကြသဖြင့် ဂေဟစနစ်သည် တစ်နေ့တခြား ပိုမိုဆုတ်ယုတ်လာနေပြီဖြစ်သည်။ ဂေဟစနစ်တစ်ခုလုံးအတွက် အခြေခံအကျဆုံးသည် သစ်ပင်များပင်ဖြစ်သည်။ သက်ရှိသတ္တဝါအားလုံးသည် သစ်ပင်များအပေါ်တွင် မှီတည်နေကြရသည်။

သစ်တောပြုန်းတီးမှုများကြောင့် လူသားတို့အပေါ်များစွာသောဆိုးကျိုးများကို သက်ရောက်စေနိုင်သည်။ အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လွှတ်လိုက်သော အခိုးအငွေ့များကိုစုပ်ယူနိုင်စွမ်းမရှိတော့သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားလာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လာသဖြင့် မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ သေကျေပျက်စီးကြသဖြင့် ဂေဟစနစ်ပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေလျှံခြင်း၊ လေထုအတွင်း၌ ရေငွေ့ခန်းခြောက်လာခြင်း၊ စားနပ်ရိက္ခာရှားပါးလာခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်လာစေသည်။

သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သက်ရှိလောကတည်မြဲရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။ သစ်တောများပြုန်းတီးမှုသည် လူသားများနှင့်သက်ရှိလောကအားလုံးကို ဆင့်ကဲဆိုးကျိုးများစွာကိုသာဖြစ်စေနိုင်သည်။ အထူးသဖြင့် နွေရာသီတွင် ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးပြတ်လပ်မှုများဖြစ်ပေါ်စေနိုင်သည်။ ထိုဆိုးကျိုးများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် သစ်ပင်သစ်တောများအပေါ် တန်ဖိုးထားတတ်သည့် အလေ့အကျင့်ကောင်းများမွေးမြူသွားရန်လိုအပ်သည်။ လူသားတို့သည် လတ်တလောအဖြစ်များသည့်ကိုယ်ကျိုးစီးပွားကိုသာ ရှုမြင်လျက် သစ်ပင်သစ်တောများကို စည်းမဲ့ကမ်းမဲ့ခုတ်လှဲရောင်းချခြင်းမျိုးကို အထူးရှောင်ကြဉ်သွားရန် လိုအပ်သည်။

ထို့ပြင် အကျိုးမဲ့ပြုန်းတီးသွားသောသစ်ပင်သစ်တောများနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင်စီမံချက်ဖြင့် စနစ်တကျ စိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး အနေဖြင့် နွေရာသီတွင် အပူဒဏ်ကာကွယ်နိုင်ရေးနှင့် အေးမြသော ဂေဟစနစ်ထိန်းသိမ်းနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေမည့် သစ်ပင်သစ်တောများ ပိုမိုရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါသည်။

# ရင်ထဲကဒဏ္ဍာရီရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar You Tube Channel မှ ထုတ်လွှင့်ပြသပေးမည်ဖြစ်



**ရန်ကုန် မေ ၁၉**

ရင်ထဲကဒဏ္ဍာရီ ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar You Tube Channel မှ မေလ စတုတ္ထပတ်တွင် ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ရင်ထဲကဒဏ္ဍာရီရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

အဆိုပါရင်ထဲကဒဏ္ဍာရီရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ထုတ်လွှင့်ပေးခဲ့ပြီးဖြစ်ကာ ယခု မေလတွင် ပရိသတ်များ အွန်လိုင်းမှ အချိန်မရွေး လွယ်လင့်တကူ ထပ်မံကြည့်ရှုနိုင်ရန်အတွက် Channel K Myanmar You Tube Channel မှ မေလ စတုတ္ထပတ်အတွင်း ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲက ယူခွင့်၊ ပိုင်ဆိုင်ခွင့်ဆိုတာထက် ချစ်နေခွင့်၊ ပေးဆပ်ခွင့်တွေနဲ့သာ ကျေနပ်နေတဲ့ အညတရ ကောင်လေးနဲ့ အရာအားလုံးကို စွန့်လွှတ်ပြီး ချစ်ရသူကိုသာ ရွေးချယ်ထားတဲ့ ဆရာဝန်မလေးတို့ရဲ့ အချစ်ဇာတ်လမ်းလေးပါ။ ဒီနှစ် ဖေဖော်ဝါရီလတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပေးပြီးပါပြီ။ အခုတစ်ခါကတော့ အွန်လိုင်းကနေ အလွယ်တကူ အချိန်မရွေးကြည့်ရှုနိုင်ဖို့ Channel K Myanmar You Tube Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

အဆိုပါ ရင်ထဲကဒဏ္ဍာရီ ရုပ်သံဇာတ်လမ်းတွဲသည် လွှမ်းပိုင်၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ ဝင်းလွင်ထက်က ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် လွှမ်းပိုင်၊ အရိုင်း၊ ထူးသာ၊ ညီဂျော်၊ သုတဇော်၊ မောင်ကင်း၊ အုပ်သာကျော်၊ အောင်ပြည့်လျှံ၊ နော်ဖောအယ်ထား၊ မြမျက်ခြယ်၊ ရွှေပုဏ္ဏမီကျော်၊ ဥသြသံသာချို၊ ယမုံ၊ ငြိမ်းဆုသာ၊ နန်းခမ်းဝါ၊ ရွှေနဒီနှင့် သရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Syndicate လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသားဂျင်ကာဗီဇယ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၉**

Syndicate အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂျင်ကာဗီဇယ်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Syndicate ဇာတ်ကားတွင် မင်းသား ဂျင်ကာဗီဇယ်သည် နှစ်ထပ်ကွမ်းအော်စကာမင်းသားကြီး ဂျွန်ထရာဗိုတာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။


Syndicate ဇာတ်ကားသည် အကျဉ်းထောင်ထဲတွင် နှစ်ပေါင်း ၃၀ နေခဲ့ရစဉ် ဘုရားသခင်နှင့် ဘာသာတရားကို ရှာဖွေရန် ကြိုးပမ်းခဲ့သော အကျဉ်းသားဟောင်းတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အဆစ်အက္ကဘာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားကြောင်း သိရသည်။

Syndicate ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ယခုနှစ် နွေရာသီအတွင်း အမေရိကန်နိုင်ငံ၌ စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Syndicate ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO





# တေးသံရှင် ဂျီဖတ်၏ G Fatt Live Show တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်

**ရန်ကုန် မေ ၁၉**

တေးသံရှင် ဂျီဖတ်၏ G Fatt Live Show တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ မေ ၂၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျီဖတ်က ပြောပြ၍ သိရသည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် လာမည့် မေ ၂၄ ရက်ညတွင် G Fatt Live Show အဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပွဲပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့က ပရိသတ်တွေနဲ့ မဆုံတာလဲ ကြာပြီဖြစ်တဲ့ G Fatt Live Show ပွဲကြီးမှာ မိုက်ပါတယ်၊ ကြမ်းပါတယ်ဆိုတဲ့ ပွဲတွေထက် အခမ်းနားဆုံးပွဲလေး ဖြစ်အောင် ကျွန်တော်တို့ Judson က အပြည့်အဝ ဖန်တီးပေးမှာမို့ အရောက်လှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဂျီဖတ်က ပြောပြသည်။

တေးသံရှင် ဂျီဖတ်၏ G Fatt Live Show တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် မေ ၂၄ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Fail-Safe ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသမီး ဘရီးလာဆင် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၁၉**

Fail-Safe အမည်ရှိ ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်တွင် အော်စကာဆုရှင် မင်းသမီး ဘရီးလာဆင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Fail-Safe ဇာတ်ကားသည် မိဘနှစ်ပါးစလုံးက မိခင်ဖြစ်သူ၏ သဘာဝအမှန်ကို ဖုံးကွယ်ထားကြောင်း သိမြင်လာသည့်လူငယ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျေတီမိုလာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘရိုင်မန်ဒက်ဖီးက စာရေးဆရာ ဖိလစ်ဖရာကတ်ဆီ၏ ဝတ္ထုတိုတစ်ပုဒ်ကို အခြေခံရေးသားပေးထားကြောင်း သိရသည်။

မင်းသမီး ဘရီးလာဆင်သည် Room 2016 ဇာတ်ကားဖြင့် အော်စကာဆု ရရှိထားသော မင်းသမီးဖြစ်သည်။

လက်ရှိအချိန်တွင် Fail-Safe ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# Mahar Application ၏ မူပိုင်ဇာတ်လမ်းဖြစ်သည့် နွေရာသီ ၃၆ ဇာတ်လမ်း Premiere Show ပွဲ ပြုလုပ်

**ရန်ကုန် မေ ၁၉**

Mahar Application ၏ မူပိုင်ဇာတ်လမ်းဖြစ်သည့် နွေရာသီ ၃၆ ဇာတ်လမ်း Premiere Show ပွဲကို မေ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေး အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ နွေရာသီ ၃၆ ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြ၍ သိရသည်။

အဆိုပါ နွေရာသီ ၃၆ ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ကောင်းမြတ်သူကျော်က ရေးသားထားကာ Mahar Application အတွက် ဒါရိုက်တာ ကောင်းမြတ်သူကျော်ကပင် ဖန်တီးပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီကားလေးက ရိုမန့်ဒရာမာဇာတ်လမ်းပုံစံလေးပါ။ ဟာသပုံစံလေးတွေလဲပါပါတယ်။ နွေရာသီမှာ၊ ၃၆ လမ်းမှာဖြစ်တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပုံဖော်ထားတာဖြစ်တဲ့အတွက် ကြည့်လို့ကောင်းပါတယ်။ ဒီဇာတ်ကားထဲမှာတော့ အရင်မြင်နေကျပုံစံလိုမျိုး ခပ်အေးအေးပုံစံမျိုးမဟုတ်ဘဲ ခပ်သွက်သွက်ပုံစံလေးမြင်ရမှာပါ။ ရိုက်ရတာလဲ ဆူးလေတစ်ဝိုက်မှာ ရိုက်ခဲ့ရတာဆိုတော့ ပျော်ဖို့ကောင်းပါတယ်" ဟု သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောသည်။

အဆိုပါ နွေရာသီ ၃၆ ဇာတ်လမ်းသစ်တွင် သရုပ်ဆောင်များအဖြစ် မင်းဘုန်းမြတ်၊ ထူးနိုင်လင်း၊ တာတာ၊ ထက်အောင်လင်း၊ ထက်ထက်ထွန်း၊ အေဏီဇော်၊ ဒေါ်ဝေဝေခင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC government meeting



Senior General Min Aung Hlaing addresses the SAC government meeting.

**Nay Pyi Taw May 19**

The State Administration Council government held its work coordination meeting at the SAC Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, Joint SAC Secretary General Ye Win Oo, SAC members, union level dignitaries, union ministers, the Nay Pyi Taw Council chair, region/state chief ministers, and deputy ministers.

**Political developments**

In his keynote address, the Senior General said the SAC government assumed the duties of the State in accord with the 2008 Constitution because of vote rigging in 2020 multiparty democracy general election. Since its assumption of the duties, the SAC government has appointed both military personnel and civilians as union level dignitaries, region/state chief ministers in a fair manner. During its days in office, the SAC government has striven to achieve success in carrying out the task.

Throughout history of Myanmar, educational and economic weaknesses can be found in regions and states. Those weaknesses have led to the appearance of political instigations throughout the successive periods, and they were recorded in history as lessons of the past. Non-disintegration of Union was taken into account in writing the 2008 Constitution and adopting multiparty democracy. Federal rights are also included in the rights the 2008 Constitution has provided to regions and stated.

After the 2010 multiparty democracy general election, the state duties were transferred to the party that won the election. During its administration under multiparty democracy, disagreements appeared in the ruling party. During the term of the first democracy government, negotiations were held with EAOs for achieving internal peace, and the nationwide ceasefire agreement (NCA) could be signed. During the time, the opposition NLP party launched anti-NCA campaigns.

Tatmadaw provided cooperation to the most possible degree during the term of the second democracy government in 2015. The said government had never organized a National Defence and Security Council meeting even in the times that were vital for the country. In addition, it approved the unlawful provisions and did many acts that were against the law.

The nation saw an about Ks 12 billion trade deficit during the first democracy government, and another about Ks 12 billion during the second democracy government, about Ks 25-billion mark. The governments tried to solve the problem with foreign aid, loans and income from non-trade activities. The data showed an increase in the number of students at schools during the first democracy government. But it dropped during the Covid-19 epidemic. Such trends in education must be aware of.

The State Peace and Development Council government set up special regions for achieving internal peace in 1989. The first democracy government was able to sign the NCA. There were a lot of hardships in the peace process throughout history. The second democracy government changed the name of the peace conference to 21st century Panglong conference. Hence, the appearance of possible hardships due to historical events had to be notified.

The Tatmadaw realized the way to multiparty democracy. The Tatmadaw had already declared the adoption of multiparty democracy in 1988, according to the aspiration of the people. As the name of the book "the country was young, and the storm was fierce" compiled by Col Tin Maung (retired), during that time, democracy was young, and the storm was fierce.

As the government has taken responsibilities of the State in accordance with the 2008 Constitution, it is essential to proceed towards a multiparty democratic system desired by the people. Therefore, elections must be held as originally intended. It would be best if elections could be held on a nationwide scale. However, just as it was not possible to achieve full implementation in the multiparty general elections of 2010, 2015, and 2020, the election was held amidst various difficulties during the AFPFL period. In holding elections, it is important that they are free, fair, and successful. The Constitution outlines significant provisions regarding the convening of the Hluttaw (Parliament) under Sections 85, 128, and 155. A review of the laws shows that elections can be held successfully with substantial participation. Administering national affairs through an elected government is ultimately the best course for the country. The Constitution also stipulates that elections can be held based on the final decision of the National Defence and Security Council.

In carrying out political responsibilities, the government is implementing the separation of powers among the legislative, executive, and judicial branches. With regard to administration, authority has been delegated from the ward and village levels up to the state and region levels. The government is operating in accordance with the policies laid down by the Constitution of the Republic of the Union of Myanmar. Therefore, it is necessary for those from administrative bodies at the state and regional levels, as well as at the district, township, ward, and village levels, to possess sufficient qualifications. Those who hold administrative responsibilities and civil servants must remain free from party politics. Accordingly, administrators must not only be well-qualified but also possess administrative competence, legal knowledge, and a vision for regional development.

**Development of education sector must be initiated**

In order to carry out such tasks effectively, it is essential to develop qualified and capable human resources. It is also necessary to implement economic development, as only with the presence of educated individuals can the future of the nation be assured with confidence. Therefore, it is important to consistently hold this belief. Our country has faced weaknesses in the education sector since before gaining independence. This can be understood by studying the historical background of the nation. There are also historical records indicating that, during the reign of ancient kings, scholars were sent to European countries for further study. Thus, it is necessary to revisit and analyze the education systems practised during the monarchical era and those used across generations. Regarding the weaknesses in education, reforms and improvements must be actively undertaken to enhance the sector. The State Administration Council in its tenure has worked to significantly improve the education system. At education conferences, not only were topics presented, but practical decisions on how to enhance the education system were made and implemented. It is also necessary to consider how students who sat for matriculation exams but were unsuccessful can still contribute meaningfully to the nation. Therefore, in consultation with responsible officials and experts, efforts have been made to introduce polytechnic education in relevant fields so that students can enter the workforce. The establishment of Polytechnic Universities that combine computer studies and technology has been successful, and tangible outcomes have been observed. It is crucial for us to manage and implement educational reforms with a long-term perspective in mind. Many students drop out as early as the middle school level. As a result, schools offering vocational training in agriculture, livestock breeding, and industrial arts have been opened and have achieved notable success. It is essential to produce skilled professionals in the fields of agriculture, livestock, and industry.

Due to the powerful Mandalay earthquake that struck on 28 March, some matriculation exam answer sheets were damaged or destroyed. As a result, arrangements had to be made for the exams to be retaken. Although there have been suggestions to grant passing marks through leniency since the damage was caused by a natural disaster, it was decided that students should retake the exams in accordance with academic integrity and *See Page 13*

*From Page 12*

international standards. The government has also been providing necessary support and assistance to ensure smooth and convenient conditions for students and teachers in the areas where the exams are to be retaken.

Regarding the reopening of schools, May 22nd marks the beginning of school enrollment week. Regional and state chief ministers, along with responsible officials, must ensure that all schools in their respective areas are able to reopen. It is essential that terrorist groups refrain from any actions that disrupt education. If the education sector is obstructed or destroyed, the affected regions will lag behind others. Terrorists must understand that undermining education is tantamount to destroying their own future.

**Promoting the health sector**

The health sector still faces significant challenges. Daily social activities often lack health-conscious behaviour, and public awareness regarding health remains insufficient. In some regions, violence and conflicts have further weakened healthcare systems. Improving health outcomes is not solely the responsibility of medical professionals but requires cooperation from all related personnel and the general public. The government has implemented key policies, including the principle that only the healthy can work and study, the recognition that nothing is more valuable than human life, and the mandate that every hospital must have doctors. Efforts have been made to deploy necessary health workers and provide medical supplies. When the current administration assumed office, many civil servants, including health workers, had already left their posts. During the COVID-19 pandemic and political conflicts, the government mobilized available resources to address these crises, even deploying military doctors and medics across the country to ensure treatment. The primary focus remains on safeguarding public health. Further improvements are needed, particularly in hospital infrastructure and land allocation. Education and healthcare are fundamental sectors that require sustained investment and collaboration. Officials at all levels, including regional and state authorities, must work together to strengthen these areas.

**Preparing for natural disasters**

Myanmar has endured severe natural disasters, including pandemics, extreme weather events, conflicts, and earthquakes, resulting in substantial losses for both the state and its citizens. In 2023, Cyclone Mocha struck Rakhine State, causing damages worth 534.146 billion kyats. The government allocated over 73.797 billion kyats for recovery efforts, let alone spending by the public. The following year, Cyclone Yagi brought torrential rains, leading to losses of 466.231 billion kyats, with 54.807 billion kyats designated for reconstruction. Additionally, the March 28 earthquake in Mandalay resulted in damages totaling 3,629.288 billion kyats, and recovery operations are still underway. Without these disasters, the country's development progress would have been far greater. Beyond natural calamities, terrorist activities have also inflicted heavy casualties, destroyed public infrastructure, and caused significant losses to civilian property—all of which represent major setbacks for the nation. To minimize the impact of such disasters, robust preparedness measures are essential. At the same time, armed conflicts continue to cause immense destruction, underscoring the urgent need for peacebuilding efforts.

Regarding the economy, it is essential for a country to be economically strong to achieve progress. It is the responsibility of the government to strengthen the economy. As the country's GDP is lower than that of neighboring countries, greater efforts must be exerted than are currently being made. The government will focus on setting policies, while the regions and states will be responsible for their effective implementation. It is the government's duty to create employment opportunities and promote job growth. To support this, loans are being provided, and necessary needs are being addressed. However, the work carried out by the regions and states has not been as successful as expected. It is evident that the goals and objectives in agricultural activities have not yet been achieved. In the case of oilseed crops, yields remain low, and the country still relies on imports. According to calculations, the national income has declined by over 8 billion US dollars as a result of falling short of the agricultural production targets. If the full potential of sequential cropping is utilized, it could generate an additional revenue of approximately 14 billion US dollars. Although the country possesses fertile land and labor resources, income levels remain low due to the lack of practical implementation. Another important factor to consider is the instability of currency values. If domestic goods production can be increased to boost national income, it would help stabilize the currency and prevent a rise in commodity prices. Therefore, it is essential to carry out responsibilities effectively and actively promote economic growth. It is necessary to identify solutions to the rising cost of goods and to take measures to address the high cost of production as well as the imbalance between supply and demand. Therefore, efforts must be made to increase production.

**The provision of adequate electricity and the improvement of road connectivity**

Regarding the electricity sector, there was a need that was addressed by utilizing solar energy to provide electricity in a short time. Although terrorists have been destroying, disrupting, and threatening factories, workshops, and electricity transmission towers to hinder electricity generation, appreciation is extended to the employees of the Ministry of Electric Power for their dedicated efforts in ensuring the provision of electricity. It is also observed that the Ministry of Transport and Communications is making efforts to repair damage caused by terrorist bombings and the destruction of roads and bridges within days and hours. It was also noted that the Ministry of Construction is working to repair damaged roads and bridges as promptly as possible. Without effective transportation and communication, numerous challenges arise in achieving economic development, which in turn impacts the socio-economic lives of the people. Therefore, the efforts of the relevant ministries are duly recognized. He discussed the importance of establishing a government that the public can trust and rely on, as well as the need to create a positive historical legacy.

Subsequently, the Chairman of the Nay Pyi Taw Council and the Chief Ministers of the Regions and States discussed and presented regional data summaries by region and state, the status of regional development activities, current progress in the administrative, economic, and social sectors, as well as general reports. The first day of the coordination meeting was reportedly concluded in the evening. 100

# Indonesia raises alert status as Mt. Lewotobi erupts, expands danger zone

**Jakarta May 19**

Indonesia's Center for Volcanology and Geological Disaster Mitigation has elevated the alert status of Mount Lewotobi in East Nusa Tenggara Province and expanded the danger zone as volcanic eruptions continue.

The alert status was raised on Sunday night following multiple eruptions, with the strongest sending an ash column 6 km into the sky.

Authorities have extended the danger zone from 6 to 7 km for areas northwest, north, and northeast of the crater. Outside these areas, the 6-km restriction remains in effect.

On Monday, Mt. Lewotobi erupted again at 15:47 local time, spewing an ash plume 5 km high. Thick gray clouds are drifting northward and northwestward from the volcano.

The Volcano Observatory Notice for Aviation remains at a red-level warning, the highest alert. It prohibits flights below 6 km near the volcano and advises caution due to volcanic ash, which can disrupt aircraft operations.

Communities near the volcano, as well as tourists and visitors, are barred from any activities within a 7-km radius of the crater in the west, north, and northeast sectors. Outside these areas, the 6-km restriction applies.

Residents near the volcano are urged to remain vigilant against potential lava floods caused by rainfall in rivers originating from the summit. Those in ash-affected areas should wear face masks or nose coverings for protection.

Standing at 1,584 meters, Mt. Lewotobi is one of Indonesia's 127 active volcanoes.

Xinhua

# Trump's tax-cut bill passes Congress committee vote

**Washington May 19**

U.S. President Donald Trump's tax-cut bill passed a key congressional committee vote on Sunday, paving the way for a chamber-wide vote.

The bill passed in a 17-16 vote along party lines, with four Republican conservatives at the House Budget Committee, who had previously blocked the bill, allowing it to advance by voting "present."

The bill includes a major spending increase for immigration enforcement and the military, and will extend Trump's 2017 tax cuts, which are to expire at the end of this year.

Also included in the bill are a series of cuts to Medicaid, food assistance and clean energy funding.

The bill may have to be adjusted to pass the full House, according to U.S. media, as Senate Republicans have signaled that it won't get passed without major changes. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်ရေတပ် ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော HMS Dragon က စူပါဆောနစ်ဒုံးကျည်ကို ပထမဆုံးအကြိမ် ကြားဖြတ်ပစ်ချနိုင်ခဲ့



ဗြိတိန် တော်ဝင်ရေတပ်မှ Type 45 Daring-class အတန်းအစား ပဲ့ထိန်း ဒုံးကျည်တင်ဖျက်သင်္ဘော HMS Dragon သည် Sea Viper ဒုံးကျည်စနစ်အသုံးပြု၍ စူပါဆောနစ် ဒုံးကျည်တစ်စင်းကို မေ ၁၆ ရက်က အောင်မြင်စွာ ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စကော့တလန်ကမ်းခြေ၌ ပြုလုပ်သည့် ဥရောပပေါင်းစည်းလေကြောင်း၊ ဒုံးကျည်ကာကွယ်ရေးနှင့် ပတ်သက်၍ အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သော Exercise Formidable Shield 2025 အတွင်း လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗြိတိန်တော်ဝင်ရေတပ် စစ်သင်္ဘောတစ်စီးအနေဖြင့် စူပါဆောနစ်ဒုံးကျည်တစ်စင်းကို ပထမဆုံးအကြိမ် အောင်မြင်စွာ ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်းဖြစ်ပြီး ခေတ်သစ်ရေကြောင်းစစ်ပွဲ၏ ထွက်ပေါ်လာသော စိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။

စမ်းသပ်ပစ်ခတ်မှုစနစ်ပိုင်းတွင် အဆင့်မြှင့်တင်ထားသော Sea Viper ဒုံးကျည်တစ်စင်းသည် မျိုးဆက်သစ်သင်္ဘောဖျက်ဒုံးကျည်ပုံစံတူ မြန်နှုန်းမြင့်ပစ်မှတ်တစ်ခုကို ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါသဏ္ဌာန်တူပစ်မှတ်များသည် အကွေ့အကောက်၊ ခရုပတ်ခွေလမ်းကြောင်းများဖြင့် စူပါဆောနစ်နှင့် ဟိုက်ပါဆောနစ်ဒုံးကျည်များတွင် တွေ့မြင်လာရနိုင်သည့် လှုပ်ရှားစစ်ကစားမှုများအတိုင်း ပျံသန်းမှုများ ပြုလုပ်ခဲ့ကြသည်။ သို့ဖြစ်၍ ထိုသို့သော စူပါဆောနစ်ပစ်မှတ်မျိုးကို အောင်မြင်စွာ ကြားဖြတ်ပစ်ချနိုင်ခဲ့ခြင်းသည် Sea Viper ဒုံးကျည်စနစ်၏ တိုက်ပွဲဝင်ထိရောက်မှုနှင့် လေကြောင်းခြိမ်းခြောက်မှုများကြားတွင် ဖျက်သင်္ဘော၏ တိုက်ပွဲဝင်အသင့်ဖြစ်မှု မြင့်မားကောင်းမွန်ခြင်းကို အတည်ပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

HMS Dragon ဖျက်သင်္ဘောသည် ဗြိတိန်တော်ဝင်ရေတပ်၊ စစ်ရေယာဉ်စုများတွင် လေကြောင်းရန်ကာကွယ်ရေး စစ်ရေယာဉ်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် တည်ဆောက်ထားသော Type 45 ပဲ့ထိန်းဒုံးကျည်တင်ဖျက်သင်္ဘော ခြောက်စီးအနက်မှ တစ်စီးဖြစ်သည်။ အဆိုပါစစ်ရေယာဉ်များသည် လေယာဉ်တင်သင်္ဘောများနှင့် ကုန်းရေနှစ်သွယ်သွား ချေမှုန်းရေးသင်္ဘောများအပါအဝင် တိုက်ခိုက်ရေးစစ်သင်္ဘောအုပ်များကို လေကြောင်းခြိမ်းခြောက်မှု အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန် အထူးဒီဇိုင်းထုတ်ထားသည့် ကမ္ဘာပေါ်ရှိ အမျိုးအစားတူ ဖျက်သင်္ဘောများတွင် စွမ်းဆောင်ရည်အရှိဆုံးအဖြစ် သတ်မှတ်ခံထားရသည်။

Type 45 ဖျက်သင်္ဘောတွင် Principal Anti-Air Missile System (PAAMS) လေကြောင်းရန်ကာကွယ်ရေးစနစ်အပေါ်တွင် အခြေခံထားသော ပေါင်းစည်းတိုက်ပွဲဝင်စနစ်သည် အဓိကစွမ်းအားဖြစ်သည်။ ဗြိတိန်ရေတပ်တွင် PAAMS သည် Sea Viper ဒုံးကျည်စနစ်နှင့် အဆင့်မြင့် ရေဒါစနစ်နှစ်ခုတို့ ပါဝင်ဖွဲ့စည်းထားသည်။ ရေဒါစနစ်နှစ်ခုမှာ SAMPSON Active Electronically Scanned Arrayရေဒါနှင့် S1850M တာဝေးရှာရေဒါစနစ်တို့ဖြစ်သည်။ ၎င်းစနစ်များသည် ဒီဂရီ ၃၆၀ ပတ်လည် လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိပြီး အကွာအဝေး ကီလိုမီတာ ၄၀၀ ကျော်ထိ ပစ်မှတ်ရာပေါင်းများစွာကို တစ်ပြိုင်နက်တည်း ခြေရာခံထိန်းကျောင်းနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Breaking News: British Navy Guided-Missile Destroyer HMS Dragon Intercepts Supersonic Missile for First Timeကို ဘာသာပြန်ဆိုထားပါသည်။**

## ယူအေအီးက အမေရိကန် Raytheon ကုမ္ပဏီနှင့်ပူးပေါင်း၍ ကာကွယ်ရေးစက်မှုဆိုင်ရာဖက်စပ်လုပ်ငန်းသစ်တစ်ခု ဖွဲ့စည်းထူထောင်နိုင်ခဲ့

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီးနိုင်ငံ)သည် အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီနှင့် ပူးပေါင်း၍ ကာကွယ်ရေးစက်မှုဆိုင်ရာ ဖက်စပ်လုပ်ငန်းသစ်တစ်ခုကို မေ ၁၅ ရက်က ဖွဲ့စည်းထူထောင်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတို့သည် ဧရိယာစတုရန်းပေ ၂၁၅၀၀ ကျယ်ဝန်းသော Abu Dhabi မြို့တော်၏ Tawazun စက်မှုဥယျာဉ်တွင် Coyote Counter-Unmanned Aerial System (C-UAS) တန်ပြန်မောင်းသူမဲ့ လေယာဉ်တိုက်ဖျက်ရေးစနစ်ကို ထုတ်လုပ်စမ်းသပ်ခြင်းအတွက် ဒေသတွင်းအချက်အချာနေရာတစ်ခုအဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Coyote C-UAS တန်ပြန်မောင်းသူမဲ့ လေယာဉ် တိုက်ဖျက်ရေးစနစ်သည် မိုဘိုင်းနှင့် ပုံသေပစ်လောင်ချာများဖြင့် လျင်မြန်စွာ တိုက်ပွဲဝင်ဖြန့်ကြက်နိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ၎င်းသည် လက်ရှိရှိနှင့်ပြီးသား ရေဒါစနစ်၊အမိန့်ပေးထိန်းချုပ်မှုစနစ်များနှင့် ချောမွေ့စွာ ပေါင်းစပ်အသုံးပြုနိုင်မည်ဖြစ်သည်။ အမေရိကန်တပ်မတော်မှ အဆိုပါစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်အသုံးပြုထားပြီး လက်တွေ့စစ်ဆင်ရေးများထိ စနစ်၏ယုံကြည်စိတ်ချရမှုကို သက်သေပြထားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယူအေအီးနိုင်ငံအတွက် ဤသို့ စွယ်စုံရ တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ဒေသတွင်းထုတ်လုပ်စမ်းသပ်မှု ပူးပေါင်းလုပ်ဆောင်နိုင်ခြင်းသည် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန် မဟာဗျူဟာမြောက် အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။ ကိုယ်ပိုင်တီထွင်ထုတ်လုပ်နိုင်မည့် စက်မှုလုပ်ငန်းအတွက် ရေရှည်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဟု ဆိုနိုင်သည်။

ဤစီမံကိန်းသည် ယူအေအီးနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို ဒေသတွင်းစံနှုန်းမီရန်နှင့် နိုင်ငံခြားတိုင်းပြည်များမှ စစ်လက်နက်ပစ္စည်း တင်သွင်းဝယ်ယူနေရမှုအပေါ် မှီခိုမှုလျှော့ချရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းလုပ်ဆောင်လာမှု၏ အခြေခံအုတ်မြစ်တစ်ရပ်လည်းဖြစ်သည်။ နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂ ဘီလီယံထိရောက်ရှိခဲ့ပြီး အသွင်ပြောင်းလဲလာသော ကာကွယ်ရေးနည်းပညာများတွင် ရင်းနှီးမြှုပ်နှံရန် အဆင်သင့်အနေအထားကို လှစ်ဟပြသနေခြင်းလည်းဖြစ်သည်။

ဖက်စပ်အကျိုးတူ လုပ်ငန်းသစ်သည် Coyote တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ်အတွက် လိုအပ်သော ရွေ့ပြေးနမူနာပုံစံ အစိတ်အပိုင်းများကို ထုတ်လုပ်ပေးလျက်ရှိသည့် EDGE Group



ကုမ္ပဏီကဲ့သို့သော ဒေသတွင်း စက်မှုလုပ်ငန်းထိပ်သီးကုမ္ပဏီများ ပါဝင်လာမည်ဖြစ်သည့်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များ ပေါင်းစပ်လုပ်ဆောင်နိုင်မှုသည် ယူအေအီးနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း အခန်းကဏ္ဍသစ်အတွက် အချိုးအကွေ့တစ်ခုလည်းဖြစ်မည်။ စစ်ဘက်အသုံးချမှုများအတွက် ချက်ချင်းဖော်ဆောင်နိုင်မည့်အပြင် Coyote စနစ် ထုတ်လုပ်ရေးဗဟိုချက်မအဖြစ် ရွေးချယ်ခံရခြင်းသည် မဟာဗျူဟာမြောက် အားသာချက်များစွာ ပိုင်ဆိုင်လာနိုင်စေမည်ဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေးအတွက် ပံ့ပိုးရေးလုပ်ငန်းများ ခိုင်မာအားကောင်းစေရုံမျှမက ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များကို လျော့ပါးသက်သာစေကာ အဆင့်မြင့်ထုတ်လုပ်ရေးနှင့် လေကြောင်းနှင့် အာကာသ အင်ဂျင်နီယာကဲ့သို့ တန်ဖိုးမြင့် မားသော အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

ထို့ပြင် ယူအေအီးနိုင်ငံသည် နိုင်ငံတော်နှင့်မဟာမိတ်နိုင်ငံများ၏ ကာကွယ်ရေးလိုအပ်ချက်များကို ပံ့ပိုးနိုင်သောကာကွယ်ရေးနည်းပညာအတွက် ဒေသတွင်းအရေးပါသော နိုင်ငံတစ်နိုင်ငံအဖြစ် တန်းဝင်လာစေမည်ဖြစ်ကြောင်း သိရသည်။

**U.S.-UAE Defense Alliance Expands with Local Coyote Counter-Unmanned Aerial System Production ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မိုးညှင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၉၃၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**မိုးညှင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၉၃၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးညှင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ဧက ၉၃၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုကို မေလအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးညှင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ရုံးပတီ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်" ဟု မိုးညှင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မိုးညှင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍သိရသည်။ (၂၀၆)

# မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မြောင်းမြ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၀၂၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကေလျှင် ၁၇ ဒသမ ၈၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

''မြောင်းမြခရိုင်မှာ ဆောင်းသီးနှံ ဗိုလ်ကိတ်ပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဗိုလ်ကိတ်ပဲဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ စိုက်ပျိုးထားတဲ့ ဗိုလ်ကိတ်ပဲတွေ အသီးကောင်းစေဖို့၊ အထွက်အနှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲများ ရိတ်သိမ်းပြီးစီးမှုအနေဖြင့် အိမ်မဲမြို့နယ်တွင် ၄၄၉ ဧက၊ မြောင်းမြမြို့နယ်တွင် ၄၇၁၈ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၅၀၅၉ ဧက စုစုပေါင်း ၁၀၂၂၆ ဧကဖြစ်ကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ငလှိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငလှိုင်ကျေးရွာ၌ ဆင့်မအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ငလှိုင်ကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ရန်ပုံငွေကျပ် ၃၅ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**




# ညောင်ဦးမြို့နယ် ငါ့လင်းပုတ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**ညောင်ဦး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ငါ့လင်းပုတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ငါ့လင်းပုတ်ကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



**ရှေ့ဖုံးမှအဆက်**

> **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရန်လို . . .**
>
> **ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ် . . .**
>
> **အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လို . . .**

ပြည်နယ်ဝန်ကြီးချုပ်များ တာဝန်ပေးအပ်ရာတွင်လည်း တပ်မတော်သားများကိုသာ ခန့်အပ်ခြင်းမဟုတ်ဘဲ စစ်ဘက်နှင့် နယ်ဘက်မျှတအောင်တာဝန်ပေးခန့်အပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ချိန်ကာလအတွင်း လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းတစ်လျှောက်ကြည့်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးအရ၊ စီးပွားရေးအရ အားနည်းမှုများရှိကြောင်း၊ အဆိုပါအားနည်းမှုများကြောင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရလှုံ့ဆော်မှုမျိုးစုံကို ခံစားခဲ့ရပြီး တိုင်းပြည်တည်ငြိမ်မှုမရှိခဲ့ခြင်းကို သမိုင်းမှတ်တမ်းများတွင် သမိုင်းသင်ခန်းစာအဖြစ် တွေ့ရှိနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌လျှောက်လှမ်းရာတွင် ပြည်ထောင်စုမပြိုကွဲရေးအတွက် တွက်ဆ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ပေးထားသည့် အခွင့်အရေးများ၌ ဖက်ဒရယ်အခွင့်အရေးများပေးထားသည်ကို တွေ့ရကြောင်း။

၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး အာဏာရပါတီကို နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်၌ အာဏာရပါတီအတွင်း သဘောထားကွဲလွဲမှုများရှိခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ထိုအချိန်၌ အတိုက်အခံပါတီဖြစ်သည့် NLD ပါတီအနေဖြင့် NCA ကို လက်မှတ်ရေးထိုးခြင်း မပြုရန် လှုံ့ဆော်ကန့်ကွက်မှုများရှိခဲ့ကြောင်း။

၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းတွင် တပ်မတော်အနေဖြင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါအစိုးရသက်တမ်းကာလအတွင်း နိုင်ငံတော်အတွက်အရေးကြီးသည့်ကာလများ၌ ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေးအား လုံးဝပြုလုပ်ခြင်းမရှိခဲ့ကြောင်း၊ အလားတူ ဥပဒေနှင့်မညီသည့် ပြဋ္ဌာန်းချက်များအား အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စရပ်များစွာ လုပ်ဆောင်ခဲ့သည်ကိုတွေ့ရကြောင်း။

ဒီမိုကရေစီပထမအစိုးရသက်တမ်းကာလတွင် နိုင်ငံတော်၏ကုန်သွယ်ရေးလိုငွေမှာ ၁၂ ဘီလီယံကျော်ခန့်နှင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ၁၂ ဘီလီယံခန့် စုစုပေါင်း ၂၅ ဘီလီယံခန့် လိုငွေပြခဲ့ကြောင်း၊အဆိုပါငွေများအား ပြည်ပအကူအညီများ၊ ချေးငွေများ၊ ကုန်သွယ်မှုမှအပဝင်ငွေများဖြင့် ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် ကျောင်းနေရာခိုင်နှုန်းများမြင့်တက်လာခဲ့သည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားပြီးချိန်၌ ကျောင်းနေရာခိုင်နှုန်းများကျဆင်းခဲ့ကြောင်း၊ ထိုကဲ့သို့ ပညာရေးအားနည်းချက်များကို ဂရုပြုရန်လိုကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အစိုးရအဖွဲ့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးဒေသများဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရ သက်တမ်းကာလတွင်လည်း NCA လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သမိုင်းတစ်လျှောက်တွင် အခက်အခဲများရှိခဲ့ကြောင်း၊ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေးညီလာခံအား ၂၁ ရာစုပင်လုံအဖြစ် အမည်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊သမိုင်းကြောင်းအရ အခက်အခဲများ ရှိလာနိုင်သဖြင့် အသိပေးမှုများဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရန် တပ်မတော်က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းများအရ ဗိုလ်မှူးကြီးဟောင်း တင်မောင် ရေးသားသည့် “တိုင်းပြည်က နုနု၊ မုန်တိုင်းကထန်ထန်”ဆိုသည့်အတိုင်း ၎င်းအချိန်က “ဒီမိုကရေစီက နုနု၊ မုန်တိုင်းကထန်ထန်”ဖြစ်ပေါ်နေသည့် ကာလဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မဖြစ်မနေ လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့မူလရည်ရွယ်ချက်တွင် ပါသည့်အတိုင်း ရွေးကောက်ပွဲကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်နိုင်မည်ဆိုပါက အကောင်းဆုံးဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများတွင်လည်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဖဆပလခေတ်တွင်လည်း အခက်အခဲများကြားမှ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၈၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၅၅ တို့တွင် လွှတ်တော်ခေါ်ရာ၌ အထမြောက်သည့်အပိုင်းများကို ထည့်သွင်းရေးသားထားကြောင်း၊ ဥပဒေများအား ချိန်ထိုးကြည့်ရာတွင် ရွေးကောက်ပွဲကို အထမြောက်အောင်ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်ခံအစိုးရဖြင့် နိုင်ငံ့အရေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွက်အကောင်းဆုံးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အဆုံးအဖြတ်ဖြင့်ဆောင်ရွက်နိုင်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရ တာဝန်ယူဆောင်ရွက်ရာတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊တရားစီရင်ရေးအာဏာများကို ခွဲဝေဆောင်ရွက်လျက်ရှိကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအဆင့်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ထိ ပေးအပ်ထားခြင်းဖြစ်ကြောင်း၊အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေကချမှတ်ထားသည့် မူဝါဒများနှင့်အညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အရည်အချင်းပြည့်ဝနေရန်လိုကြောင်း၊ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းနေရန်လိုကြောင်း၊ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန် လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ဥပဒေနှင့်ဒေသဖွံ့ဖြိုးရေးအမြင်များရှိရန်လိုကြောင်း။

## ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဖော်ဆောင်ပေးရမည်

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေဖော်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအားကောင်းအောင်ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ကို အမြဲတမ်းခံယူထားရန်လိုအပ်မည်**ဟု ပြောလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးမရမီကတည်းကပင် အားနည်းချက်များရှိခဲ့ကြောင်း၊ နိုင်ငံ၏သမိုင်းကြောင်းအထောက်အထားများကို လေ့လာကြည့်မည်ဆိုပါက သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ရှေးဘုရင်များလက်ထက်က ဥရောပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ခဲ့သည့် သမိုင်းမှတ်တမ်းများလည်းရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေးဘုရင်များခေတ်က နိုင်ငံတော်၌ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များနှင့် ခေတ်အဆက်ဆက်၌ ကျင့်သုံးခဲ့သည့် ပညာရေးစနစ်များကို ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုများနှင့်ပတ်သက်ပါက ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်၍ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း ပညာရေးနှင့်ပတ်သက်၍ များစွာမြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပညာရေးညီလာခံများလုပ်ဆောင်ရာ၌ အကြောင်းအရာဖော်ထုတ်ချက်များအပြင် ပညာရေးနှင့်ပတ်သက်၍ မည်ကဲ့သို့မြှင့်တင်ဆောင်ရွက်မည်ကို လက်တွေ့ကျကျဆုံးဖြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကိုစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်ပျူတာနှင့် နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ပြီး အကျိုးရလဒ်များကို တွေ့မြင်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနှင့်ပတ်သက်ပါက ရေရှည်အနာဂတ်အကျိုးကိုကြည့်၍ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုများလည်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုပညာသင်အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန်လို အပ်မည်ဖြစ်ကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့ချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာအချို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် စာမေးပွဲပြန်လည်ဖြေဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည့်အတွက် ပြန်လည်ဖြေဆိုမှုမဆောင်ရွက်စေဘဲ ဖြေလျှော့မှုဖြင့် စာမေးပွဲအအောင်ပေးရန် ပြောဆိုမှုများရှိကြောင်း၊ သို့သော် သိက္ခာရှိသည့်အောင်မြင်မှုမျိုးနှင့် နိုင်ငံတကာစံချိန်စံနှုန်းများအရ စာမေးပွဲပြန်လည်ဖြေဆိုရန် မိမိတို့အနေဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း စာမေးပွဲပြန်လည်ဖြေဆိုရမည့်ဒေသများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် အဆင်ပြေချောမွေ့မှုရှိစေရေးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ မေ ၂၂ ရက်ဆိုပါက ကျောင်းအပ်နှံရေးရက်သတ္တပတ်စတင်ပြီဖြစ်ကြောင်း၊ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဒေသအလိုက် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး အကြမ်းဖက်သမားများ အနေဖြင့် ပညာရေးနှင့်ပတ်သက်၍ နှောင့်ယှက်မှုများမဖြစ်ပေါ်စေရေး နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေမည်ဆိုပါက ထိုသို့ဆောင်ရွက်နေသည့်နေရာဒေသများသည် အခြားဒေသများ၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့်လည်း ၎င်းကဲ့သို့ပညာရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးနေခြင်းသည် မိမိတို့အနာဂတ်ကို မိမိတို့ဖျက်ဆီးနေသည်ကို အသိရှိရန်လို**ကြောင်း။

## ကျန်းမာရေးကဏ္ဍအားပေးမြှင့်တင်

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ နေ့စဉ်လူမှုဘဝလှုပ်ရှားမှုများ၌ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများမရှိသည်ကို တွေ့မြင်ရပြီး ကျန်းမာရေးအသိအမြင်များ အားနည်းမှုများရှိနေဆဲဖြစ်ကြောင်း၊ အချို့သောဒေသများ၌ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကြောင့် ကျန်းမာရေးအရအားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်ပါက ကျန်းမာရေးဝန်ထမ်းများအပြင် ကျန်းမာရေးနှင့် နှီးနွှယ်သည့်သူများ၊ ပြည်သူများအားလုံး အတူတကွ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်”၊ “လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမျှမရှိ”၊ “ဆေးရုံတိုင်း**

**ဆရာဝန်ရှိရမည်”**စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့်အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့စတင်တာဝန်ယူခဲ့စဉ် နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် လုပ်ငန်းခွင်စွန့်ခွာမှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းအများစုလည်းပါဝင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလနှင့်နိုင်ငံရေးပဋိပက္ခများဖြစ်ပေါ်နေစဉ်ကာလဖြစ်သဖြင့် ယင်းအကျပ်အတည်းကို မိမိတို့အနေဖြင့် ရှိသည့်အင်အားများကို စုစည်း၍ကြိုးပမ်းဆောင်ရွက်ကာ ကျော်လွှားခဲ့ရကြောင်း၊ တပ်မတော်သားဆရာဝန်၊ ဆေးမှူးများကိုလည်း နိုင်ငံအနှံ့သို့စေလွှတ်၍ ဆေးဝါးကုသမှုများဆောင်ရွက်ပေးခဲ့ရကြောင်း၊ အရေးကြီးသည်မှာ ပြည်သူများ၏ ကျန်းမာရေးကိစ္စများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍များစွာဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးရုံအဆောက်အအုံများ၊ မြေနေရာများနှင့်ပတ်သက်၍လည်း လိုအပ်သည်များဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **ပညာရေး၊ ကျန်းမာရေးတို့နှင့်ပတ်သက်ပါက လိုအပ်သည်များကို ဖြည့်ဆည်းမြှင့်တင်ပေးသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်**ကြောင်း။

**နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်၊ အစိုးရအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များက အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ် . . .**

**အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင် တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ . . .**

**နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများတက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကိုအမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ရန်လိုအပ်မည်ဖြစ် . . .**

### သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်လို

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို များစွာကြုံတွေ့ခဲ့ရကြောင်း၊ ကပ်ရောဂါကြုံတွေ့ရမှု၊ ရာသီဥတုဖောက်ပြန်မှု၊ ပဋိပက္ခများကြုံတွေ့ရမှု၊ လေပြင်းဘေးဒဏ်ကြုံတွေ့ရမှု စသည်တို့ဖြင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်းထိခိုက်နစ်နာဆုံးရှုံးခဲ့ရမှုများရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံဖိုးဆုံးရှုံးခဲ့ရပြီး နိုင်ငံတော်အစိုးရဘတ်ဂျက်မှ ငွေကျပ် ၇၃ ဒသမ ၇၉၇ ဘီလီယံကျော်ဖိုးပြန်လည်ပြုပြင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ပြည်သူတို့၏ကုန်ကျမှုများ မပါရှိသေးဘဲ နိုင်ငံတော်ကကုန်ကျမှုသီးသန့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၄ ခုနှစ်တွင်ရာဂီမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ငွေကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော်ဆုံးရှုံးခဲ့ရပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၅၄ ဒသမ ၈၀၇ ဘီလီယံထောက်ပံ့ပေးခဲ့ရကြောင်း၊မတ် ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုအနေဖြင့် ငွေကျပ် ၃၆၂၉ ဒသမ ၂၈၈ဘီလီယံရှိခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်များ ကြုံတွေ့ခဲ့ရခြင်းမရှိပါက မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်များအပြင် အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ နိုင်ငံပိုင် လမ်းတံတားအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့ကြောင်း၊ ယင်းတို့သည် တိုင်းပြည်အတွက် အရှုံးများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုကောင်းစွာဖြင့် ကာကွယ်နိုင်ရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည်လည်း ကြီးမားသည်ဖြစ်သည့်အတွက် ငြိမ်းချမ်းမှုရရှိအောင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ နိုင်ငံတစ်ခု တိုးတက်ရန်အတွက် စီးပွားရေးအရ အားကောင်းရန် လိုအပ်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းအောင်ဆောင်ရွက်ရန်အတွက် အစိုးရတစ်ရပ်အနေဖြင့် တာဝန်ရှိကြောင်း၊ **နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်**ကြောင်း၊ **အစိုးရအနေဖြင့် မူဝါဒကိုသာ ချမှတ်ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များက အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ **အလုပ်လုပ်နိုင်အောင်ဖန်တီးပေးရန်နှင့် တိုက်တွန်းပေးရန်မှာ အစိုးရတွင် တာဝန်ရှိပြီး မိမိတို့အနေဖြင့် ချေးငွေများထုတ်ပေးခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လုပ်ငန်းများ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကိုတွေ့ရကြောင်း၊ ဆီထွက်သီးနှံနှင့်ပတ်သက်၍လည်း အထွက်နှုန်းအားနည်းနေဆဲဖြစ်ပြီး ပြည်ပမှတင်သွင်းနေရဆဲပင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ခန့် လျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ သီးထပ်စွမ်းအားများ ရာနှုန်းပြည့်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရေခံမြေခံကောင်းများနှင့်လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ခြင်းမရှိသဖြင့် ဝင်ငွေနည်းရခြင်းဖြစ်ကြောင်း၊ငွေကြေးဈေးနှုန်းများမတည်မငြိမ်ဖြစ်ရခြင်းနှင့်ပတ်သက်၍လည်း အချက်တစ်ချက်အနေဖြင့် စဉ်းစားရန်လိုအပ်မည်ဖြစ်ကြောင်း၊ **နိုင်ငံ၏ဝင်ငွေတိုးတက်အောင် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဆိုပါက ငွေကြေးဈေးနှုန်းများတက်လာမည်မဟုတ်သကဲ့သို့ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လာမည်မဟုတ်သဖြင့် မိမိတို့အနေဖြင့် အလုပ်ကိုအမှန်တကယ်လုပ်ကြရန်နှင့် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ရန်လိုအပ်မည်ဖြစ်**ကြောင်း၊ **ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းနှင့်ပတ်သက်၍အဖြေရှာရန်လိုပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအားမမျှတခြင်းတို့ကို ဖြေရှင်းနိုင်ရေးဆောင်ရွက်သွားရန်လို**ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုတိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း။

### လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး

လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ မိမိတို့အနေဖြင့်လိုအပ်ချက်ရှိခဲ့ပြီး အချိန်တိုအတွင်း လျှပ်စစ်ရရှိနိုင်ရန် ဆိုလာစွမ်းအင်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားများထုတ်လုပ်၍မရနိုင်စေရေး စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်အားပေးတိုင်များအား ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်၍ လျှပ်စစ်စွမ်းအားပေးနိုင်ရေးအစွမ်းကုန်ဆောင်ရွက်လျက်ရှိသဖြင့် မိမိအနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လမ်းတံတားဖောက်ခွဲဖျက်ဆီးမှုများကို ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း ပြန်လည်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများကို အမြန်ဆုံးကောင်းမွန်အောင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ရန်အခက်အခဲများစွာရှိမည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထုက ယုံကြည်မှုရှိပြီး အားကိုးရသည့် အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ သမိုင်းကြောင်းကောင်းကို ရေးထိုးနိုင်ရန် လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာအချက်အလက် အကျဉ်းချုပ်၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍဆိုင်ရာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အထွေထွေတင်ပြချက်များနှင့် စပ်လျဉ်း၍ အသီးသီးဆွေးနွေးတင်ပြခဲ့ပြီး ညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မေ ၁၉**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်း၌ တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် မေ ၃၀ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝ)



အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင် ကစားနေမှုကို တွေ့ရစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။









တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားများ ကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

တက်ရောက်လာကြသည့် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည်တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့



အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



"အရင်တုန်းကတော့ စိတ်ထဲမှာ စစ်တပ်အကြောင်း သိပ်ပြီးတော့ နားမလည်ဘူး။ အခုစစ်မှုထမ်းဖို့လာတော့ ဆရာတွေက ပြောဆိုပြီးတဲ့အခါကျတော့ တိုင်းပြည်ကို ကာကွယ်ဖို့အတွက် စိတ်အားထက်သန်လာပါတယ်။ အများအမြင်နဲ့ မဆုံးဖြတ်ဘဲ ကိုယ့်ဟာကိုယ် လက်တွေ့ဆုံးဖြတ်ပြီး ဒီနေရာမှာ ကောင်းတယ်ဆိုတာကို သိရပါတယ်။ တချို့ကျတော့ စစ်တပ်ကို မကောင်းဘူးလို့ ထင်ကြပေမယ့် ကိုယ်တိုင်ဝင်ကြည့်မှ သိရပါတယ်။



စဝင်တုန်းကတော့ ကြောက်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာအရမ်းလည်း ပျော်ပါတယ်။ နေရထိုင်ရတာလည်း ပျော်ပါတယ်" ဟု ပြောသည်။

"ကျွန်တော်ကတော့ ဒီသင်တန်းကနေပြီးတော့ သင်ပေးလိုက်တဲ့ ပညာတွေကို အသုံးချပြီးတော့ ပြည်သူလူထုနဲ့ နိုင်ငံတော်ကိုကာကွယ်ပြီးတော့ ကျွန်တော် အသက်ပေးပြီး စောင့်ရှောက်သွားမှာပါ" ဟု ပြောသည်။

"စစ်မှုထမ်းကာလကို ကျွန်တော်တို့ အနေနဲ့ နှစ်နှစ်သတ်မှတ်ထားတယ်လို့ သိရတယ်။ နှစ်နှစ်အချိန်မှာ ကျွန်တော်တို့ သင်တန်းကာလနှစ်လခွဲအပါပေ့ါနော်။ စုစုပေါင်း နှစ်နှစ်မှာဆိုရင် ကျွန်တော်တို့ ဘာခံယူထားလည်းဆိုတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ငြိမ်းချမ်းမှုကို သွေးထိုးနှောင့်ယှက်တဲ့ ရန်သူတွေ၊ နောက်ပြီးတော့ ဒီငြိမ်းချမ်းနေတဲ့ အရာကိုပဲ ဝင်ပြီးတော့ ဖျက်ဆီးနေတဲ့ သူပုန်တွေပေ့ါနော်၊ အဲ့ဒါတွေကို ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းကျောင်းကနေရလာမယ့် အတွေ့အကြုံ ခွန်အားသစ်တွေနဲ့ တွန်းလှန်ပေးနိုင်မယ်။ နောက်ပြီးတော့ တကယ်လုပ်ရတဲ့အချိန်မှာလည်း အကောင်းဆုံး လုပ်ဆောင်မယ်လို့ ကတိပေးပါတယ်" ဟု ပြောသည်။ (၅၀၁)

# ၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲတွင် မိန့်ခွန်းပြောကြားစဉ်။




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် အကောင်းဆုံးသင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းကို ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများကို ဆုများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁၉**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ဧပြီ ၂၂ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းတို့၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ကြသည်။

ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် ပုဗ္ဗသီရိအားကစားခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာ အသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစား အလိုက် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများနှင့် အကောင်းဆုံး သင်တန်းစခန်းဆုရရှိသည့် သင်တန်းစခန်းကို ဂုဏ်ပြုဆုများနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၁ ခုတွင် သင်တန်းသား၊ သင်တန်းသူ ဦးရေ ၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ) သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန် အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ် အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သားအချက်ပြ ဆက်သွယ်ရေးဆိုင်ရာ၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ် ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကာ ရေကြောင်းလူငယ်စခန်းပေါင်းစုံ တွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းစခန်းအားလုံး၏ စုပေါင်း သင်တန်းဆင်းပွဲကို နေပြည်တော်လေတပ်စခန်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသား ၆၉၃ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ (လက်နက်မဲ့)ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅)ကို သင်တန်းစခန်း နှစ်ခုတွင် သင်တန်းသား ၁၁၁ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်ပါ)ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ဓာတုသွေးဓာတုမာန်ဘာသာရပ်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ၏ ပျံသန်းမှု အခြေခံသဘောတရားများကို သိရှိစေရန်အတွက် RC လေယာဉ်၊ ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်း ဘာသာရပ်များကိုလည်း လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မျိုးချစ်စိတ်တို့ ရှင်သန်စေ သူရဲကောင်းတို့ ပျော်ရာမြေ

ထက်မြတ်



သူရဲကောင်းဆိုတဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုကြည့်မယ်ဆိုရင် တော်တော်လေးနက်တာတွေ့ရပါတယ်။ မြန်မာအဘိဓာန်မှာတော့ သူရဲကောင်းဆိုတာ မှန်ကန်သည်ကို ရဲဝံ့စွာစွန့်စားဆောင်ရွက်တတ်သူဆိုပြီး ဖွင့်ဆိုထားပါတယ်။ ဒီတော့ သူရဲကောင်းတစ်ယောက်ဖြစ်ဖို့ဆိုတာ သူလုပ်တဲ့ကိစ္စဟာ မှန်ကန်တဲ့ကိစ္စဖြစ်ရမယ်။ အဲဒီကိစ္စကိုပဲရဲရဲဝံ့ဝံ့နဲ့ လုပ်ဆောင်ရမယ်။ လုပ်ဆောင်ရာမှာလည်း အသက်ကိုပင်ပဓာနမထားဘဲ စွန့်စားဆောင်ရွက်ရမယ်။ အဲဒီလိုသူမျိုးကိုမှ သူရဲကောင်းလို့ သတ်မှတ်တယ်လို့ဆိုနိုင်ပါတယ်။ သူရဲကောင်းတစ်ယောက်ဆိုတာ အလိုလိုနေရင်းဖြစ်လာတာ မဟုတ်ပါဘူး။ သူရဲကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် အခြေခံစိတ်ဓာတ်တစ်ခု မဖြစ်မနေရှိကို ရှိရမှာပါ။ အဲဒီစိတ်ဓာတ်ကတော့ "မျိုးချစ်စိတ်" ပါပဲ။



မျိုးချစ်စိတ်ဆိုတဲ့အဓိပ္ပာယ်ကလည်း သိပ်ကို နက်ရှိုင်းပါတယ်။ လူတစ်ဦးတစ်ယောက်တည်းကို ချစ်ရုံ၊ လူနည်းစုကိုချစ်ရုံနဲ့ မျိုးချစ်စိတ်လို့မခေါ်နိုင်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် ရေးရှုခြင်းကိုသာ မျိုးချစ်စိတ်လို့ခေါ်နိုင်တာပါ။ ကမ္ဘာနဲ့ယှဉ်လာရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကောင်းစားရေး၊ တိုးတက်မြင့်မားရေးတို့အတွက် ဦးစားပေးဆောင်ရွက်လိုတဲ့စိတ်မျိုးကို မျိုးချစ်စိတ်လို့ခေါ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ မျိုးချစ်စိတ်ကိုအရင်းခံပြီး သူရဲကောင်းပီသစွာ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြတဲ့ ကျွန်တော်တို့ရဲ့ဘိုးဘေးဘီဘင်များကြောင့်သာ အခုလိုမျိုး လွတ်လပ်ရေးကိုရရှိခဲ့တာပါ။

နယ်ချဲ့တယ်ဆိုတာက အခုနောက်ပိုင်းမှပေါ်ပေါက်လာတဲ့အရာမဟုတ်ပါဘူး။ သမိုင်းမတင်မီကာလကတည်းကပင် နယ်ချဲ့တယ်ဆိုတာရှိပါတယ်။ ဒီလိုနယ်ချဲ့မှုမျိုးကို တွန်းလှန်တိုက်ခိုက်ဖို့အတွက် နိုင်ငံသားတိုင်းမှာ မျိုးချစ်စိတ်ဆိုတာရှိရပါတယ်။ ဒ့ါပြင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ် တစ်ပါးသူက ကျူးကျော်စော်ကားလာနိုင်ခြင်း မရှိစေဖို့အတွက်လည်း မျိုးချစ်စိတ်ကိုအရင်းခံပြီး သူတစ်ပါးကို မထိခိုက်စေဘဲ ကိုယ့်အင်အားကို ခိုင်မာအောင် ထူထောင်ရပါတယ်။ ဒါမှလည်း ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ထိပါးစော်ကားချင်တယ်ဆိုရင်တောင်မှ တစ်ပါးသူအနေနဲ့ တော်ရုံတန်ရုံအားမထုတ်နိုင်တော့မှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးကိုရောက်ရှိစေဖို့အတွက်ဆိုရင် မျိုးချစ်စိတ်ကို အရင်းခံရမှာပါ။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုတာ အင်မတန်မှလိုအပ်လှတဲ့အရာဖြစ်ပါတယ်။ တကယ်လို့များ မျိုးချစ်စိတ်မရှိဘူးဆိုရင် ကိုယ့်နိုင်ငံအရေးကို သူများက ဝင်စွက်ဖက်ခွင့်ရသွားမယ်။ တစ်နည်းအားဖြင့် အနုနည်းနဲ့သူ့ကျွန်ဘဝရောက်သွားသလို ဖြစ်သွားပါလိမ့်မယ်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနဲ့ပတ်သက်ပြီး ပြောစရာလေးတွေရှိလို့ အရင်ဆုံးပြောပါရစေ။

မျိုးချစ်စိတ်ဓာတ်ဆိုတာ မွေးမြူရတာပါ။ ဘယ်လိုမျိုးမွေးမြူရမလဲဆိုတာနဲ့ပတ်သက်ပြီး လက်တွေ့အခြေအနေတွေနဲ့ နှိုင်းယှဉ်သုံးသပ်သွားပါမယ်။ ဒီလိုမျိုးနှိုင်းယှဉ်ဖို့အတွက် ဥပမာလေးတစ်ခုကို ထုတ်ပြပါရစေ။ အဲဒီဥပမာကတော့ မကြာသေးခင်ကမှ ရုရှားနိုင်ငံမှာ ကြီးကျယ်ခမ်းနားစွာကျင်းပသွားတဲ့ မဟာမျိုး စစ်ပွဲကြီးအောင်ပွဲ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကြီးပဲဖြစ်ပါတယ်။ အဲဒီအခမ်းအနားကြီးမှာ အထင်ရှားဆုံးအခမ်းအနားက စစ်ရေးပြအခမ်းအနားပဲဖြစ်ပါတယ်။ အဲဒီစစ်ရေးပြအခမ်းအနားကြီးက ရုရှားပြည်သူများ၊ အထူးသဖြင့် ရုရှားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေတဲ့ အခမ်းအနားကြီးလို့ပြောရမှာပါ။

မဟာမျိုးချစ်စစ်ပွဲကြီးဆိုတာ အကြောင်းမဲ့ကင်ပွန်းတပ်ထားတာမဟုတ်ပါဘူး။ သူ့ရဲ့နောက်ခံအကြောင်းရင်းကိုက တစ်မျိုးသားလုံးရဲဝံ့စွန့်စားမှုရှိစွာ နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့လို့ မဟာမျိုးချစ်စစ်ပွဲလို့ အမည်တွင်တာဖြစ်ပါတယ်။ ပွင့်လင်းစွာပြောရရင် မျိုးချစ်စိတ်ကို အရင်းခံပြီး အောင်ပွဲရယူနိုင်ခဲ့တဲ့စစ်ပွဲဖြစ်လို့လည်း မဟာမျိုးချစ်စစ်ပွဲလို့ခေါ်တွင်တာပါ။ သူ့ရှေ့မှာ မျိုးချစ်စစ်ပွဲဆိုတာ ဖြစ်ပွားခဲ့ပါသေးတယ်။ ၁၈၁၂ ခုနှစ် နပိုလီယံလက်ထက်မှာ ပြင်သစ်က ရုရှားအင်ပါယာကို ကျူးကျော်ခဲ့တာပါ။ အဲဒီစစ်ပွဲကိုတော့ မျိုးချစ်စစ်ပွဲလို့သာခေါ်ပါတယ်။ အခုမဟာမျိုးချစ်စစ်ပွဲကြီးရဲ့ နောက်ခံအကြောင်းရင်းကို ရှင်းပြပါဦးမယ်။

ကမ္ဘာမှာ နိုင်ငံပေါင်းစုံပါဝင်ပြီး ကမ္ဘာနဲ့ချီတဲ့စစ်ပွဲကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ဖူးတာ အားလုံးအသိပါ။ သူ့ကို ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ဆိုပြီး ခေါ်ပါတယ်။ ဒီနေရာမှာ ဒုတိယကမ္ဘာစစ်အကြောင်းကိုသာ အဓိကထားပြီးပြောပါမယ်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားရတဲ့အကြောင်းရင်းက ဝင်ရိုးတန်းနိုင်ငံများနဲ့ မဟာမိတ်အဖွဲ့များကြား အားပြိုင်မှုကနေတစ်ဆင့် နယ်ချဲ့ကျူးကျော်မှုတွေ ဖြစ်ပွားလာရတဲ့အတွက် ဖြစ်ပါတယ်။ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှာ နာဇီဂျာမနီတို့က ပိုလန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်စတင်လာခဲ့ရတာပါ။ အဲဒီအချိန်တုန်းက အခုရုရှားနိုင်ငံဆိုတာ ဆိုဗီယက်ပြည်ထောင်စုကိုဦးဆောင်သူပေါ့။ အစောပိုင်းတုန်းက ဆိုဗီယက်ပြည်ထောင်စုဟာ ဒုတိယကမ္ဘာစစ်ထဲကို ဝင်ပါခြင်းမရှိပါဘူး။ ဒါပေမဲ့ နာဇီဂျာမနီတို့က စစ်သွေးစစ်မာန်တွေတက်ကြွပြီး ဆိုဗီယက်ပြည်ထောင်စုအပေါ် ကျူးကျော်လာတဲ့အတွက် ဆိုဗီယက်ပြည်ထောင်စုကလည်း နာဇီဂျာမနီတို့ရဲ့ ကျူးကျော်မှုကို တွန်းလှန်တိုက်ထုတ်ခဲ့တာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ဟာ မဟာမိတ်များနဲ့ ဝင်ရိုးတန်းနိုင်ငံများကြား အားပြိုင်မှုကြောင့် ဖြစ်ပွားရတယ်ဆိုပေမယ့် ဆိုဗီယက်ပြည်ထောင်စုအပေါ် နာဇီဂျာမနီတို့ရဲ့ ကျူးကျော်မှုကိုတော့ ဆိုဗီယက်ပြည်ထောင်စုကသာ ကြံ့ကြံ့ခံတွန်းလှန်တိုက်ထုတ်ခဲ့ရတာပါ။ အစောပိုင်းတုန်းကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ နာဇီဂျာမနီတို့ရဲ့လက်အောက်ကို ကျရောက်လုနီးပါးဖြစ်ခဲ့ရတာပါ။ ဒါပေမဲ့ ဆိုဗီယက်ပြည်ထောင်စုက တစ်ပြည်တည်းသားတွေဟာ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် မျိုးချစ်စိတ်ဓာတ်တက်ကြွလာမှုနဲ့အတူ စစ်ပွဲကြီးထဲကို ကိုယ်တိုင်အသိစိတ်ဖြင့်ပါဝင်လာပြီး တိုက်ခိုက်မှုတွေလုပ်ဆောင်ခဲ့ကြခြင်းကြောင့်သာ နာဇီဂျာမနီတို့ကို ဘာလင်မြို့ထိ တိုက်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ဆိုဗီယက်ပြည်ထောင်စုဖွား နိုင်ငံသားများရဲ့ မျိုးချစ်စိတ်အပေါ် နာဇီဂျာမနီတို့က ဘယ်လိုမှတင်းခံနိုင်ခြင်းမရှိတော့ဘဲ ၁၉၄၅ ခုနှစ် မေ ၈ ရက်ညပိုင်းမှာ လက်နက်ချအညံ့ခံလိုက်ရပါတော့တယ်။ ဒါကြောင့် ၁၉၄၅ ခုနှစ် မေ ၉ ရက်ကို မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့အဖြစ် သတ်မှတ်လိုက်တာပါ။



မဟာမျိုးချစ်စစ်ပွဲကြီးဆိုတာက ဆိုဗီယက်ပြည်ထောင်စုဖွားနိုင်ငံသားများရဲ့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုကို ဖော်ကျူးနေတဲ့စစ်ပွဲကြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်းမှာတော့ ယခင်ဆိုဗီယက်ပြည်ထောင်စုကြီးနဲ့အတူ နယ်ချဲ့တို့ကိုတွန်းလှန်တိုက်ထုတ်ခဲ့ကြသူများရဲ့ သားစဉ်မြေးမြစ်တွေက မျိုးချစ်စိတ်ဆိုတာကိုမေ့လျော့သွားကြပါတယ်။ ဆိုဗီယက်ပြည်ထောင်စုကနေခွဲထွက်သွားပေမယ့် ရုရှားနိုင်ငံနဲ့အတူဆက်လက်တည်ရှိနေတဲ့ နိုင်ငံအချို့ကသာ မျိုးချစ်စိတ်ရှင်သန်ထက်မြက်အောင် သူတို့ရဲ့မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနေတာတွေ့ရပါတယ်။ ဘယ်လိုနည်းနဲ့ လက်ဆင့်ကမ်းပေးနေလည်းဆိုရင် အခုလိုမျိုး စစ်ရေးပြအခမ်းအနားကြီးတွေကို ကြီးကျယ်ခမ်းနားစွာကျင်းပခြင်းအားဖြင့် လက်ဆင့်ကမ်းပေးနေတာပါ။

အခုဆက်ပြီးတော့ စစ်ရေးပြအခမ်းအနားကြီးနဲ့ ပတ်သက်တဲ့ မှတ်သားဖွယ်ရာတချို့ကို ဆက်လက်ပြောပြပါမယ်။ ဟိုးအရင်နှစ်များဆီက မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို အခုလိုမျိုး ကြီးကျယ်ခမ်းနားစွာကျင်းပနိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒီအချိန်တုန်းက အမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ကြား အားပြိုင်မှုများ၊

**❖ မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီးရရှိခဲ့တဲ့ အောင်မြင်မှုများစွာရှိပါတယ်။ ဥပမာအားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တာမျိုး၊ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တာမျိုး၊ တရုတ်ဖြူတို့ရဲ့ကျူးကျော်စစ်ကို တွန်းလှန်တိုက်ခိုက်တာမျိုးတွေဟာ မြန်မာစစ်သည်တော်များရဲ့ မျိုးချစ်စိတ်ကိုအရင်းခံပြီး အောင်မြင်ခဲ့တဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးမှာ ဆိုဗီယက်ပြည်ထောင်စုမှ နိုင်ငံသူ၊ နိုင်ငံသားများက မျိုးချစ်စိတ်ကိုအရင်းခံပြီး သူရဲကောင်းတွေဖြစ်ခဲ့ကြသလို ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ကိုအရင်းခံပြီး ဖြစ်ပေါ်လာခဲ့တဲ့ သူရဲကောင်းတွေများစွာရှိပါတယ် . . .**

**စာမျက်နှာ ၂၁ သို့**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

**စာမျက်နှာ ၂၀ မှအဆက်**

ပြည်တွင်းရေးမှာ နိုင်ငံရေးလွန်ဆွဲမှုများ အစရှိတဲ့ အကြောင်းရင်းများစွာကြောင့် စစ်ရေးပြအခမ်းအနားကို ကျင်းပနိုင်ခြင်းမရှိခဲ့တာပါ။ အဲဒီအချိန်မှာဆိုဗီယက်ပြည်ထောင်စုဖွား နိုင်ငံသားများရဲ့ မျိုးချစ်စိတ်ဓာတ်သည်လည်း မှေးမှိန်ခဲ့ရကာ နောက်ဆုံးမှာဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲရသည်ထိ ဖြစ်ခဲ့ရပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲရတာက ၁၉၉၁ ခုနှစ်မှာပါ။ အဲဒီအချိန်မှာ အောင်ပွဲနေ့စစ်ရေးပြအခမ်းအနားကျင်းပနိုင်ခြင်း မရှိတဲ့အပြင် ၁၉၉၂ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ရင်ပြင်နီမှာ ကျင်းပနိုင်ခြင်းမရှိဘဲ ဒေသတချို့မှာသာ ကျင်းပနိုင်ခဲ့ပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် ၅၀ ပြည့်မြောက်တဲ့ ၁၉၉၅ ခုနှစ်ကစလို့ ယနေ့အချိန်ထိ တစ်နှစ်မှမပျက်ကွက်ဘဲ စစ်ရေးပြအခမ်းအနားကို ကျင်းပလာခဲ့ခြင်းကြောင့် ရုရှားပြည်သူများရဲ့ မျိုးချစ်စိတ်ဓာတ်များသည်လည်း ပြန်လည်ရှင်သန်နိုးကြားလာခဲ့ရပါတယ်။ အထူးသဖြင့် လက်ရှိရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင် လက်ထက်မှာ စစ်ရေးပြအခမ်းအနားများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလာခဲ့တာပါ။

စစ်ရေးပြအခမ်းအနားနဲ့ မျိုးချစ်စိတ်က ဘယ်လိုပတ်သက်နေလဲဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ပြောပါဦးမယ်။ စစ်ရေးပြအခမ်းအနားတစ်ခု ခမ်းခမ်းနားနားနဲ့အောင်မြင်စွာကျင်းပနိုင်ဖို့ဆိုရင် ငွေအား၊ လူအား အစရှိတဲ့အရင်းအမြစ်တွေ အားလုံးထုတ်သုံးရပါတယ်။ စစ်ရေးပြအခမ်းအနားမှာ ပါဝင်စစ်ရေးပြကြသူတွေကလည်း အားမာန်အပြည့်နဲ့ကို စစ်သွေးစစ်မာန်တက်ကြွစွာ ပါဝင်စစ်ရေးပြကြရတာပါ။ စစ်ရေးပြလျှောက်သူတွေရဲ့ လှုပ်ရှားမှုတစ်ခုချင်းစီတိုင်းက ကြည့်နေသူတွေကို ရဲစိတ်ရဲမာန်တက်ကြွစေပါတယ်။ ပြီးတဲ့အခါ သူတို့ဘာကြောင့် အခုလိုမျိုးတက်ကြွမှုနဲ့ စစ်ရေးပြလျှောက်နေရတာလဲဆိုတာကို ဆက်စပ်တွေးမိစေပါတယ်။ အဲဒီလိုတွေးမိတဲ့အခါ စစ်သည်တိုင်းသည် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်နေကြသူတွေပါလားဆိုတဲ့ အတွေးဝင်လာစေပါတယ်။ ဒီလိုမျိုးအတွေးဝင်လာမှုနဲ့အတူ ကိုယ်သည်လည်း သူတို့လိုမျိုး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေ ဖြစ်ပေါ်လာရပါတယ်။ နောက်ဆုံးမှာတော့ မျိုးချစ်စိတ်က ရှင်သန်ထက်မြက်လာရခြင်းပဲဖြစ်ပါတယ်။

အခုရုရှားတို့ရဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကို ကြည့်လိုက်ရင်လည်း ရုရှားပြည်သူတွေအနေနဲ့ ဘယ်လောက်ထိ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်နေတယ်ဆိုတာကို တွေ့ရပါတယ်။ အဲဒီအခမ်းအနားမှာ မဟာမျိုးချစ်စစ်ပွဲကြီးအတွင်း ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့ကြတဲ့ စစ်သည်တော်ဟောင်းကြီးများကိုယ်တိုင်သာမက သူတို့ရဲ့သားမြေးမြစ်များကိုပါ ခေါ်ဆောင်လာခဲ့တာလည်းတွေ့ရပါသေးတယ်။ ဒါဟာ စစ်သည်တော်ဟောင်းကြီးများက သူတို့ရဲ့မျိုးချစ်စိတ်ဓာတ်ကို သားစဉ်မြေးမြစ်လက်ဆင့်ကမ်းအမွေပေးခြင်းလည်းဖြစ်ပါတယ်။ စစ်ရေးပြအခမ်းအနားနဲ့ ပတ်သက်ပြီး ရုရှားအစိုးရရဲ့သတ်မှတ်ချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီစစ်ရေးပြအခမ်းအနားကို ဖိတ်ခေါ်ခံရသူတိုင်းဟာ အသက်ငါးနှစ်အရွယ်ကစလို့ ကလေးငယ်တွေကို ခေါ်လာခွင့်ရှိတယ်ဆိုတဲ့ အချက်ပါပဲ။ အသက်ငါးနှစ်ဆိုတာ တစ်ခုခုကို အားကျအတုယူတတ်တဲ့အရွယ်၊ သင်လွယ်တတ်လွယ်အရွယ်ဖြစ်တာကြောင့် စစ်ရေးပြအခမ်းအနားကို လာကြည့်တဲ့ သူတို့လေးတွေရဲ့စိတ်ထဲမှာ မျိုးချစ်စိတ်ဓာတ်က မသိမသာဝင်ရောက်နေရာယူသွားပါတယ်။ ဒီလိုနဲ့ သူတို့လေးတွေအရွယ်ရောက်လာချိန်မှာ သူတို့ရင်ထဲကိန်းအောင်းနေတဲ့ မျိုးချစ်စိတ်ဓာတ်က တဖြည်းဖြည်းနဲ့ ရှင်သန်ရင့်ကျက်ထက်မြက်လာပါတော့တယ်။

ဒီစစ်ရေးပြအခမ်းအနားကို ကျင်းပပေးရခြင်းဟာ မဟာမျိုးချစ်စစ်ပွဲကြီးအတွင်း ပါဝင်တိုက်ခိုက်ခဲ့ကြတဲ့ စစ်သည်တော်များကိုသာမက ဘက်စုံထောင့်စုံမှ ပါဝင်ကူညီပေးခဲ့ကြတဲ့ ပြည်သူများကိုပါ ဂုဏ်ပြုပေးခြင်းဖြစ်တယ်လို့သိရပါတယ်။ ဒါကြောင့်လည်း စစ်ရေးပြအခမ်းအနားကိုတက်ရောက်လာကြတဲ့ ရုရှားနိုင်ငံသူ၊ နိုင်ငံသားတိုင်းက စစ်ရေးပြမှာ ပါဝင်စစ်ရေးပြကြသူများမှတစ်ဆင့် ရုရှားစစ်သည်တော်တွေကိုပါ ယုံကြည်လေးစားအားကိုးတဲ့စိတ်တွေ ဖြစ်ပေါ်လာတာကို တွေ့ရပါတယ်။ ဒီကမှတစ်ဆင့် ရုရှားစစ်သည်တော်တွေနဲ့ ရုရှားပြည်သူတွေကြားမှာ တစည်းတလုံးတည်းရှိလာတာကိုလည်း လေးစားဖွယ်ရာမြင်တွေ့ရပါတယ်။ ဒီလိုမျိုးအခြေအနေဖြစ်လာရခြင်းရဲ့အဓိကအကြောင်းရင်းကို မြစ်ဖျားခံကြည့်တော့ မဟာမျိုးချစ်စစ်ပွဲကြီးရဲ့ အောင်မြင်မှုနဲ့ ဆက်စပ်နေပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးရဲ့ အောင်မြင်မှုက ရုရှားပြည်သူတွေရဲ့ရင်ထဲမှာ မျိုးချစ်စိတ်ကို ကိန်းအောင်းလာစေတာပါ။ မျိုးချစ်စိတ် ကိန်းအောင်းပြီး ရှင်သန်ထက်မြက်လာမှုက သူရဲကောင်းတွေကို ပေါ်ထွက်လာစေတာဖြစ်တယ်လို့ ကျွန်တော်ကတော့မြင်မိပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီးရရှိခဲ့တဲ့ အောင်မြင်မှုများစွာ ရှိပါတယ်။ ဥပမာအားဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တာမျိုး၊ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တာမျိုး၊ တရုတ်ဖြူတို့ရဲ့ကျူးကျော်စစ်ကို တွန်းလှန်တိုက်ခိုက်တာမျိုးတွေဟာ မြန်မာစစ်သည်တော်များရဲ့ မျိုးချစ်စိတ်ကိုအရင်းခံပြီးအောင်မြင်ခဲ့တဲ့ တိုက်ပွဲတွေဖြစ်ပါတယ်။ မဟာမျိုးချစ်စစ်ပွဲကြီးမှာ ဆိုဗီယက်ပြည်ထောင်စုမှ နိုင်ငံသူ၊ နိုင်ငံသားများက မျိုးချစ်စိတ်ကိုအရင်းခံပြီး သူရဲကောင်းတွေဖြစ်ခဲ့ကြသလို ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း မျိုးချစ်စိတ်ကိုအရင်းခံပြီးဖြစ်ပေါ်လာခဲ့တဲ့ သူရဲကောင်းတွေများစွာရှိပါတယ်။ ဒီသူရဲကောင်းတွေရဲ့ သားစဉ်မြေးမြစ်တွေသည်လည်း လက်ရှိမြန်မာနိုင်ငံမှာ မှီတင်းနေထိုင်နေကြတုန်းပါပဲ။ ပြောရမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံသားအားလုံးက သူရဲကောင်းများရဲ့ မျိုးဆက်များဖြစ်ကြပါတယ်။ သူရဲကောင်းများရဲ့မျိုးဆက်များပီပီ ကျွန်တော်တို့အားလုံးမှာလည်း မျိုးချစ်စိတ်ဓာတ်ဆိုတာရှိပါတယ်။ ဒါကြောင့်လည်း မဟာမျိုးချစ်စစ်ပွဲကြီးကြောင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ရင်ထဲမှာ မျိုးချစ်စိတ်ဓာတ် ပျံ့နှံ့ရှင်သန်လာသလိုမျိုး ကျွန်တော်တို့ရဲ့ သူရဲကောင်းဘိုးဘေးဘီဘင်များကြောင့်လည်း ကျွန်တော်တို့ရဲ့ ရင်ထဲမှာ မျိုးချစ်စိတ် ပျံ့နှံ့ရှင်သန်လာသင့်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အမျိုးမှန်ပြီး အဖိုးတန်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ မြန်မာ့တပ်မတော်ဆိုတာကလည်း သမိုင်းကြောင်းကောင်းများနဲ့ ရှင်သန်ရပ်တည်လာတဲ့၊ ရပ်တည်နေဆဲ၊ ဆက်လက်ပြီးကမ္ဘာတည်သရွေ့ ရပ်တည်သွားမယ့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းမှာပါဝင်ပြီး တာဝန်ထမ်းဆောင်နေကြသူများဟာ သာမန်လူတွေထက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများဖြစ်တယ်လို့ဆိုရမှာပါ။ တကယ်တော့ တပ်မတော်သားများသာမက ပြည်သူတစ်ရပ်လုံးကပါ တပ်မတော်သားများနဲ့အတူ တစည်းတလုံးတည်းရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာမယ်ဆိုရင်ဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံသည်လည်း သူရဲကောင်းတို့ပျော်ရာ မြေမဟာဖြစ်လာမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# လိမ်ညာဝါဒဖြန့်ချိမှု ပြည်သူတွေ သတိပြု

အောင်နိုင်သူ (ဇွဲကပင်)

မေ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာ စာသင်ကျောင်းပေါက်ကွဲမှုနဲ့ပတ်သက်ပြီး ပြည်ဖျက်မီဒီယာတွေမှာ လီဆယ်လုပ်ကြံဝါဒဖြန့်တဲ့သတင်းတွေကို တွေ့ရတော့ အရင်ခေတ်က ပြည်သူတွေအကြားမှာ တွင်ကျယ်ပျံ့နှံ့ခဲ့တဲ့ "မိုးလုံးပြည့်မုသားဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ အဲဒီကုန်းချောသွေးထိုးသူများမယုံလေနဲ့ သတိထား"ဆိုတဲ့ စာသားလေးကိုပြန်သတိရမိတယ်။ အဲဒီခေတ်က အခုလိုလူမှုကွန်ရက်မီဒီယာတွေ အားမကောင်းသေးပေမယ့်လေလှိုင်းထဲက ပြည်ဖျက်မီဒီယာတွေရဲ့တိုင်းပြည်ဖျက်နေတာကိုတော့ ပြည်သူလူထုကြီးက ကောင်းကောင်းသိခဲ့ကြရပါတယ်။

အရင်ခေတ်က ပြည်ပအခြေစိုက်ပြည်ဖျက်မီဒီယာတွေဟာ ရေဒီယိုရုပ်သံများကတစ်ဆင့် တိုင်းပြည်ကို ဒုက္ခပေးခဲ့ကြပါတယ်။ တစ်စိတ်တစ်အိတ်လုပ်ပြီး လီဆယ်လုပ်ကြံခဲ့ကြတဲ့မီဒီယာများရဲ့သမိုင်းကြောင်းကို အခုလိုဒီပဲယင်း အိုးထိန်းတွင်းရွာဖြစ်စဉ်နှင့်ပတ်သက်ပြီး ယှဉ်တွဲရှင်းပြနေရတာက အကြောင်းရှိပါတယ်။ ခေတ်ကာလတွေဘယ်လိုပဲပြောင်းလဲလာပါစေ၊ ပြည်တွင်းပြည်ပအဖျက်အမှောင့်မီဒီယာတွေရဲ့ ခေတ်အဆက်ဆက် တိုင်းပြည်ဖျက်ဖို့ကြံရွယ်လုပ်ဆောင်နေတာတွေဟာ ယနေ့ထိတိုင်မရပ်တန့်သေးတာကို ပြည်သူလူထုသိစေချင်လို့ဖြစ်ပါတယ်။

အခုလည်း ဒီအတိုင်းပဲဖြစ်ပါတယ်။ အမှန်တရားက ဖိနပ်စီးနေတုန်း မုသားက ကမ္ဘာပတ်နေပြီဆိုတဲ့အတိုင်း ဒီပဲယင်းမြို့နယ်အိုးထိန်းတွင်းကျေးရွာဖြစ်စဉ်ကို စနစ်တကျဇာတ်လမ်း၊ ဇာတ်ကွက်တွေ ဖန်တီးပြီး ဇာတ်ညွှန်းတွေရေးကာ ပြည်ဖျက်မီဒီယာတွေကတစ်ဆင့် ဝါဒဖြန့်ချိခဲ့ကြပါတယ်။ ဒါကြောင့် ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာဖြစ်စဉ်နဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်၊ အမှန်တရားကို ဆန်းစစ်ပြပါမယ်။

ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းစာသင်ကျောင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်တာနဲ့ တစ်ပြိုင်နက်တည်းဆိုသလို ပြည်ဖျက်မီဒီယာတွေမှာ တပ်မတော်က လေကြောင်းတိုက်ခိုက်လို့ဖြစ်ရပါတယ်ဆိုပြီး အချိန်ကိုက်တင်လာကြပါတယ်။ သတင်းမှားသလား မှန်သလားဆိုတာကိုတော့ ဘယ်သူမှမဆန်းစစ်၊မစိစစ်ကြတော့ပါဘူး။ ဒါကို တကယ်ဆန်းစစ်ကြည့်တဲ့အခါ အဲ့ဒီနေရာ၊ အဲ့ဒီအချိန်၊ အဲ့ဒီဒေသကို တပ်မတော်က လေကြောင်းတိုက်ခိုက်မှုဆောင်ရွက်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။

ဒါ့ကြောင့်လည်း ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းကို တပ်မတော်က လေကြောင်းနဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆရာ၊ ဆရာမ နှစ်ဦးနှင့် ကျောင်းသား၊ကျောင်းသူဦးရေ ၂၀ ခန့် ထိခိုက်သေဆုံးခဲ့ရတယ်ဆိုပြီး တရားမဝင်ပြည်ဖျက်မီဒီယာတွေက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်းကို လူမှုကွန်ရက်မီဒီယာတွေကနေ ကနဦးတုံ့ပြန်ဖြေရှင်းခဲ့သလို မေ ၁၃ ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွေမှာလည်း တရားမဝင်ပြည်ဖျက်မီဒီယာများရဲ့ မဟုတ်မမှန်သတင်းရေးသားဖြန့်ချိမှုဖြစ်ကြောင်း ထုတ်ပြန်ပေးခဲ့တာကို တွေ့ရပါတယ်။

ပြည်ဖျက်မီဒီယာတွေကတော့ ဒီပေါက်ကွဲမှုသတင်းတွေကို လုံးဝမရပ်တန့်ဘဲ လီဆယ်လုပ်ကြံရိုက်ကူးထုတ်လွှင့်နေခဲ့ကြပါတယ်။သစ္စာဖောက်ဝန်ထမ်း(DCS)ကထိကဟောင်း လောက်ကောင် ဒေါ်ရတီအုန်းကလည်း ဇာတ်လမ်းဇာတ်ကွက်နှင့်တကွ ပြည်ဖျက်မီဒီယာတွေနဲ့ အင်တာဗျူးပြုလုပ်ပြီး သတင်းအမှားကို လိမ်လည်အကောက်ကြံဝါဒဖြန့်လို့ မျက်ရည်ချူပြန်ပါတယ်။

ပြည်သူလူထုကို အလိမ်အညာမုသားတွေသုံးပြီး အစိုးရနဲ့တပ်မတော်ကို ပုံရိပ်ကျဆင်းအောင် လုပ်ကြံဖန်တီးထားတဲ့ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းရွာ စာသင်ကျောင်းပေါက်ကွဲမှုဖြစ်စဉ်အမှန်ကို အဲ့ဒီရွာက ဒေသခံတွေဆီကို ဆက်သွယ်ပြီး စုံစမ်းကြည့်ခဲ့ပါတယ်။ ဒီနေရာမှာ အကြမ်းဖက် NUGလက်အောက်ခံ PDFတွေရဲ့ခြိမ်းခြောက်မှုတွေကြောင့် ဆက်သွယ်ပြောကြားပေးတဲ့ ရွာသားနာမည်ကို ချန်လှပ်ထားလိုပါတယ်။ အိုးထိန်းတွင်းရွာစာသင်ကျောင်းကို အကြမ်းဖက် PDF တွေက သူတို့စခန်းအဖြစ်လုပ်ထားတာကြာပြီဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ သူတို့က မိုင်းတွေနဲ့ ဗုံးတွေကို ထုတ်လုပ်နေတာဖြစ်ပါတယ်။ ပေါက်ကွဲမှုဖြစ်တဲ့ မေ ၁၂ ရက် မနက်ပိုင်းက ကလေးတွေကို ဓာတ်ပုံရိုက်ဖို့အတွက် ကျောင်းကို ခေါ်ပြီးမှ သူတို့ PDF အဖွဲ့တွေ အစည်းအဝေးလုပ်မှာဖြစ်လို့ ကလေးတွေကို အိမ်ပြန်ခိုင်းခဲ့ပေမယ့် ကလေးတချို့ကတော့ မပြန်ဘဲ ကျောင်းဝင်းထဲမှာ ဆော့ကစားရင်း ကျန်ခဲ့တယ်လို့သိရပါတယ်။ အဲ့ဒီအချိန်မှာ စာသင်ကျောင်းထဲကနေ ကျယ်လောင်တဲ့ပေါက်ကွဲသံကို ကြားလိုက်ရတယ်လို့ဆိုပါတယ်။ ပေါက်ကွဲသံကြားလို့ စာသင်ကျောင်းဘက်ကို သွားကြည့်ကြပေမယ့် အကြမ်းဖက်PDFတွေက ကျောင်းအနားကို အလာမခံဘဲ သူ့တို့ရွာသားတွေကို မောင်းထုတ်ပြီး ပေါက်ကွဲမှုဖြစ်တဲ့နေရာကို သူတို့PDFအဖွဲ့ကပဲ ရှင်းလင်းမှုတွေလုပ်တယ်လို့ အဲ့ဒီရွာသားကပြောပြပါတယ်။ သူတို့ရဲ့ ခဲယမ်းတွေပေါက်ကွဲလို့ အခုဖြစ်တာမျိုးကို မသိအောင် အချိန်အကြာကြီးရှင်းလင်းမှုတွေလုပ်နေလို့ တချို့ကလေးတွေဆိုရင် ဒဏ်ရာအနည်းငယ်ရပေမယ့် အချိန်မီကုသမှုမခံရလို့ သွေးထွက်လွန်ပြီးသေဆုံးရတဲ့အထိဖြစ်ခဲ့တာလို့လည်း အဲ့ဒီရွာသားက ပြောပြပါတယ်။ အဲ့ဒီနေ့က သူတို့ရွာဘက်မှာ တပ်မတော်က လေယာဉ်ပျံတဲ့ အသံကို ဘယ်သူမှ မကြားမိဘူးလို့လည်း ပြောပြပါတယ်။ ဖြစ်စဉ်အမှန်ကတော့ ဒီလိုပဲဖြစ်ပါတယ်။

အခုလိုပြည်ဖျက်မီဒီယာတွေရဲ့ လိမ်လည်လုပ်ကြံဖန်တီးနေတဲ့ ဒီပေါက်ကွဲမှုဖြစ်စဉ်ကို အချက်သုံးချက်နဲ့ ယုတ္တိရှိ၊ မရှိ ဆန်းစစ်တင်ပြလိုပါတယ်။ပထမတစ်ချက်က အကြမ်းဖက် NUG လက်အောက်ခံ PDF တွေဟာ ကျေးလက်ဒေသတွေမှာရှိတဲ့ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ဘုန်းတော်ကြီးကျောင်းနဲ့ ဘုရားစေတီမွေ့ရုံတွေမှာ စခန်းချတပ်စွဲနေမှုဖြစ်ပါတယ်။ ထီးချိုင့်မြို့နယ် မရသိမ်ကျေးရွာစာသင်ကျောင်း၊ မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်း၊ ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ စာသင်ကျောင်းနဲ့ နန်းဦးကျေးရွာစာသင်ကျောင်း၊ ရေလယ်ကျွန်းဒေသ မြေတော်ကျေးရွာစာသင်ကျောင်း၊ကသာမြို့နယ် မိုးတားလေးကျေးရွာမှာရှိတဲ့ဘုရားစေတီပုထိုးများ၊ဘုန်းတော်ကြီးကျောင်းနဲ့စာသင်ကျောင်းစတဲ့နေရာတွေမှာ အကြမ်းဖက်သမားတွေ စခန်းချနေတာကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သွားရောက်တိုက်ခိုက်ရှင်းလင်းခဲ့ရတဲ့ဖြစ်စဉ်တွေရှိခဲ့တာကို တွေ့ရတယ်။



မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် နန်းဦးကျေးရွာရှိ စာသင်ကျောင်းမှ PDF အမည်ခံအကြမ်းဖက်သမားများ သို့ဝှက်သိမ်းဆည်းထားသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။

ဒုတိယတစ်ချက်အနေနဲ့ကတော့ သူတို့ အခြေပြုစခန်းလုပ်ထားတဲ့ စာသင်ကျောင်းတွေကို သိမ်းဆည်းရရှိတဲ့အခါ လက်လုပ်ခဲယမ်း၊ ဗုံးနဲ့ ဒုံးသီးမျိုးစုံသိုလှောင်ထားတာကိုတွေ့ရှိသိမ်းဆည်းရမိသလို အဲဒီခဲယမ်းတွေထုတ်လုပ်ဖို့လိုအပ်တဲ့ ဆက်စပ်ပစ္စည်းတွေကိုပါ သိမ်းဆည်းရရှိခဲ့တာကိုလည်း တွေ့ရှိရပါတယ်။



မုံရွာမြို့နယ် စည်သာကျေးရွာစာသင်ကျောင်းအတွင်းမှ လက်နက်၊ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများက စာသင်ကျောင်းအတွင်း လက်လုပ်ခဲယမ်းများ ပြုလုပ်နေမှုမှတ်တမ်းဓာတ်ပုံ။

တတိယအချက်ကတော့ အဲဒီလိုသိုလှောင်ထားတဲ့လက်လုပ်ခဲယမ်းတွေရဲ့ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် မတ် ၂၃ ရက် ရက်စွဲနဲ့ ပြည်ဖျက်မီဒီယာတစ်ခုကနေ ဖော်ပြထားမှုအရ ဒီပဲယင်းမြို့နယ်ထဲက အကြမ်းဖက်သမားတွေထုတ်လုပ်သိုလှောင်ထားတဲ့ လက်လုပ်ခဲယမ်းတွေ ပေါက်ကွဲမှုဖြစ်လို့ ထိခိုက်ဆုံးရှုံးခဲ့တယ်ဆိုတဲ့အကြောင်းဖြစ်ပါတယ်။




ဒီပဲယင်းမြို့နယ်တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ခဲယမ်းများပေါက်ကွဲခဲ့မှု သတင်းဖော်ပြချက်ကို တွေ့ရစဉ်။





ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းအတွင်း ပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံ။

ဒီလိုဆိုရင် အကြမ်းဖက်သမားတွေဟာ စာသင်ကျောင်းတွေမှာ စခန်းချတပ်စွဲမှု၊ သူတို့စခန်းချတပ်စွဲတဲ့နေရာမှာ လက်လုပ်ခဲယမ်းမီးကျောက်တွေကို ထုတ်လုပ်သိုလှောင်ထားမှုနဲ့ အဲဒီခဲယမ်းမီးကျောက်တွေ အချိန်မရွေးပေါက်ကွဲနိုင်မှုတို့ဟာ ဘယ်လိုမှ ငြင်းချက်ထုတ်လို့မရတဲ့ အမှန်တရားတွေဖြစ်ပါတယ်။အညာဒေသရဲ့ ပူပြင်းလှတဲ့ နွေရာသီမှာ သိုလှောင်ထားတဲ့လက်နက်ခဲယမ်းတွေပေါက်ကွဲပြီး ကလေးသူငယ်တွေကို ထိခိုက်စေခဲ့တာဖြစ်တယ်ဆိုတာ သေချာပါတယ်။

ဒီနေရာမှာ တစ်ခုစဉ်းစားရမှာက စာသင်ကျောင်းကို တပ်မတော်ကလည်း ဗုံးကြဲမှာမဟုတ်ပါဘူး။ ထွက်ပေါ်လာသည့် ဓာတ်ပုံမှတ်တမ်းတွေအရ သူတို့ပြောသလို လေယာဉ်ဗုံးဖြစ်နိုင်၊မဖြစ်နိုင်ဆန်းစစ်ကြည့်ကြပါ။ တကယ်သာ လေယာဉ်ဗုံးကြဲခဲ့တာဆိုရင် အခုထက်ပိုမိုပျက်စီးမှာဖြစ်သလို အနက် ၁၆ ပေ အကျယ်ပေ ၂၀ လောက်ရှိတဲ့ ကျင်းအနက်ကြီးတွေလည်း ဖြစ်သွားနိုင်ပါတယ်။ သူတို့ပြောသလို ပေါင် ၅၀၀ ဗုံးသာဆိုရင်တော့ ပျက်စီးမှုဧရိယာက ပေ ၁၆၀ ကနေ ပေ ၆၅၀ ထိ ပျက်စီးသွားမှာဖြစ်သလို အပိုင်းစတွေက ပေ ၁၆၀၀ ထိလွင့်စဉ်သွားမှာဖြစ်ပါတယ်။ နောက်ပြီး ဓာတ်ပုံတွေအရ ဒီလောက်ဆိုးရွားတဲ့ ထိခိုက်ပျက်စီးမှုမျိုးကို မတွေ့ရခြင်းကလည်း NUG နဲ့ ဒေါ်ရတီအုန်းတို့ရဲ့ လီဆယ်လုပ်ကြံဖန်တီးထားမှုကို ပိုမိုထင်ရှားစေပါတယ်။

ဒီသတင်းကို ဘာအတွက်ကြောင့် လီဆယ်လုပ်ကြံဖန်တီးထုတ်လွှင့်ရသလဲဆိုတဲ့အချက်ကို ဆန်းစစ်ကြည့်တဲ့အခါ အကြမ်းဖက်သမားတွေအနေနဲ့ (၁) စာသင်ကျောင်းကို တပ်စခန်းအဖြစ် အသုံးပြုနေတာကို ဖုံးကွယ်လိုခြင်း။ (၂) စာသင်ကျောင်းကို ခဲယမ်းတိုက်သဖွယ်အသုံးချမှုကြောင့် ကလေးများသေဆုံးခဲ့တာကို အကြောင်းပြုပြီး တပ်မတော်ကို အပြစ်ပုံချခြင်းဖြင့် တပ်မတော်ပုံရိပ်ကျဆင်းစေရန် အချိန်ကိုက်လုပ်ဆောင်လိုခြင်း။ (၃) NUG၊ PDF တို့အပေါ် ပြည်တွင်းပြည်ပ၏အာရုံစူးစိုက်မှုကျဆင်းလာသည်ကို ပြန်လည်မြှင့်တင်လိုခြင်း။ (၄) ယခုလုပ်ကြံသတင်းကတစ်ဆင့် နိုင်ငံတကာနဲ့ လူထုကို ချပြခြင်းဖြင့် လူထုသနားကြင်နာမှုကို ပြန်လည်ရယူပြီး ကိုယ်ကျိုးအတ္တအတွက် ထပ်မံအလှူခံစားလိုခြင်းတို့ကြောင့်ဖြစ်တယ်လို့ ယူဆမိပါတယ်။

အချုပ်အားဖြင့်ဆိုရရင်တော့ ဒီပဲယင်းမြို့နယ် အိုးထိန်းတွင်းကျေးရွာစာသင်ကျောင်းပေါက်ကွဲမှုဖြစ်စဉ်ဟာဆိုရင် NUG၊PDFနဲ့ပြည်ဖျက်မီဒီယာတွေပူးပေါင်းပြီး လုပ်ကြံဖန်းတီးထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ PDF တွေရဲ့ဉာဏ်ပညာကင်းမဲ့စွာနဲ့ စာသင်ကျောင်းကို စစ်စခန်း၊ခဲယမ်းတိုက်သဖွယ် အသုံးချခဲ့တဲ့အကျိုးဆက်ကြောင့် အခုလိုကလေးသူငယ်တွေသေဆုံးမှုဖြစ်ပွားခဲ့တာကို စိစစ်တွေ့ရှိရပေမယ့်ပြည်ဖျက်မီဒီယာတွေနဲ့ပူးပေါင်းပြီး တပ်မတော်ပုံရိပ်ကျဆင်းစေဖို့ ရည်ရွယ်ချက်ရှိရှိဇာတ်လမ်းဆင်ထိုးနှက်တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ပါတယ်။ ဗြိတိသျှစစ်ပညာရှင်ဆာရစ်ချက်ပြောသလို "ယနေ့ခေတ်စစ်ပွဲများသည် မီဒီယာမီးရောင်အောက်မှာ ဖြစ်ပွားကြရပြီးရှုပ်ထွေးတဲ့သဘောရှိသည်"ဆိုတဲ့အတိုင်း စစ်ပွဲမှာ အသာစီးရဖို့အတွက် မီဒီယာမျိုးစုံသုံးပြီး ဇာတ်နာအောင် ဝိုင်းဝန်းလိမ်ညာကြခြင်းဖြစ်ပါတယ်။ လုပ်ဇာတ်တွေခင်းကြပြီးမဟုတ်မမှန်ဝါဒဖြန့်ချိနေကြတာကလည်း ခေတ်သစ်စစ်ပွဲတွေမှာ ရန်သူရဲ့ခေါက်ရိုးကျိုးနေတဲ့ ဓလေ့စရိုက်ဖြစ်နေတာကို ပြည်သူများသတိပြုမိကြဖို့လိုပါတယ်။ ပြည်ဖျက်တရားမဝင်မီဒီယာတွေရဲ့ မုသားကို သကာဖုံးထားတဲ့ ဒီပဲယင်းက အိုးထိန်းတွင်းရွာရဲ့လိမ်ညာဝါဒဖြန့်ချိမှုများကို ပြည်သူများက အသိ၊သတိရှိရှိနဲ့ ဖြစ်စဉ်အကြောင်းရာသည် ယုတ္တိရှိ၊ မရှိ စဉ်းစားချင့်ချိန်သုံးသပ်နိုင်ကြစေရန် အကြံပြုရေးသားလိုက်ရပါတယ်။

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က "၂၀၂၅ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးမည့်အစီအစဉ်" အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့် တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးရာသီအလိုက် ထုတ်ချေးပေးလျက်ရှိရာ တောင်သူဦးကြီးများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေမှုသာ **(ယခင်ကြွေးကျန်ကင်းရှင်းမှုသာ)** ချေးငွေအသစ်ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးသော ဖွံ့ဖြိုးရေးချေးငွေ နှစ်တို၊ နှစ်ရှည်ချေးငွေများကိုလည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယခင်ချေးငွေ အရင်း၊ အတိုးများပါ ပြေကျေစွာ ပေးဆပ်ပြီးသည့် တောင်သူများသို့ မိုးရာသီစိုက်ပျိုးချိန်အမီ မေ ၁၉ ရက်မှစတင်၍ ယခင်နှစ်နည်းတူ တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးနေပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယခင်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသည့် တောင်သူလယ်သမားဦးကြီးများအနေဖြင့် ၂၀၂၅ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန်ဒါနိုင်ငံသား ၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် ယူဂန်ဒါနိုင်ငံသား ၂၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန်ဒါသံမှူးတနိုင်ငံသံရုံးမှ Ambassador H.E.Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ယူဂန်ဒါနိုင်ငံသား ၂၆ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၁၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၈၆ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၄၃၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၆၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိပြီး အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မူမှန်ပြက္ခဒိန် ရောင်းချမည်

နေပြည်တော် မေ ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၇-၁၃၈၈ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၅ ခုနှစ် ဇွန်လမှ စတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန(နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ကရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေဖြန့်ချီခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေနိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန် ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မေ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဓားပြဆန်ဆန် ဆက်ကြေးကောက်၊ လမ်းကြေးတောင်းနေကြတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကြောင့် အခက်တွေ့နေရသော ခရီးသွားပြည်သူများ"** ခေါင်းစဉ်ဖြင့် ၂၁-၅-၂၀၂၅ ရက်(**ဗုဒ္ဓဟူးနေ့**) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတကာထောက်ခံမှုရရှိဖို့အတွက် သတင်းလိမ်လည်ဖို့ ကြိုးစားလာတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မေ ၁၁ ရက်မှ ၁၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်တစ်ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက် ည ၈ နာရီမှ မေ ၁၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

ဝတ္ထုတိုကလျာ

# ငွေနှင့် ဂုဏ်သိက္ခာ

## မောင်နိုင်လင်း(ရိုးရွာ)



(၁)

နေလုံးက ပျောက်ကွယ်သွားခဲ့ပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်များနှင့် ဖုံးလွှမ်းနေသည်။ ကျွန်တော်အလုပ်ပြန်လာချိန်က ခါတိုင်းနေ့တွေထက်ပိုပြီးနောက်ကျနေသည်။ ကျွန်တော့်အလုပ်က အခြားမဟုတ်ပေ၊ ပန်းရန်သမား။ ဆရာအဖြစ်မဟုတ်သောကြောင့် အလုပ်ကြမ်းမှန်သမျှကျွန်တော် ပဲဒိုင်ခံလုပ်ရသည်။ သည်နေ့အလုပ်ထဲမှာ အတော်လေးပင်ပန်းလာခဲ့သည်။ ဗိုက်ကလည်း ဆာလောင်နေသည်။ အိမ်သို့ရောက်လာချိန်တွင် အဘွားက မထားရီနှင့် စကားများပြောနေသည်။ မထားရီက အခြားသူမဟုတ်။ ကျွန်တော့်ပန်းရန်ဆရာကိုဝင်းလွင်၏ ဇနီးဖြစ်သည်။ မထားရီက ကျွန်တော်နှင့်အဘွားအပေါ် အတော်လေးကောင်းသည်။ သူလာလျှင် ပေးစရာတစ်ခုခုပါလာတတ်စမြဲ။ ကျွန်တော့်ကို မြင်လျှင် မထားရီက–

"ပြန်လာပြီလား သက်နိုင်"

"ဟုတ်ကဲ့ မထားရီ"

"အရီးခင်မြ သက်နိုင်လဲ ရောက်လာပြီဆိုတော့ ထားရီပြန်အုံးမယ်။ ထားရီပေးတာ သေချာသိမ်းထားအုံးနော်။ အရီးခင်မြက မေ့တတ်လွန်းလို့ ထားရီက သတိပေးနေရတာ"

"အေးပါထားရီရယ် သေချာသိမ်းလိုက်ပါ့မယ်"

ကျွန်တော်သည် မထားရီပြန်သွားမှ လွယ်အိတ်နှင့်ဦးထုပ်ကို စားပွဲပေါ်တင်ပြီး မီးဖိုချောင်ဘက်သို့ ကူးလာခဲ့သည်။ အဘွားနှင့်နေရတာ အတော်လေး ဒုက္ခရောက်သည်။ အဘွားက အသက်ကြီးလာလို့လားမသိ နေရာတကာ မေ့တတ်လွန်းလှသည်။ ယခုလည်း ကြည့်ဦး ထမင်းတော့ချက်ထား၏။ ဟင်းအိုးပြင်နေစဉ် မထားရီ ရောက်လာပြီး စကားကောင်းနေတာနှင့် ချက်ဖို့ မေ့သွားဟန်တူသည်။

"အဘွားနဲ့လဲ ခက်ပါတယ်ဗျာ"

"ဟဲ့ ငါကဘာလုပ်နေလို့လဲ"

"ဘာလုပ်ရမှာလဲဗျ ဗိုက်ကဆာနေပါတယ်ဆိုမှ ဟင်းကချက်မထားဘူး"

"အဘွားရဲ့သတိက အဲဒီလိုပဲ ငါ့မြေးရယ်။ မေ့တတ်လွန်းလို့ သတိထားကာမှ ပိုပြီးဆိုးနေတယ်။ အဘွား ထားရီနဲ့ စကားကောင်းနေတာနဲ့ ဟင်းချက်ဖို့ မေ့သွားတယ်ကွယ်။ ငါ့မြေး ရေချိုးလိုက်လေ။ အဘွား ချက်လိုက်မယ်"

"နေပါစေအဘွားရယ်။ လမ်းထိပ်က ကိုစိန်မောင်တို့ဆိုင်ကပဲ လက်ဖက်ဝယ်ပြီး သုပ်စားတော့မယ်"

ကျွန်တော် အဘွားကို ဘာမျှမပြောတော့ဘဲ လမ်းထိပ်က ကိုစိန်မောင်တို့ဆိုင်ကို သွားရန် ပြင်လိုက်သည်။

"ဘယ်လဲ ငါ့မြေးရဲ့"

"ကိုစိန်မောင့်ဆိုင်ကို"

"ငါ့မြေးက အခုမှ အလုပ်ကပြန်လာတာ နားပါအုံး။ အဘွားပဲ သွားဝယ်လိုက်မယ်"

"ဖြစ်ပါ့မလားအဘွားရယ် မိုးတောင်ချုပ်နေပြီ"

"ဖြစ်ပါတယ်ကွယ်။ ဒီလမ်းဒီခရီးက ငါသွားနေကျလာနေကျ ဘာမှမဖြစ်ပါဘူး။ ပိုက်ဆံသာပေးစမ်းပါ"

အဘွားက ဇွတ်ပင်တောင်းနေသည်မို့ ယခုမှ ကိုဝင်းလွင်ပေးလိုက်သည့် ကျွန်တော့်ပူပူနွေးနွေး လုပ်အားခကို အဘွားထံ ပေးလိုက်၏။ အဘွားကို လက်ဖက်နှင့် ပဲကြော်ဝယ်ဖို့ပါ တစ်ခါတည်းပြောလိုက်သည်။ အဘွားသည် ချက်ချင်းမသွားသေးဘဲ အိမ်ထဲသို့ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ အဘွား လက်ထဲတွင် တောင်ဝှေးတစ်ချောင်းနှင့် လက်နှိပ်ဓာတ်မီးယူပြီး ထွက်သွား၏။ အဘွားကို ပြောမရ၍သာ ခွင့်ပြုလိုက်ရသည်။ နည်းနည်းမှစိတ်မချ။ ကိုစိန်မောင်တို့ဆိုင်က လမ်းထိပ်နားဆိုသော်လည်း အဘွားက အရင်လိုသွားနိုင်လာနိုင်တော့တာမဟုတ်။ အဘွားက အသက်ကြီးပြီမို့ မျက်စိမှုန်သေးသည်။ ကိုစိန်မောင်တို့ဆိုင်က နေဝင်မိုးချုပ်ဆိုလျှင် လာရောက်ဝယ်သူတွေက များပြားလွန်းလှသည်။

အချိန်အတော်လေးကြာမှ အဘွားပြန်ရောက်လာသည်။ အဘွားက လမ်းတွင် ကျပျောက်မည်စိုးပြီ အအမ်းငွေကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ယူလာ၏။ အဘွားက ရောက်ရောက်ချင်း အအမ်းငွေ ကျွန်တော့်ကို ပေးသည်။ ကျွန်တော်ရေတွက်မိစဉ် ကျွန်တော် မျက်လုံးများပြူးကျယ်သွား၏။ တုန်လှုပ်ချောက်ချားသွား၏။ အိတ်တစ်ခုလုံး မွှေနှောက်ရှာဖွေသည့်တိုင် ကျွန်တော်လိုချင်သည့်ငွေပမာဏမဟုတ်ပေ။

"အဘွား ကိုစိန်မောင်ကို အကြွေးပေးစရာများ ရှိသလား"

" မရှိပါဘူး ငါ့မြေးရယ် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲအဘွားရဲ့။ အဘွားကို ကျွန်တော် ပေးတာ ငါးထောင်တန်။ ငါးရာတန်မဟုတ်ဘူး အဘွားဝယ်လာတဲ့ဈေးဖိုး အားလုံးပေါင်းမှ ငါးရာထက် မပိုဘူး"

"ဟုတ်ရဲ့လား မြေးရယ်"

"ကျွန်တော်မဟုတ်ဘဲနဲ့ ပြောပါ့မလား။ အဘွားကို သူတို့ ငွေညစ်အမ်းလိုက်ပြီ။ ဒါသက်သက်မဲ့ လူလည်ကျတာ ဒီကိစ္စငြိမ်နေလို့မဖြစ်ဘူး။ လာ အဘွား သွားရှင်းမယ်"

"ခဏနေပါအုံးမြေးရယ်။ အဘွားစဉ်းစားပါရစေအုံး"

"ဘာမှစဉ်းစားစရာမလိုဘူးအဘွား။ ပြဿနာဆိုတာ သွေးပူတုန်းရှင်းတာကောင်းတယ်"

ကျွန်တော်သည် ပြောပြောဆိုဆို အဘွားကို ခေါ်ပြီး ကိုစိန်မောင်တို့ဆိုင်သို့ ဦးတည်လာခဲ့လေသည်။

(၂)

ကျွန်တော့်တစ်ကိုယ်လုံး သွေးများဆူပွက်နေသည်။ သည်ကိစ္စကို သိသိကြီးနှင့်ငြိမ်ခံနေလျှင် အတယ်ဟုထင်ဦးမည်။ သင်းတို့ကတော့ သည်လိုမျိုး ဘယ်နကြိမ်မြောက် လိမ်ညာမှားအမ်းနေမှန်း မသိနိုင်။ ကုန်စုံဆိုင်ကြီးဖွင့်ပြီး ကြီးပွားနေသည့်တိုင် သူများအပေါ် ညစ်တဲ့စိတ်က ရှိနေသေးသည်က အံ့ဩစရာ။ သည်ငွေလေးမဖြစ်စလောက်ကို သူတို့မို့ ယူရက်သည်။

ကျွန်တော့်မှာ သည်ငွေလေးရအောင် မနည်းရုန်းကန်ခဲ့ရသည်။ ဘိလပ်မြေတွေ ကိုင်ရ၊ ထမ်းရလွန်း၍ ခြေလက်တွေတောင် ပေါက်ပြဲကွဲအက်ခြင်းဒဏ်ခံခဲ့ရသည်။ ကိုစိန်မောင်တို့ဆိုင်ရှေ့သို့ ရောက်လာခဲ့သည်။ ကိုစိန်မောင်သည် ကျွန်တော့်ကိုမြင်လျှင် ပြုံးပြုံးချိုချိုနှင့် ကျွန်တော့်အနားသို့ရောက်လာသည်။ ကျွန်တော်သည် စိတ်မထိန်းနိုင်တော့ဘဲ အစောက ဝယ်လာသည့်ပစ္စည်းများနှင့် ကိုစိန်မောင့်မျက်နှာကို ပစ်ပေါက်လိုက်သည်။

ကျွန်တော်၏လုပ်ရပ်ကို ကိုစိန်မောင်၏ဇနီး မတင်လှ မြင်သွားသလို ဈေးဝယ်သူတချို့လည်း မြင်သွားသည်။ ထို့နောက် ကျွန်တော့်ကို စူးစိုက်အံ့ဩသောမျက်လုံးများဖြင့် ကြည့်နေကြသည်။ ဒေါ်ခင်မြသည် မြေး၏လုပ်ရပ်ကြောင့် မျက်နှာပူပြီး ခေါင်းတောင် မဖော်ရဲပေ။ ကိုစိန်မောင်က ဘာမျှမပြော။ နားမလည်သောမျက်ဝန်းနှင့် ငေးကြည့်နေသည်။ ထိုမြင်ကွင်းကိုမြင်သည့် မတင်လှက အနားသို့ ရောက်လာသည်။

"နင် ငါ့ယောက်ျားကို ကိုယ်ထိလက်ရောက် ပစ်ပေါက်စရာအကြောင်းမရှိဘူး။ ဘာမကျေနပ်တာလဲ ပါးစပ်နဲ့ပြော လက်မပါနဲ့"

"ကျုပ်ပါးစပ်နဲ့မတန်လို့ တန်ရာတန်ကြေးနဲ့ ဆက်ဆံတာ။ ခင်ဗျားတို့ဗျာ ဒီလောက်ငွေကြေးဥစ္စာပြည့်စုံလျက်နဲ့ မဖြစ်စလောက် ကျုပ်ငွေလေးကို ယူရက်တယ်။ ခင်ဗျားတို့ မရှက်ကြဘူးလား ဟင်"

"စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ သက်နိုင်။ ငါတို့က ဘယ်တုန်းကမှ သူများပစ္စည်းမယူခဲ့ဘူး။ ကောင်းရောင်းကောင်းဝယ်လုပ်စားနေတာ ဘာမှ ရှက်စရာ အကြောင်းမရှိဘူး"

ကျွန်တော်က ဟိုတစ်စဒီတစ်စလွင့်စဉ်သွားသည့် ပစ္စည်းတချို့ကို လိုက်ကောက်ပြီး ကိုစိန်မောင်တို့လင်မယားကို ပြလိုက်သည်။ ယခုမှပင် သူတို့သတိထားမိသည်။ မကြာသေးခင်ကမှ အရီးဒေါ်ခင်မြ သူတို့ဆိုင်ကလာဝယ်သွားသော ပစ္စည်းများနှင့် အအမ်းငွေတချို့။ သည်ဟာနှင့် ရန်စစရာ ဘာအကြောင်းမှမရှိဘူး။

"ငါ မင်းတို့နားလည်အောင် ဘယ်လိုရှင်းပြရမှန်း မသိဘူး စိန်မောင်ရယ်။ ဒါတွေဟာ ငါ့အပြစ်တွေပါ။ ငါ့မြေးက ငါ့ကို မင်းတို့ဆိုင်ဈေးဝယ်ဖို့ပေးတာ ငါးထောင်တန်တဲ့။ ငါးရာတန်မဟုတ်ဘူးတဲ့။ မင်းတို့ဆီက ဈေးဖိုးနဲ့ အအမ်းငွေပေါင်းမှ ငါးရာတောင် မပြည့်ဘူးတဲ့"

"ဗျာ"

"ရှင်"

အရီးခင်မြက ငိုကြီးချက်မနှင့်ရှင်းပြတော့မှ စိန်မောင်တို့လင်မယား အကြောင်းစုံကို သဘောပေါက်နားလည်သွားတော့သည်။ နှစ်ယောက်သား အကြည့်ချင်းဆုံမိကြသည်။ သူတို့ဘယ်လိုမှ မျက်စိမမှားနိုင်။ မှားပြီးအမ်းစရာလည်းအကြောင်းမရှိ။

"အရီးခင်မြ ငါ့ကိုပေးတာငါးရာတန်ပါ။ ငါးထောင်တန်မဟုတ်ဘူး"ဟု မတင်လှက ရှင်းပြသည်။

"ဘာ မဟုတ်ရမှာလဲ။ ကျုပ်လုပ်အားခကို ကျုပ်ဆရာ ကိုဝင်းလွင်ကိုယ်တိုင်ပေးလိုက်တာ ငါးထောင်တန်နှစ်ရွက်ဗျ။ ခင်ဗျားပစ္စည်းလဲ ပြန်ပေးပြီးပြီပဲ။ ကျုပ်ပိုက်ဆံပြန်ပေး"

"ဟုတ်မှမဟုတ်တာ မပေးနိုင်ပါဘူး"

"မပေးလို့ရမလား မပေးရင် ကျုပ် တစ်ဆိုင်လုံးကို ရိုက်ခွဲပစ်မှာ"

"နင် ထိရဲရင် ထိကြည့်လေ"

"ဘာလို့မထိရဲရမှာလဲ"

သက်နိုင်နှင့် ဇနီးဖြစ်သူ မတင်လှ တစ်ယောက်နှင့်တစ်ယောက် စကားများရန်ဖြစ်နေသည်ကိုကြည့်ပြီး ကိုစိန်မောင် လန့်တောင်လန့်နေ၏။ သက်နိုင်မျက်နှာသည် ငွေကြောင့် မီးလိုပူနေသည်။ ဘာမဆိုလုပ်မည့်သဘော။

"ကြားထဲက ငါပဲ တောင်းပန်ပါတယ် သက်နိုင်ရာ။ အဓိကက မင်းပိုက်ဆံ ပြန်လိုချင်တာမဟုတ်လား။ ငါပေးလိုက်မယ်"

ကိုစိန်မောင်သည် ပြောပြောဆိုဆို သူ့အိတ်ကပ်ထဲကပိုက်ဆံ ထုတ်ပေးလိုက်သည်။ သက်နိုင်တို့မြေးအဘွားလည်း ပိုက်ဆံပြန်ရပြီမို့ ပြန်သွားကြသည်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ကိုစိန်မောင်ရယ်။ ကျွန်မတို့က သူ့ပိုက်ဆံယူမှမယူတာ"

"ငါသိပါတယ်တင်လှရာ။ တစ်ခါတလေ ကိုယ့်ဘက်က မှန်နေရင်တောင် ဒါဟာအမှန်တရားပါလို့ ထောက်ပြစရာ မျက်မြင်သက်သေမရှိဘူးလေ။ ပြီးတော့ သက်နိုင်က ဒေါသနဲ့။ ငွေက သည်းခြေကြိုက်။ ဒီလိုမှမဖြေရှင်းရင် ပြဿနာက ပြီးမှာမဟုတ်ဘူး"

ကိုစိန်မောင် ရှင်းပြတော့မှ မတင်လှ ငြိမ်သက်သွား၏။

"အခု ဘယ်လိုလုပ်ကြမလဲ။ ပတ်ဝန်းကျင်က ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ်မသိဘဲ သွားပုပ်လေလွင့်ပြောတော့မယ်။ ကျွန်မတို့အလုပ်က ဂုဏ်သိက္ခာနဲ့လုပ်စားရတာ။ နာမည်ပျက်ရှိတဲ့ဆိုင်ကို ဘယ်သူမှ လာဝယ်မှာမဟုတ်ဘူး ကိုစိန်မောင်ရဲ့"

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံမြေပဲများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ရေဦး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦး ခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၉၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၁ ဒသမ ၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဆောင်းသီးနှံ မြေပဲ ၃၅၉၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

---

➤ စာမျက်နှာ ၂၄ မှအဆက်

(၃)

ပန်းသတင်းလေညင်းဆောင်၊ လူသတင်းလူချင်းဆောင်ဆိုသလို မနေ့ညကဖြစ်သွားသည့်သတင်းက တစ်ရပ်ကွက်လုံး ဟိုးလေးတကျော် ဖြစ်သွားသည်။ မတင်လှသည် ရှက်လွန်း၍ ဆိုင်တောင်မဖွင့် ပိတ်ထားသည်။ ကိုစိန်မောင်ခမျာ အကြောင်းစုံသိရဖို့အတွက် သက်နိုင်ဆရာ ကိုဝင်းလွင်အိမ်သို့ ရောက်နေသည်။ ကိုဝင်းလွင်ကလည်း သူပေးခဲ့တာ အမှန်ဖြစ်ကြောင်း ဝန်ခံသည်။ ကိုစိန်မောင်သည် သူလိုချင်သော အမှန်တရားကိုမရသည်မို့ စိတ်ပျက်စွာနှင့်ပြန်သွား၏။ ထိုအချိန်တွင် ကိုဝင်းလွင်မိန်းမ မထားရီလည်း အနားမှာရှိသည်။ မထားရီက ဘာမျှ ဝင်မပြောခဲ့ပေ။

သက်နိုင်တို့သတင်းက ဟိုးလေးတကျော် လူတိုင်းပါးစပ်ဖျားတွင် ပြောနေကြသည်။ မထားရီစိတ်ထဲတွင် ဇဝေဇဝါနှင့်ရှိနေခဲ့သည်။ မသေချာမရေရာသည်မို့ ဖြေရှင်းရန်လည်း ခက်နေပြန်သည်။ မထားရီသည် ကိုစိန်မောင်ပြန်သွားမှ စိတ်ထဲမတင်မကျဖြစ်နေသည့် အဖြေတစ်ခုကိုသိရဖို့အတွက် ခြေလှမ်းအစုံက အရီးခင်မြအိမ်ဘက်သို့ ဦးတည်မိခဲ့လေသည်။

"သက်နိုင် အရီးခင်မြရှိလား"

"ရှိတယ်။ အဘွားရေ ဒီမှာ မထားရီအလည်လာတယ်"

"အေး အေး လာပြီမြေးရယ်"

ဒေါ်ခင်မြ၏ပြန်ထူးသံကြားရသော်လည်း လူကဖြင့် အတော်နှင့် ထွက်မလာ။ ညက အဖြစ်အပျက်က ကျွန်တော့်ရင်ထဲတွင် ဆူပွက်နေဆဲပင်ဖြစ်သည်။

"လူတွေက မေတ္တာတရား အတော်လေးခေါင်းပါးတယ် မထားရီ။ မနေ့ညကပဲ ကြည့်လေ။ မျက်စိမှုန်တဲ့ အဘွားကြီးဆိုပြီး ကိုစိန်မောင်က ငွေညစ်အမ်းတယ်။ မထားရီပဲ စဉ်းစားကြည့်ပါဗျာ။ ဒီငွေလေးရဖို့ ကျွန်တော့်မှာ ဘယ်လောက်ထိပင်ပန်းခဲ့ရသလဲဆိုတာ ကျုပ်အသိဆုံး။ ဒါကြောင့်မို့ ကျုပ်ငွေ ကျုပ်ပြန်တောင်းတာ မှန်သလား၊ မှားသလားဗျာ"

"ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာ ဖြေရှင်းဖို့အတွက် ငါလာခဲ့တာပဲ သက်နိုင်"

"ဗျာ"

မထားရီစကားကြောင့် မယုံနိုင်အောင်ဖြစ်သွား၏။

"အခုပဲ ကိုစိန်မောင် ငါ့အိမ်က ပြန်သွားတာ။ သူ့ခမျာ ညတုန်းက အဖြစ်ကို အတော်စိတ်မကောင်းဖြစ်နေရှာတာ"

"နေပါအုံး။ ဘာကိစ္စ ကိုစိန်မောင်က မထားရီအိမ် လာရတာလဲ"

"မင်းပဲ ဒီငွေကို ငါ့ယောကျ်ား ကိုဝင်းလွင်ပေးတယ်လို့ ပြောလိုက်တယ်လေ"

" ဒါနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"ပတ်သက်တာပေါ့။ ကိုဝင်းလွင်ကို ပေး၊ မပေးလာမေးတာ"

"အဲဒီတော့"

"ကိုဝင်းလွင်က ပေးတဲ့အကြောင်းပြောလိုက်တာပေါ့"

"ဒါအဖြေပဲလေ၊ အမှန်တရားပဲလေ"

ကျွန်တော့်စကားကို မထားရီက ခေါင်းခါငြင်းသည်။

"တစ်ခါတစ်ရံ အမှန်တရားက အမှားလဲဖြစ်သွားတတ်တယ်။ သက်နိုင် မနေ့က မင်းပြန်မလာခင် အရီးခင်မြနဲ့ငါ စကားပြောနေတာ မင်းတွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်"

"ငါ မင်းအိမ်လာရင် လက်ဗလာနဲ့လာတာ တွေ့ဖူးလား"

"ဗျာ"

ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွား၏။ မထားရီက ကျွန်တော့်အိမ်လာလျှင် အမြဲလိုလို ပေးစရာဖြစ်ဖြစ်၊ စားစရာဖြစ်ဖြစ် တစ်ခုမဟုတ်တစ်ခု ယူလာတတ်သည်။

"ညက ငါအရီးခင်မြကို အခုပေါ်နေတဲ့ ငါးရာတန်အသစ်လေးတစ်ရွက်ကို သူစားချင်တာဝယ်စားလို့ရအောင်ဆိုပြီး ပေးခဲ့တယ် သက်နိုင်"

ထိုအချိန်တွင် အဘွား ကျွန်တော်တို့အနားသို့ ရောက်လာသည်။ မထားရီက အဘွားလက်ကို ဆုပ်ကိုင်ရင်း-

"အရီးခင်မြ ထားရီပေးတဲ့ ပိုက်ဆံကော ဟင်"

"ပိုက်ဆံ ဟုတ်လားထားရီ"

"လုပ်ပြီအဘွားရာ။ မနေ့ညက မထားရီက အဘွားသုံးဖို့ ပိုက်ဆံ ငါးရာပေးတယ်လေ။ အဲဒါဘယ်မလဲပြောစမ်းပါ။ ဝေ့လည်ကြောင်ပတ် မလုပ်ပါနဲ့အဘွားရာ သိပ်အရေးကြီးလို့ပါ"

ကျွန်တော့်အသံများ တုန်ခါနေ၏။ သိချင်စိတ်များ ပြင်းပြနေ၏။ အဘွားက တော်တော်နှင့်မဖြေနိုင်။ ဟိုဟိုဒီဒီနှင့် စဉ်းစားရခက်နေသည်။

"ခေါင်းအေးအေးထားစဉ်းစားကြည့်ပါအုံး အရီးခင်မြရယ်။ ဒီအဖြေဟာ အားလုံးအတွက် အသက်တမျှ အရေးကြီးနေလို့ပါ"

"ငါစဉ်းစားလို့ရပြီထားရီ၊ ထားတဲ့နေရာသိပြီ ငါ့မြေး"

"ဘယ်မှာလဲဟင် အဘွား"

"ဘယ်နေရာလဲ အရီးခင်မြ"

အဘွားသည် ကျွန်တော်တို့နှစ်ယောက်ကို သူ့အိပ်ခန်းထဲခေါ်လာခဲ့သည်။ သူ့ခုတင်အောက်က ရေနွေးအိုးအဟောင်းလေးတစ်လုံးကို ဆွဲယူနေတာတွေ့လိုက်ရ၏။ ကျွန်တော်နှင့်မထားရီ အဘွားလှုပ်ရှားသမျှကို စိတ်ဝင်တစားလိုက်ကြည့်နေ၏။

"ငါ စိန်မောင့်ဆိုင်မသွားခင် ဒီအိုးထဲကို မြေးပေးတဲ့ပိုက်ဆံလား၊ ထားရီပေးတဲ့ပိုက်ဆံလား တိတိကျကျတော့မသိဘူး ထည့်မိသေးတယ်။ ငါးထောင်တန်လား၊ ငါးရာတန်လားသိရအောင် ငါမြေးထုတ်ကြည့်လိုက်ပါ။ အဖြေရှင်းသွားတာပေါ့"

ကျွန်တော်တို့အားလုံးသိချင်နေသည့် အမှန်တရားတစ်ခုကို သက်သေထူဖို့အတွက် သည်အိုးလေးက အဆုံးအဖြတ်ပေးမှာ အမှန်ပင်ဖြစ်နေ၏။ သို့တိုင် ကျွန်တော့်စိတ်တွေ လေးနေ၏။ အဘွား၏မေ့တတ်မှုတွေကိုသတိမရဘဲ ငွေ၏ကြိုးဆွဲရာနောက်သို့လိုက်ခဲ့မိသည်။ တစ်ဖက်သား၏ဂုဏ်သိက္ခာကို ထိပါးစွပ်စွဲပြောဆိုခဲ့သည်။ အဘွား၏စကားသာ မှန်ခဲ့လျှင်ဟူသောအတွေးက လူကို တစ္ဆေအလားခြောက်လှန့်နေသည်။ ကျွန်တော့်လက်တွေ တုန်ယင်စွာနှင့် အိုးထဲကိုနှိုက်ယူထုတ်ကြည့်လိုက်သည်။ အဘွားနှင့်မထားရီ၏ မျက်ဝန်းအစုံက ကျွန်တော့်ထံ စူးစိုက်နေကြသည်။ ကျွန်တော့်လက်ထဲတွင်ပါလာသည့် ငါးထောင်တန်ငွေစက္ကူလေးကြောင့် အဘွားနှင့် မထားရီ ဟင်ခနဲ၊ ဟာခနဲ အံ့သြသံများနှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး မြေပြင်ပေါ်သို့ အရုပ်ကျိုးပြတ်ပမာ လဲကျသွားလေတော့သည်။

---

## လူကောင်းနှင့် လူဆိုး

– စကားကို အချိုပြောလေထင့်
မာယာနှောတဲ့ သူ့ရဲ့ဟန်၊
အပြင်လှကာ အတွင်းထဲတော့
စိတ်မွဲအမှန်၊
ကျီးအာသီး လားသဏ္ဍာန်
တူနေပြန် ထိုလူသား၊
စရိုက်အမူ အကျင့်ဆိုးတို့
စိုးမိုးလို့ထား။

– ကာလာအစုံ သူလှည့်စားလို့
ယုံတမ်းစကား ပြောတတ်သကို၊
အဆိုးမူ ဝါဒဖြန့်တော့
ခြေဆန့်ရင်းသို၊
ပေါင်းကြည့်မှ စိတ်ဝှက်ခို
အလိုလို တကယ်သိ၊
ထိုလူသည် အကျင့်စရိုက်တို့
မိုက်လုံးပေါ်၏။

– ဖေးမကူ မေတ္တာရှိလျှင်ပေ့ါ
ကောင်းစိတ်ညို့ ထိုလူသည်၊
မြင့်မြတ်ဂုဏ် အစဉ်အမြဲမို့
လက်တွဲကူမည်၊
အများတွက် ရင်တွင်းတည်
လူ့ဂုဏ်ရည် မိုးထက်လွှမ်း၊
လူတိုင်းအပေါ် စေတနာပိုက်လို့
နှစ်ခြိုက်လျှောက်လှမ်း။

– အမျိုးမှန်
အဖိုးတန် ဉာဏ်ကူထမ်းမယ်ပ့ါ
ဖြတ်သန်းရင်း တံခွန်ထူ၊
ချင့်ချိန်ရန် အဆုံးဖြတ်တို့
သုံးသပ်တတ်သူ၊
ပရစိတ် မွေးတဲ့လူ
နှစ်သဒ္ဒါဖြူ တည်တံ့၊
သီလလုံ ကောင်းသတင်းနဲ့
မွန်မြတ်ရှင်းသန့်။ ။

ရင်ခတ်ပန်း(စွယ်တော်)

---

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကျေနပ်ပါတယ်

ဇော်လေး

အိမ်မွေးတိရစ္ဆာန်လေးတွေကို အရေးတယူဂရုတစိုက်အချိန်ပေးပြီးပြုစုကြတဲ့မိသားစုကို အရင်ကတော့ တော်တော်အလုပ်ပိုလုပ်တဲ့လူတွေပဲ။ အချိန်လည်းပေးရသေး။ ခွေးစာ၊ ကြောင်စာအကုန်အကျလည်းရှိသေး။ နေထိုင်မကောင်းရင် တိရစ္ဆာန်ဆေးကုဆရာဝန်ဆေးခန်းကိုပြေးပြီး ပြသ၊ ကုသပေးရသေး။ လူ့ဘဝမှာ အကျိုးရှိမယ့်အလုပ်တွေ၊ အရေးကြီးတာတွေမှ အများကြီးပါဗျာ။ ဒီကြားထဲ ခွေးလေး၊ ကြောင်လေးတွေနဲ့ အချိန်ဖြုန်းနေတဲ့ လူစားမျိုးဆိုရင် အပြင်မှာ နှုတ်ကဘယ်သူ့မှ ထုတ်မပြောပေမယ့် စိတ်ထဲကတော့ တယ်ပြီးဘဝင်မကျလှဘူး။ သူများကိုမကဲ့ရဲ့တတ်ပါဘူး။ တစ်နေ့က ကဗျာဆရာတစ်ယောက်က နာမည်ကျော်စာရေးဆရာများဖြစ်ကြတဲ့ မင်းသုဝဏ်၊ ဒဂုန်တာရာ၊ တင်မိုး၊ ကြည်အောင်၊ ဇော်ဇော်အောင် စသည်ဖြင့် ဆရာကြီး ၁၂ ယောက်ကို လူတွေ့နှုတ်မေးအပြန်အလှန်အမေးအဖြေလုပ်ထားတဲ့ စာတစ်အုပ်ကို ဖတ်ခဲ့ရတယ်။

စတိုင်သစ်မဂ္ဂဇင်း၊ လှိုင်းသစ်စာပေအနုပညာနှင့်အတွေးအခေါ်မဂ္ဂဇင်း(၂၀၀၉) စသည်ဖြင့် မဂ္ဂဇင်းတွေမှာ ဖော်ပြခဲ့ပြီးသား ဆရာအောင်ဇင်မင်းရေးတဲ့ **"တွေ့ဆုံပုံရိပ်များ"** တွေ့ဆုံအမေးအဖြေစာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ်အနေနဲ့ ထုတ်ဝေခြင်းကိုဖတ်ရတယ်။

လိုရင်းပြောရရင်တော့ ဖွဲ့ဖွဲ့နွဲ့နွဲ့သိုင်းသိုင်းဝိုင်းဝိုင်း ရှည်ရှည်ဝေးဝေးမေးလေ့ရှိတဲ့ ဆရာအောင်ဇင်မင်းဟာ တိုတိုရှင်းရှင်းနဲ့ လိုရင်းကိုသာ ထိထိမိမိတိုက်ရိုက်ဖြေနေတဲ့ ဆရာဇော်ဇော်အောင်ရဲ့ အဖြေကို ပြုံးစိစိနဲ့ဖတ်ရမှတ်ရပါတယ်။

ဆရာဇော်ဇော်အောင်က ၁၉၃၇ ခုနှစ်ဖွား။ မုံရွာဆားလင်းကြီးသား။ အဖဦးဘသက်၊ အမိဒေါ်တုတို့ရဲ့ တစ်ဦးတည်းသောသား။ (တစ်ဦးတည်းသောသားတို့ရဲ့ ငယ်စဉ်ဘဝ ပတ်ဝန်းကျင်ကြောင့် မာဆတ်ဆတ် ပြောတတ်ဆိုတတ်ခြင်းဆိုတဲ့ သဘာဝလည်း ပါကောင်းပါမှာပေါ့) ၁၉၅၃ ခုနှစ်ဆယ်တန်းအောင်၊ မန္တလေးတက္ကသိုလ်တက်ခဲ့။ ရန်ကုန်တက္ကသိုလ်သို့ ပြောင်းရွှေ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာမြန်မာစာ ဂုဏ်ထူးဘွဲ့ရခဲ့တယ်။ အမည်ရင်းဦးဇော်မြင့်သက်။ ရန်ကုန်တက္ကသိုလ်မှာနည်းပြ၊ လက်ထောက်ကထိက၊ ကထိကတာဝန်ထမ်းဆောင်ရင်း **မောင်ဇော်**ကလောင်အမည်ဖြင့်စာပေသဘောတရားဆောင်းပါး၊ **ဇော်ဇော်အောင်ကလောင်**အမည်ဖြင့် လျှို့ဝှက်ထောက်လှမ်းရေးနှင့် စွန့်စားခန်းလုံးချင်းဝတ္ထုများ အုပ်ရေ ၄၀ ခန့် ရေးသားခဲ့တယ်။ ကဗျာ၊ စကားပြေ၊ ဝတ္ထုတို၊ ဝတ္ထုရှည် စာမျိုးစုံရေးတယ်။ ထင်ရှားပါတယ်။ စာရေးဆရာဇော်ဇော်အောင်(၁၉၃၇-၂၀၁၆)။ ဆရာပြောဆိုတဲ့ အဖြေစကားတွေထဲမှာ (၁) "ဒါသိပ်အရေးမကြီးလို့ပါပဲ။ ဒါ့ထက် အရေးကြီးတာတွေရှိနေတယ်လေ" တဲ့။ (၂) "တစ်နေရာမှာ ကဗျာအကြောင်းဆွေးနွေးငြင်းခုံခြင်းထက် အရေးကြီးတဲ့ကိစ္စတွေရှိနေတယ်လေ"တဲ့။ (၃) "အဲဒီလို မှော်မျိုးမြန်မာကဗျာတွေမှာ အခုရှိနေနိုင်ပါသလားဆိုတဲ့ မေးခွန်းအတွက် ကျွန်တော့်မှာအဖြေမရှိဘူး။ ရှေးက ကဗျာတွေထဲမှာ ရှိ မရှိ ကျွန်တော်မသိပါဘူး။ ဗရှိုးBasho ကိုကျွန်တော်ကြိုက်တယ်။ ကြိုက်ရတဲ့ အကြောင်းကတိုလို့။ ပြောစရာတွေတော့ အများကြီးပေါ့။ ဒါပေမယ့် မှော်ဆိုတဲ့ကိစ္စ၊ ကျွန်တော်မကြိုက်ပါဘူး။ သိပ်မရေးမကြီးပါဘူးဗျာ"တဲ့။

**အခုအချိန်မှာ ကျွန်တော်ရိုးရိုးရှင်းရှင်းနေချင်ပြီ။ ရိုးရိုးရှင်းရှင်းနေဖို့ကြိုးစားနေတယ်။ စာရေးတဲ့ကိစ္စမှာ ရိုးရိုးရှင်းရှင်းရေးတယ်။ ဘာသာစကားအသုံးရိုးတာ၊ စကားပြေရှင်းတာမျိုးကို ပြောတာမဟုတ်ဘူး။ ဘာမျှော်လင့်ချက်မှမထားဘူး။ ဘာရည်ရွယ်မျှော်မှန်းတာမှမရှိဘူး။ ရိုးရိုးရေးလိုက်တာ။ ရေးချင်လို့ရေးလိုက်တာဆိုတဲ့ အဓိပ္ပာယ်ပဲ။**

တကယ်တော့ စာရေးသူတို့ ကြောင်ချစ်မိသားစုဟာ လူ့ဘဝမှာ ခဏတာလေးသာရကြတဲ့အချိန်ကာလတိုလေးအတွင်း ကြောင်ကိုရေချိုး၊ မရောင်ရာဆီလူး၊ အလုပ်မရှိအလုပ်ရှာ၊ ကြောင်ကလေးသုံးကောင်၊ ခွေးသုံးကောင်အတွက် သံယောဇဉ်ကြိုးလေးတွေ ချည်နှောင်နေကြတာကို သံဝေဂရစရာလို မြင်လာမိပါတယ်။ ကြည့်ပါဦးဗျာ. . .။

အိမ်မှာရှိတဲ့ **လုံလုံ၊ လိမ္မော်၊ ဝါဝါ**ဆိုတဲ့ ကြောင်ကလေးသုံးကောင်ဆိုတာ သူတို့ရဲ့အမေ၊ သူ့အမေရဲ့ အမေ၊ အဖွား စသည်ဖြင့် မျိုးဆက်လေးဆက်ဆီက အဆင့်ဆင့်မွေးမြူလာခဲ့တဲ့ သံယောဇဉ်မိသားစုကြီး။ ဒီကြောင်ကလေးသုံးကောင်ရဲ့ ဘိုးဘွားဘီဘင် အိမ်မွေးကြောင်ကလေးတွေအကြောင်း မိမိသမီးနှစ်ယောက်ကို စာစီစာကုံးရေးခိုင်းခဲ့ဖူးတယ်။ သူတို့အထက်တန်းကျောင်းသူဘဝ။ သူတို့ငယ်ငယ်ကတည်းက ချစ်ခင်ယုယကျွေးမွေးပြုစုခဲ့ကြပုံတွေကို ကြည်နူးနှစ်သက်စရာ ခံစားချက်ပါပါရေးထားတော့ ဖတ်လို့တော်တော်ကောင်းခဲ့တယ်။ စာရေးသူက နိဒါန်းနဲ့နိဂုံးထည့်ပြီး ဆောင်းပါးအနေနဲ့ ဆရာနတ်နွယ်ရဲ့ နွယ်နီမဂ္ဂဇင်းကို ပို့ပေးလိုက်တယ်။ ချက်ချင်းပဲ ဆရာနတ်နွယ်က **"ကြောင်ကလေးသုံးကောင်"**စာမူကို နောက်လထုတ် နွယ်နီမဂ္ဂဇင်းမှာ ရသစာတမ်းငယ်၊ အစမ်းစာသဘောနဲ့ ထည့်သွင်းဖော်ပြပေးလိုက်တယ်။ လူနဲ့အိမ်မွေးကြောင်လေးတွေရဲ့ အပြန်အလှန်ချစ်ခင်လေးစားကြတဲ့ သံယောဇဉ်မေတ္တာဖွဲ့ ရသပေါ်လွင်လို့နေမှာပါ။ ၁၉၉၈-၁၉၉၉ ဆီကပါ။

ကြောင်မျိုးဆက် လေး၊ ငါးဆက်တိုင်တိုင် မိမိတို့မိသားစုရဲ့ ကျွေးမွေးစောင့်ရှောက်မှုနဲ့ ရှင်သန်နေခဲ့တဲ့ လုံလုံ အထီးတစ်ကောင်နဲ့ လိမ္မော်၊ ဝါဝါဆိုတဲ့ အမလေးနှစ်ကောင်ဟာ မိသားစုဝင်တွေလို ဖြစ်နေခဲ့တာ မထူးဆန်းတော့ပါ။ ရေစက်လို့ဆိုချင်ဆိုပါ။

တာဝန်ပေးခံရလို့ ရန်ကုန်မှနေပြည်တော်သို့ ရုတ်တရက် ပြောင်းရွှေ့လာရတော့လဲ သူတို့ ကြောက်လန့်ထွက်ပြေး လွတ်မသွားအောင် ပွေ့ပွေ့ပိုက်ပိုက်ခေါ်ခဲ့ရတယ်။ မိုင် ၂၀၀ ကျော်ခရီးမှာ။ အခြားအိမ်ထောင်ပရိဘောဂ၊ အိုးခွက်ပန်းကန်တွေထက်အရေးအကြီးဆုံးကကြောင်ကလေးသုံးကောင်ပဲ။

နေပြည်တော်မှာလဲ အိမ်ကမမြဲဘူး။ ပထမ ယာယီအိမ်မှာ ၄၊ ၅ လနေပြီး နောက်တစ်အိမ်ရွှေ့ရ။ တစ်နှစ်လောက်ကြာတော့ နောက်ထပ်တစ်အိမ်ပြောင်းရ။ တစ်နှစ်ခွဲလောက်ကြာတော့တစ်ခါ နောက်အိမ်တစ်အိမ်ပြောင်းရပြန်။ လူလောက်အသိဉာဏ်မရှိရှာတဲ့ကြောင်ကလေးတွေဟာ တစ်နေရာပြီး တစ်နေရာ အိမ်ပြောင်းတိုင်း စိုးရိမ်ကြောက်လန့်တဲ့ အမူအရာနဲ့ ဂနာမငြိမ်ဖြစ်ကြတာ တွေ့ရတော့ သနားမိကြတယ်။ အားမငယ်အောင် ပွတ်သပ်ယုယပြီး အားပေးနှေးထွေးစေရတယ်။

ကြောင်ချင်းတူပေမယ့် စရိုက်ချင်းတော့မတူကြဘူး။ စာလေး၊ ငှက်ကလေးတွေ ချောင်းပြီး ခုတ်စားတဲ့ကြောင်၊ လူလစ်ရင်စားပွဲပေါ်က ငါးကြော်၊ ငါးခြောက်၊ ပုစွန်ခြောက်တို့ကို အုပ်ထားတဲ့ အုပ်ဆောင်းလှန်ပြီး နှိုက်စားတတ်တဲ့ကြောင်၊ နေမကောင်းရင်လူနဲ့ဝေးဝေးနေတဲ့ကြောင်၊ နေမကောင်းရင် လူအနားပိုကပ်ပြီး ပူးပူးကပ်ကပ်နေချင်တဲ့ကြောင် စသည်ဖြင့် အကျင့်စရိုက်၊ အမူအရာကွဲပြားနေကြတာ သတိထားမိတယ်။ သား၊ သမီး၊ မြေးလိုဖြစ်နေပြီ။

အစာကျွေးဖို့ခေါ်ရင် နာမည်ခေါ်သူပဲလာတယ်။ လုံလုံခေါ်ရင် လုံလုံလာတယ်။ (သူကအထီးလေး) ဝါဝါရော လိမ္မော်ရောခေါ်မှ ဝါဝါနဲ့လိမ္မော်ကလာစားကြတယ်။ သူ့ခွက်နဲ့သူစားတယ်။ အခြားကြောင်ရဲ့ခွက်ကို ဝင်စားလေ့မရှိဘူး။ ပိုင်ရှင်ကြောင်က ဝလို့ထွက်သွားပြီဆိုမှ စားချင်တဲ့ကြောင်က စောင့်နေရာမှ ဝင်စားတယ်။ သူတို့မှာလဲ စည်းစနစ်ကို ကျင့်သုံးတာတွေ့ရတယ်။

စာ၊ ငှက်ခုတ်တဲ့ကြောင်မ ဝါဝါက ကြွက်လည်းခုတ်တယ်။ အခြားနှစ်ကောင်က စာတို့ကြွက်တို့ကို ဖမ်းလဲမဖမ်းဘူး။ စားလဲမစားဘူး။ စာရေးသူတို့စာကြည့်နေချိန်၊ ရုပ်မြင်သံကြားကြည့်နေချိန်များမှာ သူတို့ကအနားမှာ လာထိုင်နေကြပါတယ်။ သူတို့ကိုယ်သူတို့ မိသားစုဝင်တွေလို့ပဲ မှတ်ယူထားကြတယ်။ လူတွေပျော်ရင် သူတို့ပါပျော်ရွှင်တတ်ကြတဲ့ အမူအရာတွေ့ရတယ်။ စိတ်ချင်းကူးဆက်နားလည်သလိုပါပဲ။ သူတို့ကို သားသမီးလို သဘောထားလို့ ချိုချိုသာသာပြောဆိုပါတယ်။ ဆူခြင်း၊ ငေါက်ခြင်းမရှိဖူးခဲ့ပါ။

ဆောင်းတွင်းလို၊ မိုးအေးတဲ့ညမျိုးဆိုရင် သူတို့က လူတွေရဲ့အိပ်ရာထဲ တိုးဝင်အိပ်ချင်ပါတယ်။ တစ်ခါတစ်ရံပါပဲ။ အများအားဖြင့် ဧည့်ခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်းတွေမှာပဲ အိပ်ကြတာပါ။

ဆန်ကောတစ်ချပ်ထဲမှာ သဲပုံထည့်ထားပေးပြီး အိမ်မြေညီထပ် ရေချိုးခန်းဘေးမှာ အညစ်အကြေးစွန့်စေတယ်။ သူတို့ငယ်ငယ်တည်းက လေ့ကျင့်ပေးထားလို့ စည်းကမ်းတကျပါပဲ။ တစ်ပတ်တစ်ခါသဲကိုသွန်ပစ်၊ အသစ်ထည့်။ လဲလှယ်ပေးရတယ်။

အိမ်အကူ၊ လူပိုမရှိ။ ရုံးသွားသူကသွား။ ကျောင်းသွားသူကသွားဆိုတော့ အိမ်မှာကျန်ရစ်ခဲ့ရတဲ့ မိမိတို့ဇနီးမောင်နှံပဲ ခွေးစာ၊ ကြောင်စာချက်။ ကြောင်စာ၊ ခွေးစာကျွေး။ အိုးတွေခွက်တွေဆေး။ အသက်တွေကြီး၊ အိုမင်းကြတဲ့အရွယ်ရောက်ခါမှာ ချစ်စရာကြောင်ကလေး၊ ခွေးကလေးတွေကို သား၊ သမီး၊ မြေးတွေလို ချက်ပြုတ်ကျွေးမွေးနေရတယ်။

သူတို့ဆီက ကျေးဇူးအတုံ့အပြန်ဆိုလို့ ဘာမှပြန်ရစရာမရှိပါ။ ခွေးသုံးကောင်ကတော့ သူခိုးမကပ်အောင် ဟောင်တာ၊ ကိုက်တာမျိုးလုပ်ဖော်ရကောင်းရမှာပေါ့။ သူတို့ကို မနက်စာ၊ ညနေစာကျွေးဖို့ ကိုယ့်အလုပ်ဖြစ်နေတော့ စေတနာဖြူဖြူစင်စင်နဲ့ အကောင်းဆုံးလုပ်ပေးပါတယ်။ အလုပ်ဆိုတာကြီးတယ်ငယ်တယ်၊ အရေးပါတယ် အရေးမပါဘူး မခွဲခြားသင့်ဘူး။ ကိုယ်လုပ်နေရတဲ့ အလုပ်ကိုဘာပဲလုပ်ရလုပ်ရ အကောင်းဆုံးသာ အလုပ်အရည်အသွေးရှိအောင်လုပ်ရတာပဲ။ ဒါဟာ ပျော်စရာလဲကောင်းတယ်။ ဂုဏ်ယူစရာလဲကောင်းတယ်။ စေတနာပါတော့ပျော်ပါတယ်။ တောကြို့အုံကြား မိမိနေမကောင်း၊ ထိုင်မသာဖြစ်တဲ့အခါ မိမိရဲ့ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်တွေကပဲ ဖျားတာ၊ နာတာပျောက်အောင် ရှိရာဆေးဝါးလေးနဲ့ ကူညီဖေးမကုသပေးကြတာပဲလေ။ ရှေ့တန်းမှာပါတဲ့ ဆေးတပ်သားလေးစတဲ့ အနီးကပ်မိတ်ဆွေတွေပဲ အားကိုးရတာလေ။ ရှမ်းပြည်နယ်မှာချည်း ၁၇ နှစ်ကျော်။

ဆေးရုံလဲတက်ခဲ့ရဖူးပါတယ်။ ငှက်ဖျားရောဂါသေမလောက်ဖြစ်တာ လားရှိုးဆေးရုံမှာ နှစ်ပတ်လောက်တက်ရတယ်။ အဖျားပြင်းတော့ သတိမရတစ်ချက်၊ ရတစ်ချက်။ ခံတွင်းပျက်ပြီး အစာမစားနိုင်တော့ အရိုးပေါ်အရေတင်။ မျက်နှာဟာ မျောက်ခေါင်းအသွင်ဖြစ်သွားတာပဲ။ စစ်ဆေးရုံက ဒေါက်တာမြသိန်းဟန်နဲ့ဆရာဝန်များ၊ သူနာပြုများက မိမိကိုမသိမကျွမ်းဖူးပါဘဲနဲ့ ကုသကယ်တင်ခဲ့ကြတာမဟုတ်လား။ သူတို့ကျေးဇူးမမေ့ပါဘူး။ ကျေးဇူးရှိခဲ့ဖူးသူတွေနဲ့ ပြန်ဆုံခွင့်မရနိုင်တော့ ကျေးဇူးတင်ကြောင်းတောင်ပြောခွင့်မသာ။ သူတို့လိုပဲ မိမိကို လူချင်းမသိဘဲကျေးဇူးပြုပေးခဲ့ဖူးကြသူတွေ အများကြီးပေါ့။ သူတို့မဟုတ်ပေမယ့် အခြားအခြားသော လူတချို့ကို မိမိတတ်နိုင်သမျှ နီးစပ်ရာကိုယ့်ပတ်ဝန်းကျင်က ကိုယ့်ထက်ဒုက္ခဆင်းရဲရောက်ကြရသူတွေကို မိမိနိုင်သလောက် တတ်စွမ်းသမျှပံ့ပိုးပေးဝေ၊ ကူညီကျွေးမွေးရပေတာပဲ။ နေပြည်တော်မြို့နယ်များ၊ ပျဉ်းမနားအပါအဝင် တိုက်တာအိုးအိမ်တွေ ကြောက်ခမန်းလိလိ ပြိုကျပျက်စီး၊ ပိသူပိ၊ သေသူသေ၊ ခေါင်းကွဲ၊ ခါးကျိုး၊ ခြေကျိုး၊ ဘေးဒဏ်အမျိုးမျိုးရဲ့ ဖိထောင်းနှိပ်စက်ကို ခံစားကြရပြန်သူတွေ။ မိမိမျက်စိအောက်မှာတင် မြင်တွေ့နေရလေတော့ ခွေးကလေး၊ ကြောင်ကလေးတွေတောင် ဂရုတစိုက် ချက်ပြုတ်ကျွေးမွေးနေရသေးတာလေ။ ကိုယ့်မြို့၊ ကိုယ့်ရွာရောက်လာတဲ့ဒုက္ခသည် အရွယ်အမျိုးမျိုးတို့ကို မိမိတတ်စွမ်းသမျှ ဆန်၊ ဆီ၊ ဆေးဝါး၊ ငွေကြေးလေးများ (လုံးလုံးခဲခဲတော့လည်း မတတ်နိုင်ပါသော်လည်း) နှစ်ကြိမ်၊ သုံးကြိမ်တော့ ပေးဝေခဲ့၊ ပံ့ပိုးခဲ့ပါပြီ။ နောက်လည်းနိုင်သမျှတော့ ကျွေးမွေးပေးကမ်းရဦးမယ်။ လူသားအချင်းချင်း စာနာခြင်းသက်သက်ပါ။ ဘာအကျိုးမှ တုံ့ပြန် မမျှော်ကိုးပါ။ အပေးသက်သက်ဖြူစင်စေတနာ။ အရေးမပါဘူး၊ အရေးမကြီးဘူးဆိုချင်ဆိုစေ။ ကူညီနှစ်သိမ့်ရတာ စိတ်မှာကြည်နူးတာနဲ့ပဲ လုံလောက်ပါပြီ။ ကျေနပ်ပါတယ်။

# အင်းတော်မြို့နယ်တွင် နေကြာကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**အင်းတော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ တင်းထွက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၁၀၉၅၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ တင်းထွက်ရှိကြောင်း သိရသည်။

"အင်းတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၀၉၅၀ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို မိုးမှာထက် ဆောင်းမှာ အဓိကထား စိုက်ပျိုးကြတာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ကျားသောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဖြူး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျားသောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများ မေ ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျားသောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းနှင့်တစ်နာရီလျှင် ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

ဖြူးမြို့နယ် ကျားသောင်ကျေးရွာ၌ အရှည် ပေ ၁၇၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေကျပ် ၁၀၈ သိန်းဖြင့် ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ် ကြီးကြပ် ဆောင်ရွက်ပေးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဧပြီလ ဒုတိယပတ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဖြူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ပြောပြ၍ သိရသည်။

**ကိုညို**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကြက်ဥအလုံးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကြက်ဥအလုံးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကြက်ဥ အလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိကြက်ဥအလုံးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကြက်ဥအလုံးရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ မေလထဲမှာလဲ ကြက်ဥအရောင်းအဝယ်ကောင်းနေပါတယ်။ ညောင်တုန်းမြို့နယ်ကနေထွက်ရှိတဲ့ ကြက်ဥတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဥစားကြက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ကြက်အကောင်ရေ ၁၅၀၀ မှ ၂၅၀၀ ထိ မွေးမြူကြကြောင်း၊ ဥစားကြက်ကို မွေးမြူပါကအကောင်ရေ ၁၀၀၀ မွေးမြူလျှင် အထွေထွေကုန်ကျစရိတ်ငွေကျပ် သိန်း ၁၈ သိန်းမှ ၂၅ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း ညောင်တုန်းမြို့နယ်မှ မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကြာအင်းဆိပ်ကြီးမြို့နယ် လဝဆိပ်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး မေ ၁၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဝဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လဝဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လဝဆိပ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု အရင်း၊ အတိုးငွေစုစုပေါင်း ၄၀ ဒသမ ၇၂၁ သန်းရရှိနေပြီး စတုတ္ထနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အခြားလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို ရန်ပုံငွေကျပ် ၃၉ ဒသမ ၇၅ သန်း ထုတ်ချေးထားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသက်**

# ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျောက်စရစ်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**ထန်းတပင် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စရစ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး ကျောက်စရစ်ကုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကိုအများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ကျောက်စရစ်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ဂျပန်နိုင်ငံ (JMA) က မီးတောင်ပေါက်ကွဲမှုမှ မီးခိုးငွေ့များထွက်ပေါ်လာမှုကို အချိန်မီသိရှိနိုင်ရန် သတိပေးစနစ်များတပ်ဆင်သွားရန်စီစဉ်နေ



**တိုကျို မေ ၁၉**

ဂျပန်နိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ပြည်သူတို့၏ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သည့်အတွက် မီးတောင်အတွင်းမှ မီးခိုးငွေ့များ ထွက်ပေါ်လာသည်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် မီးတောင် ပတ်ဝန်းကျင်များတွင် အချိန်ပြည့် စောင့်ကြည့်တိုင်းတာပေးမည့်စနစ်များ တပ်ဆင်သွားရန် စီစဉ်နေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ(JMA) က ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဧပြီ ၂၅ ရက်ကတည်းက စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း မေ ၁၇ ရက်မှ တရားဝင်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်တွေဖြစ်ပေါ်လာရင် အချိန်မီသိရှိနိုင်ဖို့အတွက် သတိပေးစနစ်တွေ တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရင် မီးတောင်အတွင်းကနေ မီးခိုးငွေ့ထွက်ပေါ်လာမှုကိုတော့ အချိန်မီသိရှိနိုင်မဲ့ သတိပေးစနစ်တွေ မတပ်ဆင်ရသေးဘူး။ ဒီစနစ်တွေကို အမြန်ဆုံးတပ်ဆင်သွားနိုင်ဖို့ စီစဉ်နေပြီဖြစ်ပါတယ်" ဟု ဂျပန်မိုးလေဝသအေဂျင်စီ (JMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် ရှိသည့် မီးတောင်အားလုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါက အန္တရာယ်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မီးတောင်အန္တရာယ်နှင့်ပတ်သက်၍ သတိပေးချက်များကို အချိန်မီသိရှိရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

Ref : Sputnik News
Trs : Sai Sat

# ကန်တပ်ကီပြည်နယ်နှင့် မစ်ဆိုရီပြည်နယ်တို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၂၅ ဦးထိရှိလာ

**ဝါရှင်တန် မေ ၁၉**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်နှင့် မစ်ဆိုရီပြည်နယ်တို့တွင် မေ ၁၇ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် လေဆင်နှာမောင်းကြောင့် သေဆုံးသူ ၂၅ ဦးထိ ရှိလာပြီဖြစ်ကြောင်း United States Department of Home-land Security က ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

သေဆုံးသူ ၂၅ ဦးရှိပြီး သေဆုံးသူများအနက် ၁၇ ဦးမှာ ကန်တပ်ကီပြည်နယ်မှဖြစ်ပြီး ရှစ်ဦးမှာ မစ်ဆိုရီပြည်နယ်မှ ဖြစ်ကြောင်း၊ လေဆင်နှာမောင်းသည် ကန်တပ်ကီပြည်နယ်နှင့် မစ်ဆိုရီပြည်နယ်တို့ကို ဖြတ်သန်းခဲ့ပြီးနောက် မစ္စစ္စပီပြည်နယ်၊ တန်နက်စီပြည်နယ်နှင့် အိုဟိုင်းယိုးပြည်နယ်ဆီသို့ ဦးတည်တိုက်ခတ်ခဲ့ကြောင်း၊ ကန်တပ်ကီပြည်နယ်နှင့် မစ်ဆိုရီပြည်နယ်တွင် လေဆင်နှာမောင်းကြောင့် နေအိမ်များနှင့် အခြေခံအဆောက်အအုံအမြောက်အမြား ပျက်စီးခဲ့ပြီး ပျက်စီးမှုများကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

"ကန်တပ်ကီပြည်နယ်အတွက် ဝမ်းနည်းစရာကောင်းတဲ့ မနက်ခင်းဖြစ်ပါတယ်။ လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးတော့ ဒေသခံ ၁၇ ယောက် သေဆုံးသွားခဲ့တယ်"ဟု ကန်တပ်ကီပြည်နယ် ဝန်ကြီးချုပ် ဘီရှီးယားက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ပီရူးနိုင်ငံအလယ်ပိုင်းတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**လီမာ မေ ၁၉**

ပီရူးနိုင်ငံ အလယ်ပိုင်းတွင် မေ ၁၇ ရက်က ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ပီရူးနိုင်ငံပိုင် ဘူမိရူပသိပ္ပံက ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် အန်ဒင်းဒေသ လူကာနက်စ်ပြည်နယ်တောင်ပိုင်း အာရာချျူချျူမြို့၏ ၂၃ ကီလိုမီတာအကွာ အနက် ၆၇ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ပြင်းအားများသည့်အတွက် ထိခိုက်၊ သေဆုံးမှုနှင့် အပျက်အစီးစာရင်း အတိအကျကို စစ်တမ်းများ ကောက်ယူနေဆဲဖြစ်ကြောင်း ပီရူးနိုင်ငံ အာဏာပိုင်များက ပြောကြားခဲ့သည်။

"ငလျင်က ပီရူးနိုင်ငံအလယ်ပိုင်းမှာ အဓိက လှုပ်ခတ်သွားတာပါ။ အတော်လေးပြင်းထန်ပါတယ်။ မြို့ရဲ့လမ်းတချို့မှာ ပျက်စီးမှုတွေ ဖြစ်နေသလို အခြေခံအဆောက်အအုံနဲ့ လူနေအိမ်တချို့လဲ ပျက်စီးခဲ့ပါတယ်။ တိတိကျကျ ပြောနိုင်ဖို့တော့ စစ်တမ်းတွေ ကောက်နေပါတယ်"ဟု ဘူမိရူပသိပ္ပံမှ အကြီးအကဲဖြစ်သူ ဟာနန်ဒိုတာဗာရာက ပြောကြားခဲ့သည်။



ပီရူးနိုင်ငံသည် ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်လေ့ရှိသည့် ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် ငလျင်လှုပ်ခတ်မှုကို မကြာခဏ ခံရလေ့ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဗီယက်နမ်နိုင်ငံ ဘက်ကန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံကာ သွားလာရေးအခက်အခဲများ ဖြစ်ပေါ်

**ဟနွိုင်း မေ ၁၉**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဘက်ကန်ပြည်နယ်တွင် မေ ၁၇ ရက်နှင့် မေ ၁၈ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ကာ သွားလာရေး အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံပိုင် သတင်းအေဂျင်စီက မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုကြောင့် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဘက်ကန်ပြည်နယ်တွင် လူသုံးဦး သေဆုံးသွားခဲ့ပြီး သေဆုံးသူများမှာ ပြည်နယ်ဒေသခံများဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပြည်နယ်ရှိကြိုးတံတားနှစ်စင်းနှင့် လမ်းများ ပျက်စီးခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ သွားလာရေးအခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် မိုးနှင့်အတူ လေပြင်းများပါ တိုက်ခတ်ခဲ့သည့်အတွက် လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခဲ့ကာ နေအိမ်အများအပြား ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ဒေသခံများ၏စိုက်ပျိုးလယ်ယာမြေများလည်း ဆိုးရွားစွာရေနစ်မြုပ် ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။

လက်ရှိတွင် ရေဘေးသင့်ပြည်နယ် ဒေသခံများအတွက် လိုအပ်သော စားစရာ၊ သောက်သုံးရေ၊ ဆေးဝါးနှင့် တစ်ကိုယ်ရည်သုံးပစ္စည်းများ ပံ့ပိုးပေးရန်စီစဉ်နေပြီး ရေဘေးသင့်ပြည်သူများ နေထိုင်ရန် ယာယီရွက်ဖျင်တဲများ ဆောက်လုပ်ပေးသွားရန် စီစဉ်နေကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# အာဂျင်တီးနားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူဦးရေထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

**ဗျူနိုအေးရိစ် မေ ၁၉**

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်ပြည်နယ်တွင် မေ ၁၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားကာ ဒေသခံထောင်နှင့်ချီ၍ ဘေးလွတ်ရာရွှေ့ပြောင်းနေရကြောင်း ဗျူနိုအေးရိစ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မေ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန်မှာ မီလီမီတာ ၁၅၀ မှ မီလီမီတာ ၂၀၀ ထိ မြင့်တက်နေသည့်အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှု အဆိုးရွားဆုံး ဖြစ်ပေါ်နေသည့်မြို့မှာ ဇာရာတီမြို့နှင့် အာရီစီဖီမြို့တို့ဖြစ်ပြီး ၎င်းမြို့နှစ်မြို့ကြားတွင် ရှိသောဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိကြောင်း၊ လမ်းမကြီးတချို့ ရေလွှမ်းနေပြီး ၎င်းလမ်းမပေါ်တွင် ခရီးဝေးပြေးဆွဲနေသည့် ဘတ်စကားတချို့ပိတ်မိခဲ့ပြီး ခရီးသည် ၄၄ ဦးကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း ဗျူနိုအေးရိစ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် ဧရိယာများတွင် ဆန်အန်တိုနီယိုဒီအရီကိုဒေသလည်းပါဝင်နေပြီး ၎င်းဒေသတွင် ၂၄ နာရီကြာ မိုးရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေ ဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း၊ အဓိက ဆက်သွယ်သွားလာရေး လမ်းမများ ရေလွှမ်းနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းနေရသည့် ဒေသခံများကို ကယ်ဆယ်ရေး ဝန်ထမ်းများ အသက်ကယ်လှေများဖြင့် ရွှေ့ပြောင်းပေးနေရကြောင်း၊ ထို့ပြင် ပဲပိစပ်ရိတ်သိမ်းနေသည့် ကာလဖြစ်ပြီး ရေလွှမ်းမှုကြောင့် ပဲပိစပ်ရိတ်သိမ်းမှုကို ယာယီရပ်ဆိုင်းထားရကြောင်း၊ အာဂျင်တီးနားနိုင်ငံသည် ပြည်ပသို့ ပဲပိစပ်နှင့်ပတ်သက်သည့် ထုတ်ကုန်အများဆုံး တင်ပို့ရောင်းချသည့် နိုင်ငံဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ပဲပိစပ်စိုက်ခင်းတချို့ ပျက်စီးမှုများရှိခဲ့သည့်အတွက် ပဲပိစပ်ထုတ်ကုန်ကျဆင်းသွားဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat



# ရုရှားနိုင်ငံအတွက် အီရန်နိုင်ငံ၏ Fath-360 ပဲ့ထိန်းဒုံးကျည်များနှင့် လောင်ချာများပံ့ပိုးမှု

ကမ္ဘာ့ပထဝီနိုင်ငံရေး အခင်းအကျင်းပြောင်းလဲလျက်ရှိသကဲ့သို့ ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးသည်လည်း ပြောင်းလဲလျက်ရှိသည်။ အီရန်နှင့် ရုရှားအကြား နက်ရှိုင်းသော မဟာဗျူဟာမြောက် မဟာမိတ်အဖြစ် အချက်ပြသည့် ဖွံ့ဖြိုးတိုးတက်မှုတွင် အီရန်က Fath 360 နည်းဗျူဟာမြောက် မြေပြင်မှ မြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်များကို ရုရှားထံပေးပို့ရန် ပြင်ဆင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခတွင် ဘက်မညီတုံ့ပြန်မှုများဖြစ်သည့် ဒရုန်းဖြင့်တိုက်ခိုက်မှုသည် သက်ရောက်မှုများအားကောင်းလာကာ တွက်ခြေကိုက်သည့်နည်းလမ်းတစ်ခုအဖြစ် ထင်ရှားလာခဲ့ပါသည်။ ထို့နည်းတူစွာပင် ပစ်မှတ်နှင့် လက်နက်ကုန်ကျစရိတ် အချိုးအစားကိုက်ညီစေရန်အတွက်လည်း ရွေးချယ်လာပါသည်။ ယခုအခါ ရုရှားက ထိုကဲ့သို့သော ရွေးချယ်မှုများပြုလုပ်လာခြင်းကြောင့် အီရန်ထံမှ ဒုံးကျည်များတင်သွင်းမှုထိ ဖြစ်လာပါသည်။

ဤတိုးတက်မှုဖြစ်စဉ်သည် ယူကရိန်းရှိ စစ်မြေပြင်ဒိုင်းနမစ်ကို ပြန်လည်ပုံဖော်ထားပြီးသော လက်နက်လွှဲပြောင်းမှု ဆက်တိုက်ပြင်းထန်လာပြီးနောက် အီရန်နိုင်ငံထုတ်လုပ် Fath 360 တာတိုပစ် ဒုံးကျည်များ (SRBMs) ကို မကြာမီကာလအတွင်း ရုရှားနိုင်ငံသို့ တင်ပို့နိုင်ဖွယ်ရှိသည်ဟု ရိုက်တာသတင်းအေဂျင်စီက ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် အတည်ပြုပြောကြားခဲ့ပါသည်။ ဤပေးပို့မှု၏ အရေးပါမှုသည် စနစ်များ၏ စွမ်းဆောင်နိုင်မှုတွင်သာမက ယူကရိန်းတွင် ဖြစ်ပွားနေသည့်စစ်ပွဲအတွင်း နှစ်နိုင်ငံအကြားတိုးမြင့်လာသော စစ်ရေးပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက်သက်ရောက်မှုများ ရှိလာမည်ဖြစ်သည်။

အီရန်နှင့် ရုရှားတို့သည် လွန်ခဲ့သည့် နှစ်နှစ်အတွင်း ၎င်းတို့၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်ခဲ့ကြသည်။ နှစ်ဖက်စလုံးက အစောပိုင်းတွင် ငြင်းဆိုထားသော်လည်း အီရန်သည် Shahed စီးရီးဗုံးကြဲလက်နက်များနှင့် အမြောက်ကျည်များအပါအဝင် ထောင်နှင့်ချီသောဒရုန်းများဖြင့် ရုရှားကို ပံ့ပိုးပေးထားပြီးဖြစ်သည်ဟု အနောက်အုပ်စုထောက်လှမ်းရေးအဖွဲ့က အတည်ပြုခဲ့သည်။ နည်းဗျူဟာမြောက် ပဲ့ထိန်းဒုံးကျည်စနစ်များ ပါဝင်မှုသည် အီရန်အကူအညီ၏ အတိုင်းအတာနှင့် ထိုးစစ်လက်နက် အဆင့်မြှင့်တင်မှုကို ကိုယ်စားပြုလျက်ရှိသည်။ တာတိုပစ်ပဲ့ထိန်းဒုံးကျည် ၄၀၀ ကျော်ကို ရုရှားထံပေးပို့ခဲ့သည်ဟု အမေရိကန်အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်၏ တပ်မှူး ခရစ္စတိုဖာကာဗလီက ပြီးခဲ့သည့်လတွင် ကွန်ဂရက်သို့ တင်ပြခဲ့သည်။ အမျိုးအစားအတိအကျကို ထိုအချိန်က လူသိရှင်ကြား ထုတ်ဖော်မပြသော်လည်း ယခုအခါ Fath 360 သည် ပို့ဆောင်ပေးမည် သို့မဟုတ် မကြာမီဖြန့်ကြက်အသုံးပြုနိုင်မည့် စနစ်များတွင် ပါဝင်နေသည်ဟု သတင်းရင်းမြစ်များက ဖော်ပြထားသည်။ ထူးခြားသည်မှာ ယခုအချိန်ထိ Fath-360 ကို ရုရှားတပ်ဖွဲ့များက အသုံးပြုနေခြင်း သို့မဟုတ် ၎င်းတို့၏စစ်ဆင်ရေးဖွဲ့စည်းပုံတွင် ပေါင်းစပ်ထားသည့် အတည်ပြုသတင်းထွက်ပေါ်ခြင်း မရှိသေးခြင်းဖြစ်ပါသည်။

**Fath 360 ဒုံးကျည်**

BM-120 ဟုလည်း သိရှိကြသည့် Fath 360 သည် အီရန်နိုင်ငံထုတ်ဒုံးကျည်ဖြစ်သည်။ Fath 360 သည် မြန်နှုန်းမြင့်နည်းဗျူဟာမြောက် တာတိုပစ် ပဲ့ထိန်းဒုံးကျည်စနစ်ဖြစ်ပြီး အီရန်နိုင်ငံ၏ အာကာသလုပ်ငန်းအဖွဲ့မှ တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် ထုတ်ဖော်ပြသခဲ့သည့် အဆိုပါဒုံးကျည်သည် Fateh-110 ကဲ့သို့သော စနစ်ဟောင်းများထက် ပိုမိုသေးငယ်မြန်ဆန်ပြီး ပိုမိုတိကျသည့် အီရန်နိုင်ငံ၏ တာတိုပစ် ဘော်လစ်စတစ်ဒုံးကျည် (SRBM, Short-Range Ballistic Missile အမျိုးအစားတွင် နည်းပညာ ထိုးဖောက်အောင်မြင်မှုကို ကိုယ်စားပြုသည်။ အမြင့်ဆုံးအကွာအဝေး ၁၂၀ ကီလိုမီတာရှိမည်ဟု ခန့်မှန်းထားပြီး ၁၅၀ ကီလိုဂရမ်ထိ အလေးချိန်ရှိသော ထိပ်ဖူး တပ်ထားသည့် Fath 360 သည် လျင်မြန်စွာဖြန့်ကြက်မှု၊ တိကျသောပစ်မှတ်များနှင့် စစ်မြေပြင်အသုံးဝင်မှုအတွက် ဒီဇိုင်းထုတ်ထားသည်။ စနစ်တွင် လောင်စာအခဲသုံးမော်တာကို အသုံးပြုထားပြီး အရည်လောင်စာသုံးဒုံးကျည်များနှင့်နှိုင်းယှဉ်ပါက ပြင်ဆင်ချိန်ကိုလျှော့ချပေးသည်။ ၎င်းတွင် အမြောက်တပ်နေရာများ၊ ပံ့ပိုးပို့ဆောင်ရေးအချက်အချာနေရာများနှင့် ကွပ်ကဲမှုစင်တာများကဲ့သို့သော နည်းဗျူဟာမြောက်ပစ်မှတ်များကို တိုက်ခိုက်ရန်အတွက် အရေးကြီးသော တိကျမှန်ကန်မှုကိုပေးသည့် ပျံသန်းစဉ်လမ်းကြောင်းပြင်ဆင်မှုအတွက် ဂြိုဟ်တုလမ်းကြောင်းပြ (GNSS) စနစ်များ ပါဝင်ပါသည်။

မော်ဂျူလာပစ်လွှတ်မှုစနစ်သည် အထူးပြုဘီးတပ်ယာဉ်စနစ်များ သို့မဟုတ် ပြုပြင်မွမ်းမံထားသော လုပ်ငန်းသုံးထရပ်ကားများထံမှ လျင်မြန်စွာဖြန့်ကြက်ခွင့် ရရှိစနစ်ပါသည်။ ၎င်းသည် Fath 360 ကို ရွေ့လျားမှုနှင့် ရှင်သန်နိုင်မှုကို တိုးမြင့်စေပြီး အထူးသဖြင့် ယူကရိန်းကဲ့သို့ အမြောက်တန်ပြန်စနစ်နှင့် ဒုံးခွင်းဒုံးစနစ်များကို အဆက်မပြတ်အသုံးပြုနေသည့် ပတ်ဝန်းကျင်တွင်ဖြစ်သည်။

ဒုံးကျည်သည် အလေးချိန် ၇၈၇ ကီလိုဂရမ် (၁၇၃၅) ပေါင်ရှိပြီး ထိပ်ဖူးအလေးချိန်သည် ၁၅၀ ကီလိုဂရမ် (ပေါင် ၃၃၀) ရှိသည်။ အလျား ၃၀၃ ဒသမ ၇ လက်မ နှင့် အချင်း ၁၄ ဒသမ ၅ လက်မရှိသည်။ ထိရောက်မှုအကွာအဝေးသည် ကီလိုမီတာ ၃၀ မှ ၁၂၀ အတွင်းရှိပြီး ပစ်လွှတ်မှုအမြန်နှုန်းသည် အသံထက်သုံးဆ အမြန်နှုန်းရှိကာ ထိရောက်မှုအမြန်နှုန်းသည် အသံထက်လေးဆရှိပါသည်။ ပစ်မှတ်လွဲမှားနိုင်ချေမှာမီတာ ၃၀ အတွင်းသာရှိသည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၈ ရက်က အီရတ်နိုင်ငံမြောက်ပိုင်းရှိ KDPI အဖွဲ့တည်နေရာများကို တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည်ဟု သတင်းများထွက်ပေါ်ထားသည်။

**သက်ရောက်နိုင်ခြေရှိမှု**

အကယ်၍ တပ်ဖြန့်ထားပါက ရုရှားသည် Iskander-M ကဲ့သို့သော ပိုကြီးမားသည့်စနစ်များနှင့် ဆက်စပ်လျက်ရှိသော ပိုရှည်လျားသည့်ပြင်ဆင်မှုနှင့် ရန်သူမြင်နိုင်စွမ်းအန္တရာယ်များကို ရှောင်ရှားရင်း ယူကရိန်းရှေ့တန်းနေရာများကို မြင့်မားသောတိကျမှုဖြင့် တိုက်ခိုက်ရန်အတွက် Fath 360 ကို ပေါင်းစပ်နိုင်သည်။ ၎င်း၏ ရွေ့လျားမှုနှင့် တုံ့ပြန်မှုသည် အထူးသဖြင့် ဒွန်ဘတ်စ်နှင့် ယူကရိန်းတောင်ပိုင်းရှိ အမြန်ရွေ့လျားနေသောရှေ့တန်းတပ်များတွင် ပစ်ခတ်မှုနှင့် ကင်းထောက်မှုနည်းဗျူဟာအတွက် စံပြလက်နက်ဖြစ်စေနိုင်ပါသည်။ အဆိုပါ စနစ်သည် ထိုးစစ်ဆင်မှုများအတွင်း ယူကရိန်းကာကွယ်ရေးများကို ပြည့်နှက်စေခြင်း၊ ခိုင်ခံ့သောနေရာများကို ပစ်မှတ်ထားခြင်း သို့မဟုတ် ရှေ့တန်းရှိ ပံ့ပိုးပို့ဆောင်ရေးအချက်အချာများကိုဖျက်ဆီးခြင်းအတွက် အထူးသဖြင့် ထိရောက်မှုရှိမည်ဖြစ်သည်။ ၎င်း၏ အလွန်သေးငယ်သော အရွယ်အစားနှင့် အလိုက်သင့်လုပ်ဆောင်နိုင်သည့် လောင်ချာသည် ရုရှားနိုင်ငံမှ အသုံးပြုလေ့ရှိသော ပိုခက်ခဲသည့် ပဲ့ထိန်းစနစ်များနှင့်မတူဘဲ ဝေဟင်ထောက်လှမ်းခြင်းနှင့် ဂြိုဟ်တုခြေရာခံခြင်းမှ ပိုမိုထိရောက်စွာ ဝှက်ထားနိုင်သည်ဟု ဆိုလိုသည်။ ထို့ပြင် Fath-360s များ ပေါင်းထည့်ခြင်းသည် ရုရှားပြည်တွင်းပဲ့ထိန်းဒုံးကျည်များ သိုလှောင်မှုလျော့နည်းလာမှုအပေါ် ဖိအားများ သက်သာရာရစေမည်ဖြစ်ပြီး အများစုမှာ စစ်ပွဲစတင်ကတည်းက ယူကရိန်းအခြေခံအဆောက်အအုံများကို ပစ်မှတ်ထားစစ်ဆင်ရေးများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ကြပါသည်။

ဤမျှော်လင့်ထားသည့်ပေးပို့မှုသည် ရိုးရှင်းသော လက်နက်လွှဲပြောင်းမှုထက် ပိုမိုလျက်ရှိသည်။ ၎င်းသည် ယူကရိန်းပဋိပက္ခတွင် အီရန်၏အခန်းကဏ္ဍ သိသိသာသာ မြင့်မားလာမှုကို ထင်ဟပ်စေသည်။ လက်နက်များအပြင် အီရန်သည် အဆိုပါ ဒုံးကျည်စနစ်များအသုံးပြုရန် ရုရှားတပ်ဖွဲ့ဝင်များကိုလေ့ကျင့်သင်ကြားပေးမှုများတွင် ပါဝင်ခဲ့သည်။ ပိုမိုကျယ်ပြန့်သော နည်းပညာလွှဲပြောင်းမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် အီရန်စစ်ဘက်နည်းပြများသည် အီရန်နှင့် အီရန်အလယ်ပိုင်းတို့တွင် ရုရှားအရာရှိများကို လက်ခံလေ့ကျင့်ပေးခဲ့သည်ဟု သတင်းများက ဖော်ပြကြသည်။ ဒုံးကျည်စနစ်များသာမက UAV များ၊ ထောက်လှမ်းရေးနည်းပညာများနှင့် အီလက်ထရွန်နစ်စစ်ဆင်မှုဆိုင်ရာ အစိတ်အပိုင်းများပါဝင်သည့် ကာကွယ်ရေးသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ပူးပေါင်းဆောင်ရွက်မှု၏ အုတ်မြစ်ကို ယင်းသဘောတူညီချက်ဖြင့် ချထားခဲ့ခြင်းဖြစ်သည်။ အီရန်၏စေ့ဆော်မှုသည် ဘက်ပေါင်းစုံမှုဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အင်အားကြီးရုရှားနှင့် ၎င်း၏ မဟာမိတ်ဆက်ဆံရေးကို ခိုင်မာစေခြင်း၊ အနောက်အုပ်စု၏ဩဇာကို စိန်ခေါ်ခြင်း၊ စစ်မြေပြင်မှ သက်သေပြထားသောဒုံးကျည်နည်းပညာကို ထိပ်တန်းတင်ပို့သူအဖြစ် ရပ်တည်ခြင်းတို့ ပါဝင်ပါသည်။

ရုရှား-အီရန် ပူးပေါင်းဆောင်ရွက်မှုအဆင့်သစ်၏ သက်ရောက်မှုများသည် လေးနက်လျက်ရှိပါသည်။ ၎င်းသည် အနောက်နိုင်ငံများ၏ တားဆီးရေးကြိုးပမ်းမှုများကိုစိန်ခေါ်ပြီး ဒေသတွင်းလက်နက်ပြိုင်ဆိုင်မှုအသစ်ကို ဖြစ်ပေါ်စေသည့် အန္တရာယ်များဖြစ်သည်။ ယူကရိန်းတွင် ရုရှား၏စစ်ရေးဆင်ရေးအပေါ် အီရန်က ဆက်လက်ပံ့ပိုးမည်ဆိုပါက ပြင်းထန်သည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်ဟု အမေရိကန်နှင့် နေတိုးတို့က သတိပေးထားပါသည်။ တစ်ချိန်တည်းတွင် အစ္စရေးနှင့် ပင်လယ်ကွေ့နိုင်ငံများသည် အီရန်၏ ဒုံးကျည်လုပ်ငန်းကြီးထွားလာမှုကို သတိပေးမှုနှင့်အတူ တိုးမြှင့်တင်ပို့နိုင်မှုကို ရှုမြင်ကြသည်။ သံတမန်ရေးရာမျက်နှာစာတွင် ဤစစ်ရေးဆိုင်ရာပဋိပက္ခသည် အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ဆက်လက်ညှိနှိုင်းမှုများကိုရပ်တန့်စေပြီး တီဟီရန်အား အနောက်အင်အားကြီးနိုင်ငံများနှင့် ပိုမိုအထီးကျန်စေမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရုရှား၊အီရန်နှင့် လက်ရှိနိုင်ငံတကာလုံခြုံရေးဗိသုကာကို စိန်ခေါ်လိုသောနိုင်ငံများကြား မဟာဗျူဟာမြောက် မဟာမိတ်သစ်များအတွက် တံခါးဖွင့်ပေးနိုင်သည်။

အီရန်မှ Fath 360 ဒုံးပစ်လောင်ချာများကို ရုရှားထံပေးပို့ခြင်းသည် ယူကရိန်းပဋိပက္ခ၏ စစ်ရေးအတိုင်းအတာတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုဖြစ်သည်။ ရုရှားသည် ၎င်း၏ စစ်မြေပြင်စစ်ဆင်ရေးများကို အားကောင်းလာစေရန်အတွက် မဟာဗျူဟာမြောက် လက်နက်သစ်ကို ပေးဆောင်ထားပြီး ရုရှား-ယူကရိန်းပဋိပက္ခတွင် အီရန်၏ အဓိကကစားသမားတစ်ဦးအဖြစ် ရပ်တည်ချက်ကို ခိုင်မာစေပါသည်။ ဤလက်နက်များသည် ယူကရိန်းသို့ ရောက်ရှိလာနိုင်သည်နှင့်အမျှ နိုင်ငံတကာအသိုက်အဝန်းသည် ရုရှား၏ရည်မှန်းချက်များသာမက အီရန်၏ စစ်အင်အားမြှင့်တင်မှုဖြင့် ပုံဖော်ထားသည့်ပဋိပက္ခတွင် ပိုမိုအန္တရာယ်များသည့် ကဏ္ဍသစ်တစ်ခု ဖြစ်လာနိုင်သည်ကို စောင့်ကြည့်လျက်ရှိပါသည်။ သို့သော်လည်း အနောက်အုပ်စုနိုင်ငံများက ရုရှားအပေါ် ပံ့ပိုးလျက်ရှိသည့် လက်နက်များ စွမ်းပကားနှင့်နှိုင်းစာပါကပြောပလောက်ခြင်း မရှိပေ။

အချုပ်အားဖြင့်ဆိုရလျှင် အီရန်နှင့် ရုရှားတို့၏ ဆက်ဆံရေးမဟာဗျူဟာမြောက် အဆင့်တိုးမြင့်လာသကဲ့သို့ စစ်ဘက်ဆက်ဆံရေးသည်လည်း ခိုင်မာအားကောင်းလာခဲ့ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပေါ်ချိန်တွင် ရုရှားတို့၏ အီရန်နိုင်ငံထုတ် ဒရုန်းအများအပြားကို အသုံးပြုခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။ ရုရှားနိုင်ငံသည် အီရန်နိုင်ငံထုတ်ဒရုန်းကိုပင် ပုံစံတူပြုလုပ်၍ ထုတ်လုပ်သုံးစွဲလာကြောင်း သတင်းများအရ လေ့လာတွေ့ရှိရပါသည်။ ဤ ပဋိပက္ခ၌ အနောက်အုပ်စုနိုင်ငံများက ယူကရိန်းအပေါ် စစ်လက်နက် ပစ္စည်းမျိုးစုံကိုပံ့ပိုးနေချိန်တွင် အီရန်တစ်နိုင်ငံတည်းကသာ ရုရှားအပေါ် စစ်လက်နက်ပစ္စည်းများကို ပွင့်ပွင့်လင်းလင်း ပံ့ပိုးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ရုရှားနှင့် အီရန်တို့၏ စစ်ဘက်ဆိုင်ရာဆက်ဆံရေးသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

**- Iran to Supply Russia with Fath-360 Ballistic Missile Launchers for Battle field Use in Ukraine, Defense News, May 2025**

**မောင်ဝေလွှမ်း(သုတေသီ)**



အီရန်နိုင်ငံ၏ Fath – 360 ပဲ့ထိန်းဒုံးကျည်များကို တွေ့ရစဉ်။

# စပါးအထွက်နှုန်းတိုးတက်စေဖို့ ဆီလီကွန်မြေသြဇာကို အသုံးပြုကြပါစို့

စပါးသည် ကမ္ဘာ့လူသန်းပေါင်းများအတွက် အဓိက အစားအစာအဖြစ် ထောက်ပံ့ပေးသော သီးနှံတစ်ခုဖြစ်သည့်အပြင် အာရှရှိ လူဦးရေ ထက်ဝက်ခန့်အတွက် အရေးကြီးသော ကယ်လိုရီ အရင်းအမြစ်ကိုလည်း ထောက်ပံ့ပေးသည်။ တိုးပွားလာသော ကမ္ဘာ့လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ကမ္ဘာ့ စားရေရိက္ခာဖူလုံမှုကို ထိန်းသိမ်းရန်အတွက် စပါးအထွက်နှုန်းတိုးလာရန် လိုအပ်လာပါသည်။ ထို့ကြောင့် စပါးသည် ပြည်တွင်းနှင့်နိုင်ငံတကာတွင် လက်ရှိနှင့်အနာဂတ် အတွက် စားရေရိက္ခာဖူလုံရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

မြန်မာနိုင်ငံသည် ဆန်ကို အဓိကစားသုံးသည့် နိုင်ငံဖြစ်သည့်အပြင် စပါးကို အဓိကစိုက်ပျိုးသည့် နိုင်ငံလည်းဖြစ်ပါသည်။ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများ၊ ပြင်းထန်သော ရာသီဥတု အခြေအနေများ၏ အကျိုးဆက်များကြောင့် ရောဂါ၊ ပိုးမွှားနှင့်ရေကြီးခြင်း၊ ရေရှားပါးခြင်း၊ ဆားပေါက်ခြင်း၊ အပူချိန်မြင့်မားခြင်းဒဏ်ခံရမှု များလာကာ သီးနှံများ၏ အထွက်နှုန်းများ ထိခိုက် နေသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့အပြင် ကမ္ဘာ့ အပူချိန် တစ်ဒီဂရီတိုးလာတိုင်း စပါး အထွက်နှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျစေသည်။ မိုးခေါင်မှုကြောင့် ရေရှားပါးခြင်းသည် မြန်မာနိုင်ငံ၏ စပါးထုတ်လုပ်မှုအတွက် အဓိက ခြိမ်းခြောက်မှု တစ်ရပ်ပင်ဖြစ်သည်။

လယ်တွင်စိုက်ပျိုးသည့် စပါးပင်သည် ရေငတ်မှုကို ခံနိုင်ရည်မဲ့ပြီး မြေဆီလွှာအစိုဓာတ် အလွန်နည်းသွားသည့်အချိန်တွင် စပါးပင်ကြီးထွားမှုကို ဆိုးရွားစွာထိခိုက်စေသည်။ စပါးသည် ရေအနည်းငယ်ရရှိသောချိန်တွင် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိစေရန် အရွက်၏ကြီးထွားမှုကို လျှော့ချခြင်း၊ အရွက်ပေါ်ရှိလေပေါက်များပိတ်ခြင်း၊ အရွက်များလိပ်ခြင်း၊ အရွက်များအကြွေမြန်ခြင်း၊ အပင်အမြင့်လျော့ကျသွားခြင်း၊ ပင်ပွားများသေခြင်း၊ ပင်ပွားနည်းခြင်း၊ ပန်းပွင့်ချိန်နောက်ကျခြင်း၊ သန္ဓေအောင်မှုနည်းခြင်း၊ စပါးစေ့၏ အလေးချိန်ကျဆင်းခြင်းကိုဖြစ်ပေါ်စေသည်။ အချိန်ကာလကြာ မိုးခေါင်ခြင်းသည်စပါးပင်အတွက်လုံလောက်သော ရေနှင့်အာဟာရရှိမှုကို ထိခိုက်စေနိုင်သည်။ ထို့ပြင် စပါးသီးနှံကို ဆက်တိုက်စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းပြီးချိန်တွင် ကောက်ရိုးများကို စိုက်ကွင်းအတွင်းမှ ဖယ်ထုတ်ခြင်း၊ နိုက်ထရိုဂျင်၊ ပိုတက်စီယမ်နှင့်ဖော့စဖရတ် မြေသြဇာများ ဆက်တိုက်အသုံးပြုခြင်းကြောင့် မြေဆီလွှာအတွင်း ဆီလီကွန်ပါဝင်မှုများ ပိုမိုလျော့နည်းလာခဲ့သည်။

ဆီလီကွန်မြေသြဇာသည် စပါးအပါအဝင်အခြားသီးနှံများ၏ ကြီးထွားဖွံ့ဖြိုးမှု၊ အထွက်နှုန်း၊ အရည်အသွေးနှင့် ကျရောက်လာသော ပိုးမွှားအန္တရာယ်များကို ကာကွယ်ပေးသောကြောင့် ခေတ်မီစိုက်ပျိုးရေးတွင် အထောက်အကူဖြစ်စေပြီး အပင်အတွက်လိုအပ်သော အာဟာရတစ်မျိုးအဖြစ် လူသိများလာခဲ့သည်။ ဂျပန်နိုင်ငံမှ သုတေသီများနှင့် လယ်သမားများသည် သံလုပ်ငန်း၏ အကျိုးဆက်ဖြစ်သည့်သတ္တုဖြင့် ပျက်စီးနေသော စပါးစိုက်မြေများ၏ အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့်အတွက် ဆီလီကွန်ဓာတ်မြေသြဇာကို ၁၉၅၀ ပြည့်နှစ်တွင် ပထမဆုံး အသုံးပြုခဲ့ကြသည်။ ဆီလီကွန်ကို ကမ္ဘာမြေအပေါ်ယံလွှာရှိအောက်ဆီဂျင်ပြီးနောက် အပေါများဆုံးဒြပ်စင်ဖြစ်ပြီး ၎င်းကို ပမာဏများစွာဖြင့် တွေ့ရှိနိုင်သည်။ မြေဆီလွှာတွင် ဆီလီကွန်သည် အစိုင်အခဲ၊ အရည် (စုပ်ယူနိုင်သော) အဆင့်ဟူ၍ တွေ့နိုင်သည်။ အစိုင်အခဲပုံသဏ္ဌာန်ရှိသော ဆီလီကွန်များကို ဆီလီကွန်ပါဝင်မှုများသော အပင်များနှင့်သေးငယ်သော ဇီဝသက်ရှိအကြွင်း



ဆီလီကွန်မြေသြဇာ အသုံးပြုထားသည့် စပါးခင်းကိုတွေ့ရစဉ်။

အကျန်များ၊ ရာသီဥတုဒဏ်ကြောင့် ကြေမွပျက်စီးသွားသော ကျောက်ဆောင်များ (သို့မဟုတ်) နုန်းနှစ်များမှဖြစ်ပေါ်လာသော သတ္တုမြေများနှင့်သဘာဝပုံဆောင်ခဲများတွင် တွေ့နိုင်သည်။ ဆီလီကွန်ပါရှိသော သတ္တုဓာတ်များသည် မြေဆီလွှာတွင် ပျော်ဝင်နိုင်ပြီး အပင်မှအလွယ်တကူ စုပ်ယူနိုင်သည်။ ယေဘုယျအားဖြင့် လယ်ယာမြေများတွင် ပြင်းထန်သော ရာသီဥတုဒဏ်၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေတိုက်စားခြင်း၊ မြေဆီလွှာပြုန်းတီးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းများသည် မြေဆီလွှာအတွင်းမှ ဆီလီကွန်များ လျော့နည်းသွားစေသည်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးထားသော သီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးများ သိသိသာသာကျဆင်းလာခြင်းသည် သီးနှံပင်များ စိုက်ပျိုးထားသည့် မြေအများစုမှ ဆီလီကွန်ဓာတ် ရရှိရန် မလုံလောက်ခြင်းကြောင့်ဖြစ်သည်။ အပင်များတွင် ဆီလီကွန်ချို့တဲ့ခြင်းကြောင့် ရောဂါအမျိုးမျိုး၊ ပိုးမွှားများကျရောက်ခြင်းနှင့် အပင်များကျိုးခြင်း(ကုတ်ကျိုးခြင်း) အစရှိသည့် လက္ခဏာများကို စိုက်ခင်းများတွင် တွေ့ရလေ့ရှိသည်။ ထို့ကြောင့် ဆီလီကွန်မြေသြဇာများနှင့် ဆီလီကွန်ကို အခြေခံ၍ ပြုလုပ်ထားသော မြေသြဇာများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသည်။ ဆီလီကွန်မြေသြဇာကို ပုံစံအမျိုးမျိုးဖြင့် တွေ့ရသည်။ မြေဆီလွှာတွင် တိုက်ရိုက်ထည့်၍အသုံးပြုနိုင်သော ဆီလီကွန်မြေသြဇာများနှင့် ရွက်ဖျန်းမြေသြဇာအဖြစ် အသုံးပြုကြသည်။ ဆီလီကွန်မြေသြဇာများကို သုံးပြုရာတွင် အကျိုးသက်ရောက်မှု ပိုကြီးမားသော အပင်များမှာ စပါး၊ ကြံ၊ ပြောင်း၊ ဂျုံ၊ ဘာလီ၊ သခွား၊ ဖရဲ၊ ရွှေဖရုံနှင့် အလှစိုက်အပင်အမျိုးမျိုးတို့ဖြစ်သည်။ စပါးသီးနှံသည် မြက်မျိုးရင်းဝင်ပင်ဖြစ်သည့်အတွက် အခြားမျိုးရင်းများထက် ဆီလီကွန်စုပ်ယူနိုင်မှုမြင့်မားပြီး ပမာဏများများလိုအပ်သော သီးနှံဖြစ်သည်။ စပါးအထွက်နှုန်းတိုးလာစေရန်အတွက် ဆီလီကွန်ဓာတ်မြေသြဇာကို နိုင်ငံများစွာတွင် အသုံးပြုခဲ့ကြသကဲ့သို့ ၎င်းမြေသြဇာနှင့် ပတ်သက်သည့် သုတေသနများကို လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းက ပြုလုပ်လာကြသည်။

ရာသီဥတုပြောင်းလဲမှု အခြေအနေတွင် ဆီလီကွန်မြေသြဇာအသုံးပြု၍ မိုးခေါင်ရေရှားမှု အခြေအနေတွင် စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးနှင့်နည်းပညာ တက္ကသိုလ်တစ်ခုတွင် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်၊ ဖွန်လမှ နိုဝင်ဘာလထိ စပါးစိုက်ရာသီ နှစ်ရာသီတွင် သုတေသနပြုဆောင်ရွက်ခဲ့ပါသည်။ ၎င်းသုတေသနတွင် စပါးသီးနှံကို ဆီလီကွန်မြေသြဇာ (ရေလီတာ ၂၀၀ တွင် မီလီမီတာ ၄၀၀) ထည့်၍ ပင်ပွားထွက်ချိန်၊ ပန်းခိုင်စတင်သည့်အချိန်၊ ၅၀ ရာခိုင်နှုန်းပန်းပွင့်ချိန် နှင့်နို့ရည်တည်ချိန်တို့တွင် ပက်ဖျန်းခဲ့ပြီး စပါးပန်းမပွင့်မီ ၁၂ ရက်အလိုနှင့် ပန်းပွင့်ပြီး ၁၀ ရက်မြောက်နေ့တွင် ရေဖြတ်ထားခဲ့သည်။

အဆိုပါ သုတေသနလုပ်ငန်းများမှ စပါးပန်းမပွင့်မီနှင့်ပန်းပွင့်ပြီး အချိန် ၂၂ ရက်ခန့် ရေဖြတ်ထားသည့် အခြေအနေတွင် ဆီလီကွန်မြေသြဇာ အသုံးပြုခြင်းကြောင့် စပါးပင်၏ ကြီးထွားမှုတိုးလာခြင်း၊ ပင်ပွားအရေအတွက်၊ အရွက်အလေးချိန်၊ ပင်စည်အလေးချိန်၊ အရွက်ဧရိယာနှင့်အပင်အမြင့် သိသိသာသာမြင့်မားလာခြင်း၊ စပါးပန်းပွင့်ချိန်တွင် ရေပြတ်လပ်မှုကြောင့် ဖြစ်ပေါ်လာသော အင်ဇိုင်းပါဝင်မှုလျော့နည်းလာခြင်းတို့ကို တွေ့ရှိရသည်။ စပါးစေ့တွင်ပါဝင်သော အာဟာရဓာတ်များ မြင့်မားလာခြင်းနှင့် တစ်နံ့ပါအစေ့၊ တစ်နံ့ပါအောင်စေ့ စပါးအစေ့အလေးချိန် (ဂရမ်)နှင့် အထွက်နှုန်း မြင့်မားခြင်းတို့ကို တွေ့ရှိခဲ့သည်။ ဆီလီကွန်မြေသြဇာ သုံးပြုခြင်းကြောင့် အဝါရောင်စပါးဆစ်ပိုး၊ ရွက်လိပ်ပိုးနှင့် ဘက်တီးရီးယားရွက်ခြောက်ရောဂါ ကျရောက်မှုကို သိသိသာသာလျော့ကျလာသည်ကိုလည်း တွေ့ရှိရသည်။

စပါးသီးနှံတွင် ဆီလီကွန်မြေသြဇာအသုံးပြုခြင်းအားဖြင့် မြေဆီလွှာမှ အာဟာရဓာတ် (နိုက်ထရိုဂျင်၊ ပိုတက်စီယမ်၊ ဖော့စဖရတ်နှင့် သတ္တုဓာတ်များ) စုပ်ယူနိုင်မှု မြင့်မားခြင်း၊ အပင်များကို မာကျောစေခြင်း၊ ထောင်မတ်စေသည့်အတွက် အရိပ်ကျမှုနည်းခြင်း၊ အပင်၏ကြီးထွားမှုကို ကောင်းမွန်စေသည့်အတွက် အထွက်နှုန်းကောင်းခြင်း၊ ဆီလီကွန်သည် စပါးရွက်ရှိ ဖယောင်းလွှာတွင် အလွှာနှစ်ထပ်အနေဖြင့် တည်ရှိနေသောကြောင့် စပါးရွက်အတွင်း ရေဓာတ်၊ အလင်းမှီစုအစာဖွဲ့စည်းခြင်း၊ လေပေါက်အဖွင့်အပိတ်အပေါ်လွှမ်းမိုးခြင်း၊ အရွက်ထောင်မတ်ခြင်းနှင့် ပင်ငွေ့ပြန်မှုမြင့်မားချိန်တွင် ရေကြော၏ အနေအထားကို ထိန်းထားပေးခြင်း ဆဲလ်နံရံ တောင့်တင်းခိုင်မာခြင်း၊ တစ်ရှူးမာကြောခြင်းကြောင့် ရောဂါပိုးမွှားအန္တရာယ်ကျရောက်ခြင်းကို ကာကွယ်ခြင်းအစရှိသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

ဆီလီကွန်ဓာတ်မြေသြဇာများသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အဆိပ်သင့်မှုမရှိသောကြောင့် ဂေဟစနစ်ကို ထိန်းသိမ်းပေးပြီး ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် ကောင်းမွန်သည့်မြေသြဇာဖြစ်သည်။ ဈေးနှုန်းမကြီးသောကြောင့် "စမတ်ဓာတ်မြေသြဇာများ"ဟု ခေါ်ဆိုလာကြသည်။ ပြောင်းလဲလာသော ရာသီဥတုအခြေအနေတွင် စပါးအထွက်နှုန်းမြင့်မားလာစေရန်နှင့် ရောဂါပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆီလီကွန်မြေသြဇာ၏ အကျိုးသက်ရောက်မှုကို ထိုသုတေသနတွင် တွေ့ရှိရသည်။ မြေဆီလွှာတွင် ဆီလီကွန်ပါဝင်မှုကို ထိန်းသိမ်းရန် ရာသီတိုင်းတွင် သီးနှံတစ်မျိုးတည်းကို စိုက်ပျိုးခြင်းအစား သီးလှည့်စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးစိုက်ပျိုးသင့်သည်။ တောင်သူများ၏ ဆီလီကွန်မြေသြဇာ ဝယ်ယူအသုံးပြုမှုကို လျှော့ချရန်အတွက် သဘာဝမြေဆွေးများနှင့်ကောက်ရိုးများ၊ စပါးခွံများကဲ့သို့ ဆီလီကွန်ပါရှိသော အော်ဂဲနစ်ပစ္စည်းများကို ဆွေးမြည့်အောင်ပြုလုပ်ပြီးမှ မိမိစိုက်ခင်းတွင် အသုံးပြုသင့်ပါသည်။ ကောက်ရိုးနှင့်စပါးခွံများကို စိုက်ခင်းတွင် တိုက်ရိုက်ထည့်ခြင်းသည် အပင်မှစုပ်ယူနိုင်သော ဆီလီကွန်အဆင့် ထိရောက်ရန် နှစ်အတော်ကြာလိုအပ်သည့်အတွက် ဆီလီကွန်ပါဝင်သော ဓာတ်မြေသြဇာများကိုသာ အသုံးပြုနိုင်သည်။ သို့သော် ဆီလီကွန်သည် အယ်ကာလိုင်းဖြစ်သည့်အတွက် မြေချဉ်ငန်ဓာတ်ကိုတိုးစေပြီး မြေငန်မှုကိုဖြစ်စေသည့်အတွက် သင့်လျော်သည့်ပမာဏကိုသာ အသုံးပြုသင့်ကြောင်း အကြံပြုရေးသားလိုက်ပါသည်။

**ရွှေသီး(YAU)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ဧရာမ်ရီးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၀၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# DENTOMEC

FDA အမှတ်-2212 PCE 0013

DENTIST RECOMMENDED




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၀၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

၁။ ရုံးစာရေး အမျိုးသား (၁)ဦး

ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။

၂။ အထွေထွေ အမျိုးသား (၂)ဦး

မန္တလေးမြို့တွင်း နေထိုင်သူဦးစားပေးမည်။

သာသနာရေးအသင်းဖြစ်သည့်အတွက် ဘာသာရေးစိတ်ဝင်စားသူဖြစ်ရမည်။

အရက်သေစာ သောက်စားတတ်သူမဖြစ်စေရ။

လိုအပ်သော အထောက်အထားများနှင့်တကွ (၁၀-၆-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

ပရိယတ္တိသာသနဟိတအသင်း(ဦးလှသိန်းဗိမာန်)

၈၅ လမ်း၊ ၃၄ x ၃၅ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၀၉၀၀၄၄၁.၄၄၂.၄၄၃

## ပျောက်ဆုံးကြောင်း


မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၁၂၅)နေ မောင်ရဲလင်းအောင် (ဘ) ဦးမောင်ရွှေ(၉/အမဇ(နိုင်)၀၄၂၈၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၃၈၃၅၉၉

## ပျောက်ဆုံးကြောင်း


ကျောက်မဲမြို့၊ နမ့်ဟူးတောင်းအောက်နေ သျှီငေါင်းလိုင် (ခ) နောင့်နောင့် (ဘ) ဦးစိုင်းမောင်(၁၃/ကမန(နိုင်)၁၃၇၉၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၀၃၈၃၅၉၉


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်များရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ ယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။



**5 Digits** အောင်ဘာလေအွန်လိုင်းသိန်းဆုထီ **Application** ကို ဘယ်လို **Install** လုပ်မလဲ ?

5 Digits အောင်ဘာလေ ချန်ပီယံထီ

အဆင့် (၁)

iPhone ဆိုပါက Apple Store ကိုသွားပါ။

Android phone ဆိုပါက Play Store ကိုသွားပါ။


အဆင့် (၂)

Search Box တွင် **Aung Bar Lay** ဟု ရိုက်ရှာပါ။

Aung Bar Lay

အဆင့် (၃)

Get / Install ကိုနှိပ်ပါ။



aungbarlay.ird.gov.mm

မင်္ဂလာပါ

Call Center 777 (or) 09 677 000 777



# သင့်သွေးဖြင့် အသက်ကယ်ပါ


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၄၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင် ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေဖြည့်ဆည်း ထိန်းသိမ်းကြရပါမည်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်




ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်စဉ်။

နေပြည်တော် မေ ၁၉

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။

အဆိုပါသင်တန်း ဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် အဆိုပါသင်တန်းဖွင့်ပွဲများသို့

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

**မျိုးချစ်စိတ်တို့ ရှင်သန်စေသူရဲကောင်းတို့ ပျော်ရာမြေ** ဆောင်းပါး စာမျက်နှာ- ၂၀

**လိမ်ညာဝါဒဖြန့်ချိမှု ပြည်သူတွေ သတိပြု** ဆောင်းပါး စာမျက်နှာ- ၂၂

**၂၀၂၅ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ၏ သင်တန်းဆင်းပွဲများပြုလုပ်** စာမျက်နှာ- ၁၉

**ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံမြေပဲများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး** စာမျက်နှာ- ၂၅

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257